# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၄)ရက် ၊ တနင်္လာနေ့ ၊ (27-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၇၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်မြတ် အလှူခံရရှိတော်မူသော ဘဒ္ဒန္တသေဋ္ဌဉာဏာလင်္ကာရဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်

**ဝမ်းမြောက်စွာလျှောက်ထားအပ်ပါသည်ဘုရား-**

ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ယမန်နှစ်ကုန်ပိုင်းနှင့် ယခုနှစ် နှစ်ဦးအစတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပနေကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ရက်အရှည်ဆုံးကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရဘွဲ့တံဆိပ်တော်ရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ပေါ်ထွန်းစေချင်သည့် ဆန္ဒရှိပါသည်ဘုရား။

ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ဆရာတော်ကြီးများ အပြီးသတ်ဆုံးဖြတ်၍ ထုတ်ပြန်လာမည့် အောင်စာရင်းစောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ် ၇၇ ကြိမ်မြောက် ကျင်းပသောစာမေးပွဲကြီးတွင် အဘိဓမ္မာ(နောက်ပိုင်း)ဖြစ်သော ယမကနှင့် ပဋ္ဌာနဟူသော ခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ ခဲရာခဲဆစ်သဘောအဓိပ္ပာယ်များကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့သဖြင့်

**စာမျက်နှာ ၁၇ ကော်လံ ၁**

## ပြည်ပသို့ ရေခန်ပုစွန်တန်ချိန် ၅၉၄၆ ဒသမ ၁၈၇ တန် တင်ပို့ထား

ရန်ကုန် ဇန်နဝါရီ ၂၆

မြန်မာနိုင်ငံမှ ပနားမီးရေခန်ပုစွန်များ ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒီဇင်ဘာလထိ ရေခန်ပုစွန်တန်ချိန် ၅၉၄၆ ဒသမ ၁၈၇တန် တင်ပို့ထားကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ရေလုပ်ငန်းရှင်များသည် ရေခန်ပုစွန်များကို ပြည်ပသို့ တင်ပို့ရာတွင် တရုတ်နိုင်ငံသို့ ပြုတ်၍ ဂျပန်နိုင်ငံသို့ အေးခဲ၍ တင်ပို့လျက်ရှိပြီး ပြည်ပသို့ လက်ရှိထက် ပိုမိုတင်ပို့နိုင်ရန် ပင်လယ်ပြင်တွင် ဖမ်းဆီးမှုထက် တိုးချဲ့မွေးမြူမှုရေးကို ဆောင်ရွက်လိုကြသည်။

"ပြည်ပဈေးကွက်ထိုးဖောက်ဖို့ မြန်မာ့ပနားမီးကို ကမ္ဘာက သိဖို့လိုပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မိုးရာသီရေခန်ပုစွန်မွေးမြူရာမှာ ရေခန်နှုန်းကျဆင်းတာကြောင့် ပုစွန်ကြီးထွားနှုန်းကျဆင်းတာ၊ ရောဂါပိုးဝင်တာတွေဖြစ်ခဲ့တာရှိပါတယ်။ ဒါကြောင့် မွေးမြူရေးလုပ်ငန်းရှင်တွေအနေနဲ့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ မိုးရာသီကာလ ပုစွန်လျှော့မွေးပြီး နွေရာသီမှာ ပိုပြီးမွေးမြူထုတ်လုပ်ဖို့ ဆောင်ရွက်နေကြပါတယ်။ မွေးမြူမှုတိုးလာတဲ့အတွက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်မှာပါ။ ပြည်ပဈေးကွက်လည်း ဒီထက်ပိုပြီးပွင့်လန်းဖို့ မျှော်လင့်နေပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောပြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁** ❑



ပြည်ပသို့တင်ပို့သည့် ရေခန်ပုစွန်များကို တွေ့ရစဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# တိပိဋက သာသနာ့အာဇာနည် (၁၇)ပါးမြောက် ဂုဏ်ယူဖွယ်ပေါ်ထွန်း

၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို ၂၄-၁၂-၂၀၂၄ မှ ၂၅-၁-၂၀၂၅ထိ ၃၃ ရက်တိုင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး၊ ရက်အရှည်ဆုံးစာမေးပွဲကြီးအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အဆိုပါစာမေးပွဲကြီးတွင် အရှင်သေဋ္ဌညာဏာလင်္ကာရသက်တော် ၄၅ နှစ်၊ သိက္ခာတော် ၂၃၀၊ တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ ၁၇ ပါးမြောက် သာသနာ့အာဇာနည်ဆရာတော်အဖြစ် ဂုဏ်ယူဖွယ် ပေါ်ထွန်းတော်မူခဲ့ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးကို မြန်မာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ် (၁၉၄၈ ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်အထိ ၇၇ ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်သည်။ ပထမအကြိမ်မှ ၂၀၂၄ ခုနှစ်က ကျင်းပပြီးစီးခဲ့သော (၇၆) ကြိမ်ထိ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ၁၆ ပါးပေါ်ထွန်းခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ နှစ်မခြားဘဲ ယခု ၂၀၂၅ ခုနှစ် ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် (၁၇)ပါးမြောက်အဖြစ် အံ့သြလေးစားကြည်ညိုဖွယ် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋကဝိနည်း ပထမပိုင်းနှစ်ကျမ်း၊ ဝိနယပိဋကဝိနည်း ဒုတိယပိုင်းသုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မပိဋက အဘိဓမ္မာပထမပိုင်း ငါးကျမ်းနှင့် အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်းတို့ကို တိပိဋကဓရဘွဲ့အတွက် အာဂုံပြန်ဆိုရသည်။ ထို့ပြင် တိပိဋကကောဝိဒဘွဲ့အတွက် ကျမ်းစာအုပ်ပေါင်း ၁၀၀ကျော်မှ အဓိပ္ပာယ်များကို သဘောရေးဖြေစာမေးပွဲဖြေဆိုတော်မူရပြီး အောင်မြင်တော်မူမှသာ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ခံယူရရှိတော်မူခြင်းပင်ဖြစ်ပါသည်။

ယခု ၁၇ ပါးမြောက် ပေါ်ထွန်းလာသော သာသနာ့အာဇာနည်ဆရာတော် အရှင်သေဋ္ဌညာဏာလင်္ကာရသည် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် သင်ရိုးပိဋကဋ္ဌသုံးပုံဟုဆိုအပ်သော ဝိနည်း၊ သုတ်၊ အဘိဓမ္မာကျမ်းတို့ကို ခက်ခဲနက်နဲစွာလေ့လာကျက်မှတ်၍ သတ်မှတ်အချိန်အတွင်း သတ်မှတ်စာမျက်နှာနှင့် ကျမ်းစာအသီးသီးကို အာဂုံပြန်ဆိုနိုင်ခဲ့သည်။ ပိဋကတ်တော်တို့၏ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။ ထို့ကြောင့် တိပိဋကဓရ တိပိဋကကောဝိဒသာသနာ့အာဇာနည် အရှင်သူမြတ်အဖြစ်သို့ရောက်ရှိရန် မည်မျှခက်ခဲပင်ပန်းလှကြောင်းကို တွေးကြည့်ရုံဖြင့်ပင် အံ့သြလေးစားဖွယ်ချီးကျူးပူဇော်ဖွယ် ကြည်ညိုဦးခိုက်ဖွယ်ကောင်းလှသည်ကို တွေ့ရပါသည်။

ယခု ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတို့မှ ထွက်ပေါ်လာသော စာအောင်သာသနာ့အာဇာနည်အရှင်သူမြတ်များသည် ပိဋကတ်ကျမ်းစာများကို သင်ယူတတ်မြောက်အောင် ကြိုးစားအားထုတ်တော်မူပြီး မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးတည်တံ့ပြန့်ပွားစည်ပင်တိုးတက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြခြင်းဖြစ်ပါသည်။ တရားတော်မြတ်များကို အေးအေးလူလူ အားထုတ်ကျင့်ကြံနေနိုင်ပါသော်လည်း သာသနာပြုလုပ်ငန်းများကို စွမ်းအားရှိသမျှ ကြိုးပမ်းအားထုတ်တော်မူခဲ့သည့် ချီးကျူးလေးစားဖွယ် သာသနာ့အာဇာနည်အရှင်သူမြတ်များပင်ဖြစ်ပါသည်။ ယခုကဲ့သို့ဗုဒ္ဓသာသနာတည်တံ့ခိုင်မြဲရေးအတွက် (၁၇)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒသာသနာ့အာဇာနည်အဖြစ်နှစ်မခြားဘဲ ထပ်မံပေါ်ထွန်းလာခြင်းသည် ဖြစ်ခေါင့်ဖြစ်ခဲထူးခြားမွန်မြတ်မှုအဖြစ်လည်းကောင်း၊ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပမှုအဖြစ်လည်းကောင်း တွေ့မြင်ရသည်ဖြစ်ရာ အထူးပင်ကြည်နူးဝမ်းမြောက်မိပါကြောင်း လေးစားကြည်ညိုစွာ ရေးသားအပ်ပါသည်။

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဘဲဥအလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ဘဲဥအလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်သူဇာမြင့်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းဘဲဥအလုံးရေ ၄၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ဘဲဥအလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်က ထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ဘဲဥအလုံးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိဇန်နဝါရီလထဲမှာလဲ ဘဲဥတွေ အရောင်းအဝယ် ကောင်းနေပါတယ်။ ဘဲဥဈေးကောင်းရတဲ့ အဓိကအချက်က ဥစားဘဲမွေးမြူတဲ့သူတွေ လျော့နည်းလာတာကြောင့်ပါ"ဟု ကျိုက်လတ်မြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာမြင့်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဥစားဘဲမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင် ဘဲအကောင်ရေ ၁၀၀၀ မှ ၂၀၀၀ ထိ မွေးမြူကြကြောင်း၊ အဆိုပါဒေသထွက် ဘဲဥများကို ကတ်များဖြင့်ထည့်ပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဘဲဥအလုံးရေ ၁၀၀ လျှင် အရွယ်အစားလိုက် ငွေကျပ် ၃၅၀၀၀ မှ ၃၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျိုက်လတ်မြို့နယ် မွေးမြူရေးထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**



## ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၄၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၆၉၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၇၀၈၉ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၉၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ကုလားပဲဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ကုလားပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးနည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း ၈ နှင့် ရေဆင်း ၁၁ မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ ပဲမျိုးစုံစိုက်ပျိုးချိန်တွင် သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲတတ်စေရေး နည်းပညာပေးခြင်းနှင့် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေးတို့ကို စည်းရုံးပညာပေးခြင်း လုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဝင်ငွေရရှိမည့်အပြင် ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ရာ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကော့သောင်းမြို့နယ် ဘန်းကချွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး စစ်ဆေး

**ကော့သောင်း ဇန်နဝါရီ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘန်းကချွန်ကျေးရွာအုပ်စု ဘန်းကချွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ဇန်နဝါရီလ ၂၅ ရက်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့သောင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်း၊ ကော့သောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြမုံဖူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဘန်းကချွန်ကျေးရွာအုပ်စု ဘန်းကချွန်ကျေးရွာ၌ လက်တူးတွင်းပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်နိုင်ရေးနှင့် ရေသန့်စင်စက်တပ်ဆင်နိုင်ရန်အတွက် ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာဝင်းက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့် ကျေးရွာမှတာဝန်ရှိသူများကို လာမည့်ဘဏ္ဍာနှစ်တွင် လက်တူးတွင်း ပြန်လည်ပြုပြင် မွမ်းမံဆောင်ရွက်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ကော့သောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘန်းကချွန်ကျေးရွာ၌ ကျေးလက်နေပြည်သူများအနေဖြင့် သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိစေရန်အတွက် လက်တူးတွင်းပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာ၌ အဆင်ပြေ လွယ်ကူလာစေရန် မြေပြင် အခြေအနေများကို လုပ်ငန်းများ မစတင်မီကြိုတင် ကွင်းဆင်း စစ်ဆေးတိုင်းတာခြင်း ဖြစ်ကြောင်း သိရသည်။

**နွဲ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ အကွက်(၈၆၂)၊ချမ်း/တောင်နေ ဒေါ်ခင်ဝင်းမိသားစုက ဦးဗိုအားရည်စူး၍ ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာ ဦးညွှန့်သန်းက လက်ခံရယူစဉ်။

# မြောင်မြို့နယ်တွင် နှမ်းကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၆ ဒသမ ၃၈ တင်းထွက်ရှိ



**စစ်ကိုင်း ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၆ ဒသမ ၃၈ တင်းထွက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၉၀၄၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ခုနှစ် ဒီဇင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၉၀၄၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာနှမ်း ၁၉၀၄၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စိုက်ခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရန်အတွက် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နှမ်းသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ဆက်လက်ပြောပြ၍သိရသည်။

(၂၀၆)

# စလင်းမြို့ မောင်ကော့ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောင်ကော့ကန်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး ခြင်းကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံ အဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါနည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့်ကာလများနှင့်ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မောင်ကော့ကန်ကျေးရွာ၌ နဝမအကြိမ် ထုတ်ချေးမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈ ဒသမ ၂၅ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မောင်ကော့ကန် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေး လုပ်ကိုင်လုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၇ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၈ဒသမ ၂၅သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းစိုး**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကောက်ရိုးမှို ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကောက်ရိုးမှိုပိသာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဦးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် နိုဝင်ဘာလအတွင်းက ကောက်ရိုးမှိုပိသာချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကောက်ရိုးမှိုပိသာချိန် ၆၄၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ လက်ရှိကောက်ရိုးမှိုတွေထွက်ရှိနေပါတယ်။ ဓနုဖြူမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့တာများပါတယ်။ ဒီဇင်ဘာလအတွင်း ကောက်ရိုးမှိုပိသာချိန် ၆၄၀၀၀ ကျော်ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ လက်ရှိ ဇန်နဝါရီလထဲမှာလဲ မှိုတွေကို ရန်ကုန်ဈေးကွက်ကကုန်သည်တွေ ဝယ်ယူမှု များပြားနေပါတယ်။ ပြည်ပဈေးကွက်ကိုတင်ပို့နိုင်မယ်ဆိုရင် အခုထက် အရောင်းအဝယ်ကောင်းလာမှာ ဖြစ်ပါတယ်"ဟု ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဦးက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ကောက်ရိုးမှို များကို လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကောက်ရိုးမှိုပိသာချိန် တစ်ပိသာလျှင် ငွေကျပ်၂၀၀၀၀ ထိဈေးပေါက်နေကြောင်း ဓနုဖြူမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဦးက ပြောပြ၍ သိရသည်။

အဆိုပါ ဓနုဖြူမြို့နယ်မှ ထွက်ရှိသည့် ကောက်ရိုးမှိုများ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များ အလုပ်အကိုင်အခွင့်အလမ်းရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# နိုင်ငံခြားနှင့်ဘာသာစကား

ချစ်နိုင်(စိတ်ပညာ)

ကမ္ဘာပေါ်တွင် လက်ရှိဘာသာစကားပေါင်း ၅၀၀၀ ဝန်းကျင်ရှိကြသည်ဟု သိရသည်။ အချို့ဘာသာစကားက နိုင်ငံတကာမှ အလေးထားအသုံးပြုရလောက်အောင် အရေးပါသည်။ ဥပမာ ပြင်သစ်ဘာသာစကားနှင့် ပြင်သစ်စာ။ နိုင်ငံအချင်းချင်း ချုပ်ဆိုသောနှစ်နိုင်ငံသဘောတူညီချက် ချစ်ကြည်ရေး၊ စစ်ပြေငြိမ်းရေးစာချုပ်များတွင် နှစ်ဖက်ဘာသာစကားအသီးသီးအပြင် ပြင်သစ်ဘာသာနှင့်လည်းတစ်စောင်ပါဝင်ရလေ့ရှိ၏။ ပြင်သစ်စာပေက အလွန်သေချာတိကျသဖြင့် အဓိပ္ပာယ်ကွဲလွဲ ငြင်းခုံရခြင်းမရှိဟု ကြားသိမှတ်သားဖူးပါ၏။ တစ်ကမ္ဘာလုံးတွင် လူဦးရေအလွန်များပြားကြသော တရုတ်နှင့်အိန္ဒိယအပါအဝင်အသုံးအတွင်ကျယ်ဆုံးကတော့ အင်္ဂလိပ်စာဖြစ်ပါသည်။ ၁၉ ရာစုနှင့် ၂၀ ရာစုရှေးဦးပိုင်းကာလများတွင် အင်္ဂလိပ်စာသည် အင်္ဂလိပ်ကိုလိုနီနယ်ချဲ့နှင့်အတူ နိုင်ငံတကာသို့ ပျံ့နှံ့ခြေဆန့်ခဲ့ရာ ကမ္ဘာတစ်ဝန်းလုံး အသုံးအများဆုံး ဖြစ်ခဲ့ရလေတော့၏။ အမေရိကန်၊ ဥရောပနှင့် အာရှ၊ အာဖရိကတိုက်ရှိ နိုင်ငံပေါင်းတစ်ရာကျော်က အသုံးပြုနေကြသဖြင့် အင်္ဂလိပ်စာပေသည် နိုင်ငံတကာပျံ့လေသည်။

နိုင်ငံခြားသို့သွားလျှင် ထိုနိုင်ငံ၏ဘာသာစကားကို အသုံးပြုနိုင်လျှင် အကျိုးရှိပါသည်။ ကျွမ်းကျင်စွာအသုံးပြုနိုင်စွမ်းရှိလျှင် ပိုမိုထိရောက်အောင်မြင်ပါ၏။ ပြည်တွင်းမှာပင် ဘာသာစကားကွဲပြားခြားနားသောလူများနှင့်ပြောဆိုဆက်သွယ်ရာတွင် သူတို့ဘာသာစာပေ၊ သူတို့ဘာသာစကားကို မိမိကရေးတတ်၊ ဖတ်တတ်၊ ပြောဆိုတတ်လျှင် ဆက်ဆံဆက်သွယ်ရေး၌ အလွန်ထိရောက်အဆင်ပြေစေပါသည်။ စည်းရုံးရေးအောင်မြင်ခဲ့သည်မှာ လက်တွေ့ဖြစ်ပါ၏။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ခုနစ်နှစ်ကျော်မျှ အစိုးရဝန်ထမ်းတာဝန် ထမ်းဆောင်ခဲ့ရစဉ် ရှမ်းစကား၊ ပလောင်စကား၊ ကချင်စကား၊ အရေးအသား၊ အပြောအဆိုသင်ယူတတ်မြောက်သဖြင့် မိမိတာဝန်ဝတ္တရားများ အဆင်ပြေအောင်မြင်လေသည်။ ဒေသခံပြည်သူများနှင့် သူတို့ဘာသာစကား ပြောဆိုဆက်သွယ်သောအခါ သူတို့၏ ချစ်ခင်လေးစားမှု၊ ယုံကြည်မှုကို ရမြဲဖြစ်ပေသည်။ ၁၉၇၀-၁၉၈၀ ကာလဆီက တပ်မတော်(ကကပြည်)မှ လက်ဝါးအရွယ် ရှမ်း-မြန်မာ၊ ရှမ်း-ကချင် အလွယ်တကူသင်ယူကျက်မှတ်နည်း၊ လက်တွေ့စကားပြောနည်း စာအုပ်လေးများ ထုတ်ဝေပေးခဲ့ဖူးပါ၏။ ရဲဘော်ရဲဘက်တွေကို ရေးတတ်၊ ဖတ်တတ်အောင်၊ ပြောနိုင်ဆိုနိုင်အောင် သေသေချာချာ လေ့ကျင့်သင်ပြပေးလိုက်သောအခါ သူပုန်သတင်းကို အခက်အခဲမရှိဘဲ ရလေ့ရှိပေသည်။ စစ်ရေးစစ်ရာမှာ သတင်းအမှန်ရရှိရေး၊ အမြန်ဆုံးသိရှိရေးသည် အောင်မြင်ရေးအတွက် အခြေခံကျသော လိုအပ်ချက်ဖြစ်သည် မဟုတ်လား။

ယနေ့ခေတ် တပ်မတော် တပ်ရင်းတပ်ဖွဲ့တို့သည် လွန်ခဲ့သောနှစ်ပေါင်း ၄၀-၅၀ ကာလဆီကလောက် တိုင်းရင်းသားဘာသာစကားနှင့် စာပေတို့ကို ရေးတတ်၊ ပြောဆိုတတ်အောင် အလေးထား သင်ကြားလေ့ကျင့်ကြသေးရဲ့လားတော့ မသိတော့ပေ။ စစ်တိုက်ကြသည်ဆိုရာတွင် ပြောဆိုဆက်ဆံမှု ပါးနပ်တတ်မြောက်ခြင်း၊ သတင်းလက်ဦးခြင်း၊ နယ်မြေခံလူထု အားကိုးထောက်ခံမှုရှိခြင်း၊ စည်းရုံးရေးစွမ်းရည်ပြည့်ဝခြင်းတို့က အဆုံးအဖြတ်ပေးကြောင်း သက်ဆိုင်ရာပုဂ္ဂိုလ်များလည်း သိမြင်နားလည်ကောင်းပါ၏။

ပြည်ပနိုင်ငံများသို့ အကြိမ်ရေတော်တော်များများ သွားရောက်ခဲ့ဖူးပါ၏။ တရုတ်နိုင်ငံသို့ ခြောက်ခေါက်၊ ဂျပန်သို့ သုံးခေါက်၊ ထိုင်းသို့ လေးခေါက် စသည်တို့ဖြစ်သည့်အပြင် မလေးရှားနိုင်ငံတွင်လည်း တစ်နှစ်နီးပါး ပညာသင်သွားရောက်ခဲ့ရဖူးပါ၏။ ဘာသာစကား ဆက်သွယ်ပြောဆိုနိုင်စွမ်းက အတော်အရေးကြီးလှပါ၏။

နယ်မြေကျယ်ဝန်းသည်နှင့်အမျှ လူဦးရေလည်း သန်းပေါင်း ၁၄၀၀ ခန့်ရှိနေသော တရုတ်ပြည်သို့ ယူနန်ပြည်နယ်သာမက မြောက်ဖျားတာ့လျန်မြို့ (မြောက်ပိုင်း တရုတ်ရေတပ်ဌာနချုပ်ရှိရာမြို့)မှ တောင်ဖျား ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့အပါအဝင် နန်ကျင်း၊ ရှန်ဟိုင်း၊ ကူမင်း၊ တာ့လီ၊ ပေကျင်းစသော မြို့ကြီး၊ မြို့ငယ်ပေါင်းများစွာ သွားရောက်ခဲ့ရဖူးပါသည်။ စာရေးဆရာ၊ သတင်းစာဆရာ၊ ချစ်ကြည်ရေး၊ လေ့လာရေးနှင့် စာတမ်းဖတ်ပွဲများ တက်ရောက်ရခြင်းဖြစ်ပါသည်။

**❖နိုင်ငံခြားသို့၊ နိုင်ငံတကာသို့သွားပြီဆိုသည်နှင့် ထိုနိုင်ငံ၊ ထိုလူမျိုးအကြောင်းကို အူဘယ်နခွေရှိသလဲ ပါးစပ်ဟရုံနှင့် မြင်တတ်အောင် လေ့လာသင်ယူဖို့ရာလိုအပ်သည်။ သူ့အကြောင်း ကောင်းစွာသိမြင်နားလည်မှ အစစအရာရာ ချောမောအောင်မြင်ပေမည်။ တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ် စသည့် နိုင်ငံများသို့ လေ့လာရေး၊ ချစ်ကြည်ရေး၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ ပြပွဲ၊ အစည်းအဝေးပွဲ စသည် အခါခါသွားခဲ့ရာတွင် ဘာသာစကားတတ်မြောက်ကျွမ်းကျင်မှု (Communication Skill) သည် အောင်မြင်ခြင်းအတွက် သော့ချက်ဖြစ်ကြောင်း ကောင်းစွာသဘောပေါက် နားလည်ခဲ့ရပါတော့သည်။ ❖**

တရုတ်နိုင်ငံသို့ မြန်မာစာရေးဆရာတစ်ယောက်အနေဖြင့် လွန်ခဲ့သောအနှစ် ၃၀ မှစ၍ လေး၊ ငါး၊ ခြောက်ခေါက်သွားရောက်ခဲ့ရာ ဆရာမကြီးစောမုံညင်းနှင့် ပထမတစ်ခေါက်၊ ဆရာမကြီးခင်စိန်လှိုင်နှင့် ဒုတိယတစ်ခေါက်၊ ဆရာမကြီးမစန္ဒာ(တစ်သက်တာစာပေဆုရ)နှင့် တတိယတစ်ခေါက်၊ ဆရာမကြီးကြူကြူသင်း(တစ်သက်တာစာပေဆုရ)နှင့်စတုတ္ထအခေါက်၊ စိုးမှူး (ရုပ်ရှင်မင်းသမီး စိုးမြတ်သူဇာ၏ဖခင်)နှင့် တစ်ခေါက်၊ ဆရာမသျှီ(အင်ကြင်း)၊ မကျေးဥ၊ ဆရာကြီးမြတ်ဝေတိုးတို့နှင့်တစ်ခေါက်၊ မိမိတစ်ဦးတည်း ကွမ်ကျိုးမြို့၌ နိုင်ငံပေါင်း ၃၀ ကျော်မှ စာရေးဆရာများနှင့်တူ စာတမ်းဖတ်ကြားပွဲ တက်ခဲ့ခြင်းစသည်...။ တရုတ်မဟာတံတိုင်းကြီးပေါ်သို့ အကြိမ်ကြိမ်အခေါက်ခေါက် တက်ရောက်ခဲ့ခြင်း၊ ရှန်ဟိုင်းတာဝါပေါ်သို့ အခါခါတက်ရောက်ဖူးခြင်းတို့အကြောင်း ရေးလိုခြင်းမဟုတ်ပါ။ ဘာသာစကားကျွမ်းကျင်မှုကြောင့် အရာရာအဆင်ပြေချောမွေ့ကြောင်းနှင့် နိုင်ငံခြားဘာသာစကားကို စာရေးဆရာမကြီးများပီပီ (စနစ်တကျ ကြိုတင်ပြင်ဆင်၊ လေ့ကျင့်၊ ဇာတ်တိုက်၊ အထူးကျွမ်းကျင်အောင်) ဝမ်းစာဖြည့်ခဲ့ကြခြင်းကို ခရီးအတူသွားရင်း နံဘေးမှမြင်တွေ့ခဲ့ရသော မိမိအဖို့ အံ့သြလေးစားစွာ အတုယူစံပြုခဲ့ရကြောင်းကိုသာ မျှဝေလိုရင်းဖြစ်ပါသည်။

ဆရာမကြီး စောမုံညင်းနှင့် ၁၅ ရက်ခရီး၊ ကူမင်း၊ ပေကျင်း၊ ရှန်ဟိုင်း၊ မြို့ကြီးများရှိ ဒေသခံစာရေးဆရာအသင်းအမှုဆောင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ ရင်းနှီးခင်မင်ကြပြီးသော မိမိတို့နှစ်နိုင်ငံ ပြည်သူတို့၏ အပြန်အလှန် လေးစားချစ်ခင်ရေးကို မိမိတို့စာပေဆိုင်ရာများ အပြန်အလှန် တစ်လှည့်စီဟောပြောတင်ပြဖလှယ်ကြရပါသည်။ ဤခရီးစဉ်တွင် အတူပါခဲ့ကြသော ဦးသန်းမောင်(ဗိုလ်မှူးကြီး/ငြိမ်း)ပခုက္ကူ ဦးအုံးဖေ၊ ဒေါက်တာရဲနိုင်(မျက်စိအထူးကုပါရဂူ)နှင့် မိမိတို့က သာမန်မျှသာဆိုကြပါစို့။

ဆရာမကြီးစောမုံညင်းကတော့ မိုးမိတ်ဇာတိ၊ ရှမ်းဒေသခေါင်းဆောင် မိသားစုထဲမှဖြစ်ခြင်း၊ မျိုးချစ်စိတ် ထက်သန်သူဖြစ်ခြင်း၊ အသက်ငယ်စဉ်ကပင် ကင်းထောက်အဖွဲ့၊ အမျိုးသမီးရေးရာ၊ ပရဟိတအသင်း စသည်တို့မှာ လူငယ်ခေါင်းဆောင်အနေနှင့် ပါဝင်လှုပ်ရှားခဲ့သူဖြစ်ခြင်းတို့ကြောင့် ၁၉၄၁-၁၉၄၅ ခုနှစ် အချိန်ကာလ၌ ဂျပန်ဘာသာ ဂျပန်စကားကို အတော်ပင်ကျွမ်းကျင်အောင် ပြောဆိုနိုင်လေသည်။ ထိုအချိန်က ခေတ်စားသော ဂျပန်တေးသီချင်းများ၊ ဝါဒဖြန့်သီချင်း၊ အချစ်သီချင်းများကိုလည်း နှစ်ပေါင်း ၅၀ ကျော်ကြာသည့်တိုင် ဂဃနဏ စာသား၊ သံစဉ်၊ အသံတည်(Key) မှန်ကန်တိကျစွာ သီဆိုနိုင်သေးသည်။ တရုတ်ပြည် စာရေးဆရာအဖွဲ့များနှင့် စာပေစကား ဟောရပြောရမည်။ (ဘာသာပြန်သူက ဂျပန်နိုင်ငံမှာ တရုတ်စာပြသော ပါမောက္ခတစ်ဦးလည်း ပါသည်ဟု ကြိုသိအောင် တရုတ်သံရုံးမှ သတင်းရယူလေ့လာပြီးလည်း ဖြစ်ပုံရပါ၏)။ ဆရာမကြီး စောမုံညင်း (ဒေါ်ရင်ရင်)သည် သူ၏စာပေဟောပြောချက်ကို ထိထိမိမိ တိတိကျကျ အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ခဲ့လေသည်။ ကူမင်းမြို့ စာရေးဆရာအသင်း၊ ပေကျင်းမြို့ စာရေးဆရာအသင်းနှင့်ရှန်ဟိုင်းမြို့ စာရေးဆရာအသင်းတို့နှင့် စည်းဝေးတွေ့ဆုံကြရသောအခါ တရုတ်စာရေးဆရာ၊ ဆရာမများ အံ့သြဝမ်းသာ ထူးခြားထူးချွန်လှပေတကားဟု မော်ကြည့်ရလောက်အောင် တရုတ်စကားတချို့နှင့် ဂျပန်ဘာသာစကား၊ ဂျပန်သီချင်းများကို ရသပေါ်လွင်အောင် သီဆိုကိုးကား၍ စီကာပတ်ကုံး ပြောလေတော့သည်။ နိုင်ငံခြားစာရေးဆရာများသာမက မိမိတို့ မြန်မာစာရေးဆရာများလည်း အံ့အားသင့်စွာ ဂုဏ်ယူဝမ်းသာ ကျေနပ်လှပါ၏။ ဘာသာစကား တတ်မြောက်ကျွမ်းကျင်ခြင်း၏ ခွန်အားစွမ်းအားသည် ကြီးမားပေစွ။

အလားတူပင် နောက်ခြောက်နှစ်ခန့်တွင် တစ်ခေါက် မိမိသည် ဆရာမကြီး ခင်စိန်လှိုင်နှင့်အတူ သွားကြရပြန်ပါသည်။ ကူမင်း၊ ပီကင်း(ပေကျင်းမြို့တော်)နှင့် ရှန်ဟိုင်းမြို့ကြီးများပင်ဖြစ်၏။ ဤခရီးစဉ်တွင် ထိုမြို့ရှိ ဒေသခံစာရေးဆရာ၊ ဆရာမများနှင့် ဆွေးနွေးပွဲ၊ တွေ့ဆုံပွဲ၊ ညစာစားပွဲ၊ လေ့လာရေး စသည်တို့ဖြင့် ထိတွေ့ဆက်ဆံပြောဆိုကြရပါ၏။ ဝတ္ထုရေးဆရာမကြီး ခင်စိန်လှိုင်ကလည်း ထိုအချိန်က တရုတ်ပြည်အဝန်း လျှမ်းလျှမ်းတောက် ခေတ်စားနေသော ခေတ်ပေါ်(အဓိပ္ပာယ်လှလှလည်းလှ၊ မြူးလည်းမြူးကြွသော)တရုတ်သီချင်းကို ကောင်းစွာဆိုပြပြန်ပါ၏။ ကျော်ကြားသော ကာလပေါ်တရုတ်သီချင်းတစ်ပုဒ်ကို တရုတ်လူမျိုး စာရေးဆရာ၊ ဆရာမများရှေ့မှောက်တွင် လှလှပပ ရဲရဲဝံ့ဝံ့ သီဆိုပြနိုင်လောက်အောင် ဆရာမကြီး အချိန်ဘယ်မျှယူပြီး သင်ယူလေ့ကျင့်ခဲ့သနည်းမသိ။ အံ့သြလောက်အောင် သဘောကျနှစ်သက်ချီးကျူးကြပြီး အထူးလေးစားချစ်ခင်ခြင်းဆုလာဘ်ကို ရခဲ့ပါ၏။ လုံ့လ ဝီရိယနှင့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားကြသော စာရေးဆရာမကြီး စောမုံညင်း၊ ခင်စိန်လှိုင် ဆရာမကြီးနှစ်ဦး၏ကြောင်လက်သည်းအစွမ်းအစမျိုးကို တရုတ်ပြည်သို့ ၁၅ ရက်ခရီး အတူသွားမှ သိမြင်ခွင့်ရခဲ့ပါတော့သည်။

ဘာသာစကားတတ်မြောက်ကျွမ်းကျင်ခြင်းသည် သူတစ်ပါး (မိမိဘာသာစကားမဟုတ်သော နိုင်ငံခြား) ဘာသာစကားကို တန်ဖိုးထားလေးစားပါကြောင်း လက်တွေ့ပြသရာရောက်သဖြင့် အလွန်ပင်ထိရောက်အောင်မြင်ခဲ့ကြောင်း ကိုယ်တွေ့မျက်မြင် ပညာရခဲ့ပါတော့သည်။ အခြေအနေ အချိန်အခါနှင့် ကိုက်ညီဆီလျော်မည့် ရသအနုပညာကို ခဲရာခဲဆစ်ရှာဖွေစုဆောင်း၍ လေ့ကျင့်ပြင်ဆင်တတ်သော အမြော်အမြင်နှင့် အကင်းပါးမှုကိုလည်း ချီးကျူးရပါ၏။

ဆရာမကြီး မစန္ဒာ၊ ဆရာကြီး မြင်းမူမောင်နိုင်မိုးတို့နှင့် နောက်တစ်ခေါက်၊ ဆရာမကြီးကြူကြူသင်း၊ ဆရာကြီး မောင်မြင့်ကြွယ်တို့နှင့် နောက်တစ်ခေါက်၊ မိမိက ဦးဆောင်ကာ တရုတ်ပြည်မြို့ကြီး သုံး၊ လေးမြို့ဆီသို့ စာပေလေ့လာရေးခရီးများ သွားရောက်ခဲ့ကြရာတွင်လည်း ဝတ္ထုရေးဆရာမကြီးများ (Novelists) ဖြစ်ကြသည့်အလျောက် ဒေသခံတရုတ်စာရေးဆရာ၊ စာရေးဆရာမများ လေးစားအားကျ၊ ကြည်နူးဝမ်းသာ၊ ချီးကျူးကြရအောင် ထူးချွန်ထူးခြားကြသည်ကို ခရီးစဉ်တစ်လျှောက် ပွဲတိုင်းအောင်မြင်ခဲ့ရသဖြင့် မှတ်တမ်းတင်ပါသည်။

ယူနန်ပြည်နယ်က ဖိတ်ကြားသဖြင့် သွားခဲ့ရသောခရီးတွင်ကား ဆရာမကြီးသျှီ(အင်ကြင်း)နှင့် ဆရာမ မကျေးဥတို့သည် ကူမင်း၊ တာ့လျန်စသော ဒေသတွင်းမြို့များသို့ လေ့လာရေးခရီးကများပြီး စာပေ ဟောပြောပွဲ၊ စာပေဆွေးနွေးပွဲ အချိန်ယူ၍ အစွမ်းပြခွင့် မကြုံခဲ့ရပေ။ မည်သို့ပင်ဖြစ်စေ ခရီးစဉ်တစ်ခုအတွက် ၁၅ ရက်လောက် နိုင်ငံခြားသားများနှင့် ဆွေးနွေးပြောဆို၊ ဟောပြောဖို့အရေးကို သေချာစွာ တစ်လ၊ နှစ်လ စူးစူးစိုက်စိုက် ပြင်ဆင်ခဲ့ကြပုံ၊ သူတစ်ပါး၏ဘာသာစကားကို တတ်နိုင်သမျှ အသုံးချ၊ အကျိုးအမြတ်ရအောင် လေ့လာပြင်ဆင်ခဲ့ကြပုံများကိုကား အတုယူလေးစားဖွယ် တွေ့မြင်ခဲ့ဖူးပါသည်။

နိုင်ငံခြားသို့၊ နိုင်ငံတကာသို့သွားပြီဆိုသည်နှင့် ထိုနိုင်ငံ၊ ထိုလူမျိုးအကြောင်းကို အူဘယ်နခွေရှိသလဲ ပါးစပ်ဟရုံနှင့် မြင်တတ်အောင် လေ့လာသင်ယူဖို့ရာ လိုအပ်သည်။ သူ့အကြောင်း ကောင်းစွာသိမြင်နားလည်မှ အစစအရာရာ ချောမောအောင်မြင်ပေမည်။ တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ် စသည့် နိုင်ငံများသို့ လေ့လာရေး၊ ချစ်ကြည်ရေး၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ ပြပွဲ၊ အစည်းအဝေးပွဲ စသည် အခါခါသွားခဲ့ရာတွင် ဘာသာစကား တတ်မြောက်ကျွမ်းကျင်မှု (Communication Skill) သည် အောင်မြင်ခြင်းအတွက် သော့ချက်ဖြစ်ကြောင်း ကောင်းစွာသဘောပေါက် နားလည်ခဲ့ရပါတော့သည်။ ရှဲရှဲနီ။ အာရိဂတော။ Thank You။ ပြောသမျှ ချောမောကြပါစေ။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပုသိမ်ခရိုင်တွင် မိုးစပါး ၄၀၇၁၄၂ ဧကရိတ်သိမ်းပြီးစီး တစ်ဧကချင်းအထွက်နှုန်းများ ကောင်းမွန်



**ပုသိမ် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီးပုသိမ်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါး ၄၀၇၁၄၂ ဧကထိ ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကချင်း အထွက်နှုန်းများကောင်းမွန်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး လျာထား ၅၀၇၈၂၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စပါး ၄၀၇၁၄၂ ဧက ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၉၈ ဒသမ ၇၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပုသိမ်ခရိုင်တစ်ခုလုံးအနေနဲ့ စပါးဧက ၅၀၀၀၀၀ ကျော်ထိလျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိစပါးဧက ၄၀၀၀၀၀ ကျော်ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က စပါးတွေအခက်အခဲမရှိ လျာထားဧကအတိုင်း အဆင်ပြေပြေ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တာတွေကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာန အဖွဲ့အစည်းတွေနဲ့လိုအပ်သလို ချိတ်ဆက်ကူညီပေးခဲ့တယ်။ ဒါကြောင့် အခုလို အထွက်နှုန်းတွေကောင်းမွန်ခဲ့တာပါ"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် အဆိုပါမိုးစပါးများဖြစ်ထွန်းအောင်မြင်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ရွှေခရုအန္တရာယ်ကာကွယ်ရေး စသည့်တောင်သူအသိပညာပေး လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ စပါးသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ် တင်ပို့နိုင်မည်ဖြစ်ရာ အထွက်နှုန်း တိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## သာယာဝတီမြို့နယ် ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂုံမင်းမြောင်အရှေ့စုကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုး လုပ်ငန်း များ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၆၃ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂုံမင်းမြောင်အရှေ့စုကျေးရွာ၌ မိသားစုဝင်ငွေတိုး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၃ ဦးကို နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ချိုသန်းညွန့်**

## အဇ္ဈတ္တ စစ်တမ်း

- အမှားသိမြင် တည့်မတ်ပြင်မှ
  လမ်းထွင်သမျှ အမှန်ရလျက်
  ဘဝစိမ်းလန်း ငြိမ်းချမ်းနိုင်။

- အဆိုးကြုံခိုက် မညှိုးငိုက်မှ
  အားစိုက်သမျှ အကောင်းရလျက်
  ဘဝမားမတ် မြင့်မြတ်နိုင်။

- အရှုံးတွေ့ငြား ရင့်ကျက်ထားမှ
  ကြိုးစားသမျှ အနိုင်ရလျက်
  ဘဝမြင့်မား တင့်ကြွားနိုင်။

- ဘဝကြောင်းရပ်
  ထင်ဟပ်ဒွန်တွဲ ကြိုးကိုင်မြဲသာ
  လွန်ဆွဲယှဉ်ရင်း အားပြိုင်ရင်းမှ
  နင်းလျှောက်ဖြတ်သန်း မြဲဖြောင့်တန်းအောင်
  သင်ခန်းစာယူ သတိမူလျက်
  တူယှဉ်စွမ်းပြိုင် အောင်ပွဲပိုင်စေ
  ပန်းတိုင်တက်လှမ်း လျှောက်သည့်လမ်းဝယ်
  စစ်တမ်းဖွေစု သုံးသပ်ပြုဖို့
  လူမှုဗေဒ အဇ္ဈတ္တတွေ
  လောကမာယာ ဝဏ်ပါ၏
  ခြေရာယှက်ငင် ကြေးမုံပြင်မှာ
  ဆန့်ကျင်ပုံရိပ် စွန်းထင်းဖိတ်လျက်
  ခေါင်းညိတ်ရုပ်လုံး ဖော်နေ၏။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## အစ္စရေးအမျိုးသမီးတပ်ဖွဲ့ဝင်လေးဦး ဟားမတ်စ်အုပ်စုပြန်လွှတ်

**ဂျေရုဆလင် ဇန်နဝါရီ ၂၆**

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ဟားမတ်စ်အုပ်စုသည် ဓားစာခံများအဖြစ် ဖမ်းဆီးထားသူများအနက် အစ္စရေး အမျိုးသမီးတပ်ဖွဲ့ဝင်လေးဦးကို ဇန်နဝါရီ ၂၅ ရက်တွင် ပြန်လွှတ်ပေးခဲ့သည်။

ပြန်လည် လွတ်မြောက်လာသည့် အစ္စရေးအမျိုးသမီးစစ်သည်လေးဦးကို နိုင်ငံတကာကြက်ခြေနီအဖွဲ့ကိုယ်စားလှယ်များက ဂါဇာဒေသမှခေါ်ဆောင်၍ အစ္စရေးတပ်များလက်သို့ လွှဲပြောင်းပေးခဲ့သည်။

အပြန်အလှန်အနေဖြင့် အစ္စရေးနိုင်ငံကလည်း အနောက်ဘက်ကမ်းဒေသ အိုဖာစစ်အကျဉ်းထောင်မှ ပါလက်စတိုင်းအကျဉ်းသား ၂၀၀တို့ပြန်လွှတ်ပေးခဲ့သည်။

ဂါဇာစစ်ပွဲ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ဟားမတ်စ်အုပ်စုက အရပ်သားဓားစာခံတစ်ဦးကို ပြန်လွှတ်ပေးပါက အစ္စရေးနိုင်ငံအနေဖြင့် ပါလက်စတိုင်းအကျဉ်းသား ၃၀ကို ပြန်လွှတ်ပေးရမည်ဖြစ်ပြီး အစ္စရေးတပ်ဖွဲ့ဝင် ဓားစာခံဖြစ်ခဲ့ပါက ပါလက်စတိုင်း အကျဉ်းသား ၅၀ နှုန်းပြန်လွှတ်ပေးရမည်ဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၏ ပထမအဆင့် ရက်သတ္တခြောက်ပတ်အတွင်း ဟားမတ်စ်အုပ်စုအနေဖြင့် ၎င်းတို့ဖမ်းဆီးထားသောဓားစာခံများအနက် ၃၃ ဦးကို ပြန်လွှတ်ပေးရမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့၏ ကြားဝင်မှုဖြင့် ရရှိခဲ့သော ဂါဇာစစ်ပွဲအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ဇန်နဝါရီ ၁၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## နယ်သာလန်နိုင်ငံ ဒရန့်ခ်ပြတိုက် ဖောက်ထွင်းခံရ

**အမ်စတာဒမ် ဇန်နဝါရီ ၂၆**

နယ်သာလန်နိုင်ငံ ဒရန့်ခ်ပြတိုက်ကို ဖောက်ထွင်းသမားများ ဖောက်ထွင်းဝင်ရောက်၍ သက်တမ်းနှစ် ၂၅၀၀ရှိ ရွှေခေါင်းလောင်းတစ်ခု အပါအဝင် သမိုင်းမတင်မီခေတ်ရှိမေးနီးယား အနုပညာလက်ရာများကိုခိုးယူသွားကြောင်း ဇန်နဝါရီ ၂၅ ရက်သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါဖောက်ထွင်းသမားများသည် နယ်သာလန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဒရန့်ခ်ပြတိုက်ကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းတွင် ဖောက်ထွင်းခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ဖောက်ထွင်းရာတွင် ဖောက်ထွင်း သမားများသည် ဖောက်ခွဲရေး ပစ္စည်းများသုံး၍ ဒရန့်ခ်ပြတိုက်၏ တံခါးမကို ဖောက်ခွဲဖျက်ဆီး ခဲ့ခြင်းဖြစ်ကြောင်း နယ်သာလန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဒရန့်ခ်ပြတိုက်ဖောက်ထွင်းသမားများကို ဖမ်းဆီးနိုင်မှု မရှိသေးကြောင်း သိရသည်။

ဖောက်ထွင်းသမားများ လက်ပါသွားသည့်ရှိမေးနီးယားအနုပညာလက်ရာများအနက် ကိုတိုဖာနက်စတီအမည်ရှိ ရွှေခေါင်းဆောင်မှာ ဘီစီ ၄၅၀တွင် ဖန်တီးထားသော အဖိုးတန် ရှေးဟောင်းလက်ရာဖြစ်သည်။

ဒရန့်ခ်ပြတိုက်မှ ဖောက်ထွင်းခိုးယူခံခဲ့ရသည့် ရှိမေးနီးယားအနုပညာလက်ရာများကို ပြန်လည်ရရှိရန် နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)၏ အကူအညီကို ရယူမည်ဖြစ်ကြောင်း နယ်သာလန်ရဲတပ်ဖွဲ့က ပြောကြားထားသည်။

**Ref : Xinhua**
**Trs : KKO**



## အိန္ဒိယနိုင်ငံ၌ ၇၆ ကြိမ်မြောက် သမ္မတနိုင်ငံနေ့ စစ်ရေးပြချီတက်ပွဲကို နယူးဒေလီမြို့၌ ကျင်းပ



**ဒေလီ ဇန်နဝါရီ ၂၆**

အိန္ဒိယနိုင်ငံသည် ၇၆ ကြိမ်မြောက် သမ္မတနိုင်ငံနေ့ အခမ်းအနားကို နယူးဒေလီမြို့၌ ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

သမ္မတနိုင်ငံနေ့သည် ၁၉၅၀ ပြည့်နှစ်အတွင်း အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေအာဏာစတင်သက်ဝင်မှုအထိမ်းအမှတ်အဖြစ် ကျင်းပသောပွဲတော်ဖြစ်သည်။

၇၆ ကြိမ်မြောက် သမ္မတနိုင်ငံနေ့ အခမ်းအနားများတွင် စစ်ရေးပြချီတက်ပွဲများလည်းပါဝင်ခဲ့ပြီး အိန္ဒိယတပ်ဖွဲ့ဝင် ရာပေါင်းများစွာတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

အလားတူ အိန္ဒိယလေတပ်မှ စစ်လေယာဉ်အစင်း ၄၀ တို့သည်လည်း သမ္မတနိုင်ငံနေ့အခမ်းအနားစစ်ရေးပြပွဲ၌ ပါဝင်ပျံသန်းခဲ့ကြသည်။

ယင်းအပြင် အိန္ဒိယသမ္မတနိုင်ငံနေ့အခမ်းအနားတွင် အကပညာရှင်၅၀၀၀တို့ကလည်း ကကြိုးကကွက်ပုံစံ ၄၅မျိုးဖြင့် ပါဝင်ဖျော်ဖြေခဲ့ကြသည်။

အိန္ဒိယသမ္မတနိုင်ငံနေ့အခမ်းအနားစစ်ရေးပြပွဲသို့ အိန္ဒိယသမ္မတ ဒရူပါဒီမာမူး၊ ဝန်ကြီးချုပ်မိုဒီနှင့် အိန္ဒိယထိပ်တန်းခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

ယင်းအပြင် အင်ဒိုနီးရှား သမ္မတ ပရာဘိုဝိုဆူဘီယန်တိုသည်လည်း အဓိကဧည့်သည်တော်အဖြစ် သမ္မတနိုင်ငံနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်စမ်းသပ်မှု မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် ကြီးကြပ်

**ပြုံယမ်း ဇန်နဝါရီ ၂၆**

မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်သည် မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်စမ်းသပ်မှုတစ်ရပ်ကို ကိုယ်တိုင်ဦးဆောင်ကြီးကြပ်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော်ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



အဆိုပါ မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်စမ်းသပ်မှုကို ဇန်နဝါရီ ၂၅ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကေစီအင်န်အေ၏အဆိုအရ သိရသည်။

ဇန်နဝါရီ ၂၅ ရက် စမ်းသပ်မှုအတွင်း မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်သည် စက္ကန့် ၇၅၀၀ အတွင်း ကီလိုမီတာ ၁၅၀၀ အကွာအဝေးထိ ပျံသန်းခဲ့ကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံ၏ မဟာဗျူဟာခရုစ်ဒုံးကျည်စမ်းသပ်မှုကို တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ရုံးကလည်း အတည်ပြုထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဆိုပါ မဟာဗျူဟာမြောက်ခရုစ်ဒုံးကျည်ကို ကုန်းတွင်းဒေသတစ်နေရာမှတစ်ဆင့် အနောက်ဘက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်အတွင်းသို့ ပစ်လွှတ်ခဲ့ကြောင်း တောင်ကိုရီးယား တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမျိုးသားကာကွယ်ရေး စွမ်းဆောင်ရည် တည်ဆောက်ရေးလုပ်ငန်းစဉ်အရ မဟာဗျူဟာခရုစ်ဒုံးကျည်စမ်းသပ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

**Ref : RT**
**Trs : KKO**

## ဂရိလွှတ်တော်သမ္မတသစ်မဲခွဲရွေးချယ်ပွဲ အောင်မြင်မှုမရှိ

**အေသင် ဇန်နဝါရီ ၂၆**

ဂရိလွှတ်တော် အမတ်များသည် ဇန်နဝါရီ ၂၅ ရက်လွှတ်တော်အစည်းအဝေးတွင် သမ္မတသစ်တစ်ဦး ရွေးချယ်တင်မြှောက်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

သမ္မတရာထူးကို ရယူနိုင်ရေးအတွက် နိုင်ငံရေးပါတီများကအဆိုပြုထားသော သမ္မတလောင်းများအနေဖြင့် လွှတ်တော်အမတ် ၃၀၀ အနက် ၂၀၀တို့၏ထောက်ခံမှုကို ရရှိရန်လိုအပ်သည်။

ဇန်နဝါရီ ၂၅ ရက်လွှတ်တော်အစည်းအဝေးတွင် ဂရိလွှတ်တော်အမတ်များက သမ္မတတစ်ဦးကို မဲခွဲရွေးချယ်ခဲ့သော်လည်း မည်သည့် သမ္မတလောင်းကမျှ လုံလောက်သည့်ထောက်ခံမဲကို မရရှိခဲ့ကြောင်း သိရသည်။

သမ္မတသစ်ရွေးချယ်ပွဲ ဒုတိယအကျော့ကို ဇန်နဝါရီ ၃၁ ရက်တွင် ထပ်မံကျင်းပရန် ဂရိလွှတ်တော်က စီစဉ်ထားသည်။

လွှတ်တော်ကို အမတ်နေရာ ၁၅၆နေရာဖြင့် ထိန်းချုပ်ထားသည့် လက်ရှိ ဂရိအစိုးရက လွှတ်တော်ဥက္ကဋ္ဌဟောင်း ကွန်စတန်တိုင်းတက်ဆိုလက်ခ်ကို သမ္မတသစ်အဖြစ် အဆိုပြုထားသည်။

ဂရိဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတရာထူးသည် နိုင်ငံရေးအာဏာ အပြည့်အဝမရှိသော ဂုဏ်ထူးဆောင်ရာထူးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက ယခုနှစ်၏ ၁၁ ကြိမ်မြောက်မစ်ရှင်အဖြစ် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို လွှတ်တင်




**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် ယခုနှစ်၏ ၁၁ ကြိမ်မြောက် မစ်ရှင်အဖြစ် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၃ စင်းကို ဇန်နဝါရီ ၂၅ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၃ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၅ ရက်မစ်ရှင်၏ ဖယ်လ်ကွန်-၉ ဒုံးပျံ ပြန်လည်ဆင်းသက်မှုသည် ဖယ်လ်ကွန်-၉ ဒုံးပျံ ပထမအဆင့် ပင်မဒုံးယာဉ်များ၏ အကြိမ် ၄၀၁ ကြိမ်မြောက် အောင်မြင်စွာ ပြန်လည်ဆင်းသက်မှုဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၄ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၅ ရက်မစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ ၁၁ ကြိမ်မြောက်မစ်ရှင်ဖြစ်ပြီး ဖယ်လ်ကွန်-၉ ဒုံးပျံများအတွက် သတ္တမမြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်က လကမ္ဘာခရီးစဉ်အတွက် ပြင်ဆင်နေစဉ် ကမ္ဘာဂြိုဟ်ကို ဓာတ်ပုံများရိုက်ကူးခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံ အခြေစိုက် Firefly Aerospace ကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်သည် လကမ္ဘာခရီးစဉ်အတွက် ပြင်ဆင်နေစဉ် ကမ္ဘာဂြိုဟ်ကို ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း ဇန်နဝါရီ ၂၅ ရက်သတင်းများအရ သိရသည်။

Blue Ghost လဆင်းယာဉ်သည် ဇန်နဝါရီ ၁၅ ရက်တွင် Space-X ကုမ္ပဏီက လွှတ်တင်ခဲ့သည့် လဆင်းယာဉ်နှစ်စင်းအနက် တစ်စင်းဖြစ်သည်။

Blue Ghost လဆင်းယာဉ်သည် လွှတ်တင်ပြီးချိန်မှစ၍ ကမ္ဘာဂြိုဟ်ကို လှည့်ပတ်ပျံသန်းနေဆဲ ဖြစ်ကြောင်း သိရသည်။




သို့ရာတွင် Blue Ghost လဆင်းယာဉ်သည် ဇန်နဝါရီ ၂၄ ရက်တွင် လကမ္ဘာဆီသို့ ဦးတည်နေသည့် လမ်းကြောင်းပေါ်သို့ တက်ရောက်ရေးအတွက် ဒုံးကန်အားစနစ်များကို အသုံးပြုနိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် Blue Ghost လဆင်းယာဉ်သည် ကမ္ဘာဂြိုဟ်ကို ဓာတ်ပုံများရိုက်ကူး၍ မြေပြင်စခန်းသို့ ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် မတ် ၂ ရက်တွင် လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ရန်ကြိုးပမ်းမည်ဖြစ်သည်ဟု Firefly Aerospace ကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက လွှတ်တင်ခဲ့သော ဒုံးပျံတစ်စင်း၏ ဘေးတွဲတွန်းအားပေးဒုံးယာဉ် လူနေအိမ်တစ်လုံးအနီး ကျရောက်ခဲ့

**ပေကျင်း ဇန်နဝါရီ ၂၆**

တရုတ်အမျိုးသား အာကာသ အေဂျင်စီက လွှတ်တင်ခဲ့သော ဒုံးပျံတစ်စင်း၏ ဘေးတွဲတွန်းအား ပေးဒုံးယာဉ်သည် လူနေအိမ် တစ်လုံးအနီး ကျရောက်ခဲ့ကြောင်း ဇန်နဝါရီ ၂၅ ရက်သတင်းများအရ သိရသည်။

တရုတ် အမျိုးသားအာကာသ အေဂျင်စီသည် ဇန်နဝါရီ ၂၃ ရက်တွင် ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တု တစ်စင်းကို လောင်းမတ်ချ်-၃ ဘီ ဒုံးပျံဖြင့် ရှီကျန်း အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မစ်ရှင်မှာအောင်မြင်ခဲ့သော်လည်း လောင်းမတ်ချ်-၃ ဘီ ဒုံးပျံ၏ ဘေးတွဲတွန်းအားပေး ဒုံးယာဉ်ငယ် လေးစင်းအနက် တစ်စင်းသည် ကွီကျိုးပြည်နယ် ကျန်းယန်နယ်မြေရှိ လူနေအိမ် တစ်လုံးအပေါ် ကျရောက်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် ကံကောင်းထောက်မစွာဖြင့် ၎င်းဘေးတွဲတွန်းအားပေး ဒုံးယာဉ်သည် လူနေအိမ်တစ်လုံး အနီး တောင်ကုန်းတစ်ခုပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။

တရုတ်နိုင်ငံသည် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံများကို ကုန်းတွင်းပိုင်း အာကာသစခန်းဖြစ်သည့် ရှီကျန်းအာကာသစခန်းမှသာပုံမှန် လွှတ်တင်လေ့ရှိရာ ဒုံးယာဉ် အစိတ်အပိုင်းများမှာ မြေပေါ်သို့သာ ပြန်လည်ကျရောက်တတ်ကြောင်း၊ အာကာသနည်းပညာ အင်အားကြီးနိုင်ငံ အများစုသည် အာကာသစခန်းများကို ကမ်းရိုးတန်းဒေသများတွင် ထားရှိကြရာ ဒုံးယာဉ် အစိတ်အပိုင်းများမှာ ပင်လယ်ပြင်ထဲသို့သာ ကျရောက်တတ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## သားအိမ်ခေါင်းကင်ဆာဖြစ်ခါစ အမျိုးသမီးများ HPV ဗိုင်းရပ်ကာကွယ်ဆေးတစ်မျိုးဖြင့် ရောဂါတိုးလာနိုင်ခြေကို လျှော့ချနိုင်

**အမ်စတာဒမ် ဇန်နဝါရီ ၂၆**

သားအိမ်ခေါင်းကင်ဆာစတင်ဖြစ်ပွားခါစ အမျိုးသမီးများသည် HPV ဗိုင်းရပ်ကာကွယ်ဆေး တစ်မျိုးဖြင့် ရောဂါတိုးလာနိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၅ ရက် သတင်းများအရ သိရသည်။

နယ်သာလန် သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ HPV ကာကွယ်ဆေးသည် သားအိမ်ခေါင်းကင်ဆာဆဲလ်များ ပေါ်လာနိုင်ခြေ မြင့်မားသော အမျိုးသမီးများ၌ သားအိမ်ခေါင်း ကင်ဆာဖြစ်လာနိုင်ခြေကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

နယ်သာလန်သုတေသနပညာရှင်များသည် သားအိမ်ခေါင်း ကင်ဆာဆဲလ်များ ရှိလာနိုင်ခြေ မြင့်မားသော အမျိုးသမီးများကို လက်တွေ့စမ်းသပ်ထိုးနှံခဲ့ကြောင်း သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ HPV ဗိုင်းရပ် ကာကွယ်ဆေး ထိုးနှံထားသည့် အမျိုးသမီးထက်ဝက်ကျော်တို့တွင် သားအိမ်ခေါင်းကင်ဆာဆဲလ်များ ဖြစ်သွားနိုင်သည့် ဖောက်ပြန်နေသောဆဲလ်များ ပျက်စီးသွားသည်ကို တွေ့ရကြောင်း နယ်သာလန် သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် အထက်ပါ အမျိုးသမီးများ၌ HPV ကာကွယ်ဆေးထိုးနှံပြီးနောက် သားအိမ်ခေါင်းကင်ဆာ ဆဲလ်များအဖြစ် ပြောင်းလဲသွားနိုင်သော ဆဲလ်များပေါ်ထွက်မှုမှာ အနည်းဆုံးနှစ်နှစ်ထိ ရပ်တန့်နေကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO

## ကယ်လိုရီစားသုံးမှုကန့်သတ်ခြင်းနှင့်ဆေးဝါးတစ်မျိုး တွဲသုံးပါက ပုံစံ-၂ ဆီးချိုရောဂါကို ထိန်းထားနိုင်

**ပေကျင်း ဇန်နဝါရီ ၂၆**

ကယ်လိုရီစားသုံးမှုကန့်သတ်ခြင်းနှင့် ဆေးဝါးတစ်မျိုး တွဲဖက်အသုံးပြုပါက ပုံစံ-၂ ဆီးချိုရောဂါကို ထိန်းထားနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ ဖူဒန်းတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကယ်လိုရီစားသုံးမှုကန့်သတ်ခြင်းနှင့်အတူ Dapagliflozin ဆေးကို တွဲသုံးပါက အဝလွန်ပုံစံ-၂ ဆီးချိုလူနာများအနေဖြင့် ရောဂါကိုထိန်းထားနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကယ်လိုရီကန့်သတ်မှုနှင့် Dapagliflozin ဆေးကိုတွဲသုံးမှုသည် အဝလွန်လူနာများ ပုံစံ-၂ ဆီးချိုရောဂါကို ထိန်းချုပ်ထားနိုင်ရေးအတွက် လက်တွေ့ကျသည့် နည်းလမ်းတစ်ခု ဖြစ်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Dapagliflozin ဆေးများသည် သွေးအတွင်းရှိ ပိုလျှံသကြားဓာတ်များကို ဆီးမှတစ်ဆင့် စွန့်ထုတ်စေခြင်းဖြင့် ပုံစံ-၂ ဆီးချိုရောဂါကို ကုသရာတွင် အထောက်အကူပေးသည့် ဆေးဖြစ်ကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် အဝလွန်ပုံစံ-၂ ဆီးချိုလူနာ ၁၀၀ ကျော်တို့ဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူးအမ်ဘက်ပီ ရီးရဲလ်မက်ဒရစ်အသင်းအတွက် ပထမဆုံးဟက်ထရစ်ဂိုး သွင်းယူ



**မက်ဒရစ် ဇန်နဝါရီ ၂၆**

စနေနေ့ကကစားခဲ့သည့် ဗယ်လာဒိုးလစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြီး တိုက်စစ်မှူးအမ်ဘက်ပီကအသင်းအတွက် သုံးဂိုးစလုံး သွင်းယူနိုင်ခဲ့သောကြောင့် ပထမဆုံး ဟက်ထရစ်ဂိုးရရှိခဲ့ကြောင်း သိရသည်။

အမ်ဘက်ပီသည် ပွဲကစားချိန် မိနစ် ၃၀ တွင် အသင်းဖော် ကစားသမားဘယ်လင်ဟမ်နှင့် ချိတ်ဆက်၍ ပထမဆုံးဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် ၅၇ မိနစ်အရောက်တွင် အသင်းဖော်တိုက်စစ်မှူးရိုဒရီဂိုနှင့် ချိတ်ဆက်၍ ဒုတိယဦးဆောင်ဂိုး သွင်းယူခဲ့ကာ ပွဲချိန် မိနစ် ၉၀ အရောက်တွင် ဗယ်လာဒိုးလစ် ခံစစ်ကစားသမားမာတင်က ဘယ်လင်ဟမ်ကို ပင်နယ်တီဧရိယာအတွင်းပြစ်ဒဏ်ကျူးလွန်မှုကြောင့် အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီးနောက် အမ်ဘက်ပီက ပင်နယ်တီကန်သွင်းခဲ့ရာ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဘဝပထမဆုံးအကြိမ် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး အမ်ဘက်ပီက "အခုပွဲမှာ ကျွန်တော်တို့အသင်း ကစားသွားတာ ကောင်းပါတယ်။ ပထမဂိုးမှာ အသင်းသားအားလုံး အပေးအယူနဲ့ကစားပြီး ဂိုးရသလို ဒုတိယပိုင်းမှာ ပိုကောင်းလာပြီး အချိတ်အဆက်နဲ့ ဂိုးထပ်ရခဲ့တာပါ။ အဲဒီနောက်မှာ ကစားအားကျဆင်းသွားခြင်း မရှိတာကြောင့် ပင်နယ်တီ တတိယသွင်းဂိုး သွင်းယူနိုင်ခဲ့တာပါ" ဟု ပြောကြားခဲ့သည်။

အဆိုပါနိုင်ပွဲကြောင့် ရီးရဲလ်မက်ဒရစ်အသင်းသည် အမှတ်ပေးဇယားအဆင့်(၁)တွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး တိုက်စစ်မှူး အမ်ဘက်ပီအနေဖြင့်လည်း သွင်းဂိုး ၁၅ ဂိုးထိရှိလာသဖြင့် သွင်းဂိုး ၁၆ ဂိုးဖြင့် ဦးဆောင်နေသည့် ဘာစီလိုနာတိုက်စစ်မှူး လီဝမ်ဒေါ်စကီးကို ဂိုးသွင်းအများဆုံးဆုအတွက် ဖိအားပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

## အားကစားသတင်းအတိုအထွာများ

- နာပိုလီအသင်းတာဝန်ရှိသူများက မန်ယူအသင်းတိုက်စစ်မှူး ဂါနာချိုကိုခေါ်ယူရန် စိတ်ဝင်စားနေသော်လည်းမြင့်မားသည့် ပြောင်းရွှေ့ကြေးပေးချေရန် အစီအစဉ်မရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- တောင်ပံကစားသမားအယ်မီရွှန် အသင်းမှထွက်ခွာသွားသည်မှာခြောက်နှစ်ကျော်ခဲ့သော်လည်း ယခုအပြောင်းအရွှေ့ကာလတွင် အတ္တလန်တာအသင်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ကြေညာခဲ့သည်။
- ဘာစီလိုနာအသင်းသည် ခံစစ်ကစားသမားအာရူဂျိုကို ၂၀၃၁ ခုနှစ်ထိသက်တမ်းတိုးခဲ့ပြီးနောက် ကွင်းလယ်ကစားသမား ဂါဗီကိုလည်း ၂၀၃၀ ပြည့်နှစ်ထိ သက်တမ်းထပ်မံတိုးနိုင်ခဲ့သည့်အပြင် တောင်ပံကစားသမားရာဖင်ဟာကိုလည်း သက်တမ်းတိုးနိုင်ရန် ဆွေးနွေးလျက်ရှိသည်။
- ဝုဖ်အသင်းကိုတစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် လူးဝစ်စကယ်လီ၏ အငြင်းပွားဖွယ်ရာအနီကတ်ပြစ်ဒဏ်နှင့် ပတ်သက်၍အက်ဖ်အေသို့အယူခံတင်သွင်းမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းနည်းပြအာတီတာက ပြောကြားခဲ့သည်။ ML

# Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ စတင်ယှဉ်ပြိုင်ကစား

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပမည့် Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်းပါ နှစ်အုပ်စု၊ လေးသင်းပါ ခြောက်အုပ်စု စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၃၄ သင်းဖြင့်ကျင်းပလျက်ရှိနေပြီး အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။



Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် နံနက် ၈ နာရီက Idiots FC အသင်းနှင့် The Lion FC အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး နံနက် ၉နာရီခွဲက Team F–3 အသင်းနှင့် Megical Treasures အသင်းတို့ကစားခဲ့ရာ Team F–3 အသင်းက ကိုးဂိုး ငါးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီက 135 Family U–18 အသင်းနှင့် Shwe Taung Kone အသင်းတို့ ကစားခဲ့ရာ 135 Family U–18 အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

အလားတူ မွန်းလွဲ ၁၂နာရီခွဲက Khaing MyalThitsar အသင်းနှင့်TG Old Star အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၂ နာရီက Thar Thar အသင်းနှင့် Top One အသင်းတို့ ကစားခဲ့ရာ Top One အသင်းက လေးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကာ ညနေ ၃ နာရီခွဲက AK United အသင်းနှင့် Empire အသင်းတို့ ကစားခဲ့ရာ AK United အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

Royal–D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို လာမည့် ဖေဖော်ဝါရီ ၄ ရက်ထိ မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှိ Multipurpose Stadium တွင် ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီးတွင် ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၆ရက်နှင့် ၇ ရက်တို့တွင်လည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဖေဖော်ဝါရီ ၈ ရက်တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များကို ဖေဖော်ဝါရီ ၉ ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီနှင့် ဗိုလ်လုပွဲစဉ်ကို နံနက် ၁၀ နာရီတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# IBF ၊ IBO ၊ WBO စူပါဘင်တန်ဝိတ်တန်းချန်ပီယံခါးပတ်များကို စကော့နေးဆွတ်ခူး



**နော်တင်ဟမ် ဇန်နဝါရီ ၂၆**

IBF၊ IBO၊ WBO အမျိုးသမီး စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်များအတွက် အင်္ဂလန်လက်ဝှေ့မယ်စကော့နေးနှင့် နယူးဇီလက်ဝှေ့မယ်မိုတူတို့ ယနေ့တွင် အင်္ဂလန်နိုင်ငံ နော်တင်ဟမ်မြို့တွင် ထိုးသတ်ခဲ့ရာ စကော့နေးက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုများအား ဆွတ်ခူးနိုင်ခဲ့သည်။

ရှုံးပွဲမရှိသည့် လက်ဝှေ့မယ်နှစ်ဦးဖြစ်ကြသည့် IBF ၊ WBO စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စကော့နေးနှင့် IBO စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံမိုတူတို့၏ စိန်ခေါ်ပွဲသည် ပရိသတ်များမျှော်လင့်ထားသည့်အတိုင်း အကြိတ်အနယ်ရှိခဲ့သလို ဖျော်ဖြေမှုအပြည့်အဝပေးနိုင်သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။

အသက် ၂၆ နှစ်အရွယ် စကော့နေးနှင့် အသက် ၃၆ နှစ် အရွယ် မိုတူတို့အကြား အသက်အရွယ်ကွာဟချက်ရှိခဲ့သော်လည်း အတွေ့အကြုံပိုင်းအရ မိုတူက သာလွန်သော်လည်း အသက်အရွယ် ၁၀နှစ်ထိကွာဟနေမှုက ကြံ့ခိုင်မှုနှင့် လျင်မြန်မှုအပိုင်းတွင် သိသိသာသာကွာဟပြီး ထိုးသတ်ခဲ့သော ၁၀ ချီတွင် မိုတူအနေဖြင့် တစ်ချီသာ အသာရခဲ့သည်။

စကော့နေးက "မိုတူဟာ တကယ့်ချန်ပီယံ တစ်ယောက်ပါ။ မာဂုဏ်ရှိပြီးတော့ သူဘာလို့ ရှုံးပွဲမရှိသေးတာလဲဆိုတာကိုသူနဲ့ ရင်ဆိုင်မှ ကောင်းကောင်းသိလိုက်ရတယ်။ ကျွန်မအနေနဲ့ သူ့အပေါ်မှာ လေးစားမှု အပြည့်အဝရှိပါတယ်။ စိန်ခေါ်ပွဲ ၂၀ ထိုးသတ်ထားပြီး တစ်ပွဲမျှ မရှုံးဖူးသေးတဲ့ ပြိုင်ဘက်တစ်ယောက်ကို အနိုင်ထိုးသတ်နိုင်ခဲ့လို့ ကျွန်မအနေနဲ့ တကယ်ကို ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ဘင်ဖီကာကစားသမားကာရီးရက်စ်ကို ပြန်လည်ခေါ်ယူရန် မန်ယူအသင်းဆုံးဖြတ်

**မန်ချက်စတာ ဇန်နဝါရီ ၂၆**

မန်ယူအသင်းသည် ဘင်ဖီကာအသင်းသို့ ရောင်းချထားသည့် ခံစစ်ကစားသမား ကာရီးရက်စ်ကို ယခုအပြောင်းအရွှေ့ကာလတွင် စာချုပ်ပါသဘောတူညီမှုအရ ယူရိုသန်း ၂၀ ဖြင့် ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ခံစစ်ကစားသမား ကာရီးရက်စ်သည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ဘင်ဖီကာအသင်းသို့ ကနဦးအငှားစာချုပ်ဖြင့်ရောက်ရှိခဲ့သော်လည်း စာချုပ်ကုန်ဆုံးချိန်တွင် ဘင်ဖီကာအသင်းက ပြောင်းရွှေ့ကြေးယူရို ခြောက်သန်းဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီးနောက် ခံစစ်ပိုင်းလိုအပ်ချက်အတွက် စာချုပ်ပါသဘောတူညီချက်အရ ယူရိုသန်း ၂၀ ဖြင့် ပြန်လည်ခေါ်ယူမည်ဖြစ်သည်။

မန်ယူအသင်းသည် အစောပိုင်းက စီးရီးအေကလပ် လက်ချီအသင်းကခံစစ်ကစားသမားဒိုဂူကို ခေါ်ယူရန် နီးစပ်ခဲ့သော်လည်း နောက်ဆုံးအဆင့် ဆွေးနွေးမှု မအောင်မြင်ခဲ့သောကြောင့် အသင်းကစားသမားဟောင်း ကာရီးရက်စ်ကိုသာပြန်လည်ခေါ်ယူ၍ ခံစစ်ပိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းသွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိကာရီးရက်စ်သည် မန်ယူအသင်းတွင်ကစားခဲ့စဉ်က ယူ-၂၁ အသင်းတွင်သာ ကစားခဲ့ရကာ အသင်းကြီးနှင့် ပူးပေါင်းခွင့် မရခဲ့သော်လည်း ဘင်ဖီကာအသင်းသို့ ရောက်ရှိခဲ့ပြီးနောက်ပိုင်း ပထမအသင်းကြီးနှင့်အတူပြိုင်ပွဲစုံ ၄၇ ပွဲထိ ပါဝင်ခွင့်ရခဲ့ကာ သွင်းဂိုးလေးဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြနိုင်ခဲ့သောကြောင့် နည်းပြအာမိုရင်က ကစားသမား၏ စွမ်းဆောင်ရည်ကို နှစ်သက်နေသဖြင့် အသင်းကြီးနှင့်အတူ ပွဲထွက်ခွင့်ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအက်ဖ်စီအသင်းကို ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိ




**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက်အသင်းက ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပွဲချိန် ၂၅ မိနစ်တွင် နိုင်ဇင်ထက် မြဝတီအက်ဖ်စီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၄၅မိနစ်တွင်ထက်ဖြိုးဝေက ချေပဂိုးပြန်လည် သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ပိုမိုတိုက်စစ်မြင့်တင်ဖိအားပေးကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်း ခက်ခက်ခဲခဲထိန်းချုပ် ကစားခဲ့သော်လည်း ပွဲချိန် ၆၁မိနစ်နှင့် ၆၇ မိနစ်တို့တွင် ဒါဆေးဗားလ်၊ ပွဲချိန် ၇၆မိနစ်တွင် ရဲရင့်အောင်၊ ပွဲချိန် ၉၂မိနစ်တွင် ကျော်ကိုကိုတို့က ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ရှမ်းယူနိုက်တက်အသင်းမှထက်ဖြိုးဝေက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# ယခုနှစ်ဘောလုံးရာသီတွင် နည်းပြမော့တာ၏ ဂျူဗင်တပ်အသင်း ပထမဆုံးရှုံးပွဲကြုံတွေ့

**ဘာလင် ဇန်နဝါရီ ၂၆**

စီးရီးအေ အမှတ်ပေးပြိုင်ပွဲအဖြစ်နာပိုလီအသင်းနှင့်ဂျူဗင်တပ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် နာပိုလီအသင်းက ဂျူဗင်တပ်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် နည်းပြမော့တာ၏ ဂျူဗင်တပ်အသင်းသည် ယခုနှစ် အမှတ်ပေးပြိုင်ပွဲတွင် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

ဂျူဗင်တပ် အသင်းသည် စီးရီးအေပြိုင်ပွဲ ၂၁ ပွဲကစားပြီးချိန်ထိ ရှစ်ပွဲနိုင် ၊၁၃ ပွဲသရေဖြင့် ရှုံးပွဲမရှိဖြင့် ရပ်တည်နေသော်လည်း နာပိုလီအသင်းနှင့် ပွဲစဉ်တွင် နောက်ကျချေပဂိုးများဖြင့် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် အမှတ်ပေးပြိုင်ပွဲ ရှုံးပွဲမရှိ စံချိန်ရပ်တန့်ခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် ဂျူဗင်တပ်အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့သဖြင့် ပထမပိုင်း ပွဲကစားချိန် ၄၃ မိနစ်အရောက်တွင် မူအာနီ၏ ဦးဆောင်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဒုတိယပိုင်းတွင် နာပိုလီအသင်း၏ တိုက်စစ်ပိုင်းထက်မြက်လာမှုနှင့်အတူ ဂျူဗင်တပ်အသင်း ခံစစ်ကစားပုံ ကျဆင်းခဲ့သဖြင့် ပွဲကစားချိန် ၅၇ မိနစ်တွင် အန်ဂစ်ဆာ၊ ပွဲကစားချိန်၆၉မိနစ် အရောက်တွင် တိုက်စစ်မှူးလူကာကူတို့က ချေပဂိုးနှင့် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သောကြောင့် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စီးရီးအေ အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၂၂အပြီးတွင် နာပိုလီအသင်းက ၁၇ ပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံး ရမှတ် ၅၃ မှတ်ဖြင့် အမှတ်ပေးဇယားကိုဦးဆောင်နိုင်ခဲ့ပြီး ဂျူဗင်တပ်အသင်းက ရှစ်ပွဲနိုင်၊ ၁၃ ပွဲသရေတစ်ပွဲရှုံးဖြင့် ရမှတ် ၃၇ မှတ်သာရရှိခဲ့သဖြင့် အဆင့် (၅) နေရာတွင်ရပ်တည်နေပြီးနာပိုလီအသင်းနှင့် ရမှတ် ၁၆ မှတ်ထိ ကွာဟနေသောကြောင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ရန် အခွင့်အရေးနည်းပါးနေကြောင်းသိရသည်။ **Ref : Fotmob**

**Trs : ML**

# သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲချန်ပီယံဆုကို ဂျန်နစ်ခ်ဆင်နာဆွတ်ခူး

**မဲလ်ဘုန်း ဇန်နဝါရီ ၂၆**

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပခဲ့သည့် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အီတလီတင်းနစ်ကစားသမားဂျန်နစ်ခ်ဆင်နာက ဂျာမနီတင်းနစ်ကစားသမားဇီရက်ဖ်အား (၆-၃ ၊ ၇-၆ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အသက် ၂၃ နှစ်အရွယ် ဂျန်နစ်ခ်ဆင်နာအတွက် သြစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ်လည်းမှတ်တမ်းဝင်ခဲ့သည်။

ဇီရက်ဖ်သည်ချန်ပီယံလက်စွမ်းမျိုးဖြင့် ဗိုလ်လုပွဲအဆင့်ကို တက်ရောက်လာနိုင်ခဲ့သော်လည်း ဗိုလ်လုပွဲအဆင့်တွင် ဂျန်နစ်ခ်ဆင်နာ၏ တစ်ဖက်သတ်ဖိအားပေးမှုဖြင့်သာ ရင်ဆိုင်ခဲ့ရပြီး ပြတ်သားသည့် ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ပရိသတ်များ မျှော်လင့်ထားသော ဗိုလ်လုပွဲအဆင့် ပွဲစဉ်မျိုး မဟုတ်ခဲ့ဘဲ ဂျန်နစ်ခ်ဆင်နာက သက်သောင့်သက်သာဖြင့်သာအနိုင်ရရှိခဲ့သည်။

ဂျန်နစ်ခ်ဆင်နာ အနေဖြင့် ဗြိတိန်ဂန္ထဝင်တင်းနစ်ကစားသမားဟောင်း အင်ဒီမာရေး၊ ဆွစ်ဇာလန်နာမည်ကြီး တင်းနစ်ကစားသမားဝေါရင်ခါတို့နှင့်အတူ ဂရန်းစလန်းဆုဖလားသုံးလုံး ရရှိထားသည့် ကစားသမားစာရင်းတွင် ရပ်တည်ခွင့်ရခဲ့သည်။



ဂျန်နစ်ခ်ဆင်နာက “ပထမဆုံး ကျွန်တော် ပြောချင်တာကတော့ ဇီရက်ဖ်နဲ့ပတ်သက်ပြီး ပြောချင်ပါတယ်။ ဇီရက်ဖ်ဟာ တကယ့်ကို ခက်ခဲတဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ဖြစ်သလို ချန်ပီယံဆုနဲ့လဲထိုက်တန်တဲ့ကစားသမားပါ။ ဇီရက်ဖ်ရဲ့ နည်းပြအဖွဲ့ဟာလဲ မယုံကြည်နိုင်လောက်အောင် ကောင်းမွန်တဲ့ နည်းပြအဖွဲ့ဖြစ်ပါတယ်။ ဗိုလ်လုပွဲစဉ်မှာ ရှုံးနိမ့်ခဲ့ပေမဲ့လဲ အကောင်းဆုံးပုံစံနဲ့ ပြန်လာနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော့်အနေနဲ့ကတော့ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်တဲ့ ကစားသမားစာရင်းမှာ ပါဝင်ခွင့်ရခဲ့လို့လဲ ဝမ်းသာဂုဏ်ယူပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# Farmers Insurance Openဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဟာရစ်အင်္ဂလိချ် ဆွတ်ခူး

**ဆန်ဒီယေဂို ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံ ဆန်ဒီယေဂိုမြို့တွင်ကျင်းပခဲ့သည့် Farmers Insurance Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမားဟာရစ်အင်္ဂလိချ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက် လျော့ရိုက်ကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားဆမ်စတီဗင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် အန်ဒရူးနိုဗက်ခ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ပထမနေ့နှင့် ဒုတိယနေ့များ၌သာပြိုင်ပွဲဝင်များ ရလဒ်ကောင်းခဲ့ကြပြီး တတိယနေ့မှစတင်၍ ပြိုင်ပွဲဝင်များရလဒ်သိသိသာသာ ကျဆင်းလာခဲ့ကြသည်။

ရလဒ်များ ကျဆင်းနေချိန် အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့သည့် ဟာရစ်အင်္ဂလိချ်က တတိယနေ့မှစတင်၍ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး နောက်ဆုံးနေ့ထိရလဒ်ကောင်းကို ထိန်းသိမ်းနိုင်ခဲ့၍ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟာရစ်အင်္ဂလိချ်က “ပြိုင်ပွဲစကတည်းက ကျွန်တော်ပြောခဲ့ဖူးတယ်။ ဒီဂေါက်ကွင်းဟာ ကစားရခက်သလိုဒီပြိုင်ပွဲဟာလဲ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ဖို့အတွက် ခက်ခဲတဲ့ပြိုင်ပွဲဖြစ်ပါတယ်။ ဒီလိုခက်ခဲတဲ့ပြိုင်ပွဲမျိုးမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ စိတ်လှုပ်ရှားမှုကအမြင့်ဆုံးပါပဲ။ ပျော်စရာလဲကောင်းပါတယ်။ ဘဝအတွက် အမှတ်ရစရာတွေလဲ အများကြီး ကျန်ခဲ့ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**




# Smash-it With Voliniကြက်တောင်ရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ရက်တွင် ကျင်းပသွားမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

Smash-it With Volini အမည်ရှိ ကြက်တောင်ရိုက်ပြိုင်ပွဲကို လာမည့် ဖေဖော်ဝါရီ ၉ရက်တွင် ရန်ကုန်မြို့ရှိ Legacy Sports Arenaတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားများဖြစ်သည့် သာမန်တန်း အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ သက်လတ်တန်းနှစ်ယောက်ပေါင်း အသက် ၈၀နှစ်နှင့်အထက်ပြိုင်ပွဲ၊ ဝါသနာရှင်တန်း အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

Smash-it With Volini ကြက်တောင်ရိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဒိုင်ကော်မတီ၏ တာဝန်ပေးအပ်မှုဖြင့် ဒိုင်ချုပ်နှင့်ဒိုင်လူကြီးများက တာဝန်ယူကြီးကြပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲကို ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်၏ နောက်ဆုံး ထုတ်ပြန်ထားသည့် အားကစားနည်း ဥပဒေများနှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆုကြေးငွေများအဖြစ်သာမန်တန်းအမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ် ၁၀သိန်း၊ ဒုတိယဆုကို ငွေကျပ် ငါးသိန်း၊ ပူးတွဲတတိယဆုကို ငွေကျပ်နှစ်သိန်း၊ သက်လတ်တန်းနှစ်ယောက်ပေါင်း အသက် ၈၀နှစ်နှင့်အထက်ပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ်ခြောက်သိန်း၊ဒုတိယဆုကို ငွေကျပ်သုံးသိန်းနှင့် ပူးတွဲတတိယဆုကို ငွေကျပ် တစ်သိန်း၊ဝါသနာရှင်တန်း အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုကို ငွေကျပ်ငါးသိန်း၊ ဒုတိယဆုကို ငွေကျပ်နှစ်သိန်းနှင့် ပူးတွဲတတိယဆုကို ငွေကျပ် တစ်သိန်းချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။

Smash-it With Volini ကြက်တောင်ရိုက် ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ကြက်တောင်မယ်သက်ထားသူဇာ အနေဖြင့်လည်း သရုပ်ပြပွဲစဉ်အဖြစ် လာရောက်ကစားမည် ဖြစ်ကြောင်း သိရသည်။

**STA**

# သီရိလင်္ကာ - တရုတ်ဆက်ဆံရေး အလားအလာ

**ဝင်းဇင်(သုတေသန)**

သီရိလင်္ကာနိုင်ငံသမ္မတ အနုရာကုမာရဒစ်စာနာယာကီသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၁၇ ရက်ထိ တရုတ်နိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ဟန်ဘန်တိုတာမြို့၌ ရေနံချက်စက်ရုံထူထောင်ရန် Sinopecနှင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံတန်ဖိုးရှိသော စာချုပ်တစ်ခုအပါအဝင် သဘောတူစာချုပ်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သီရိလင်္ကာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးသည် အခြားသောသဘောတူညီချက် ၁၅ ခု၏ အသေးစိတ်အချက်အလက်များကိုလည်း မကြာမီထုတ်ပြန်သွားရန် မျှော်မှန်းထားရှိသည်။


အဓိကကျသော သဘောတူညီချက်များတွင် ကိုလံဘိုဆိပ်ကမ်း၊ ဟန်ဘန်တိုတာဆိပ်ကမ်းကဲ့သို့ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) အဆင့်မြှင့်တင်ခြင်း၊ ငွေကြေးဖလှယ်မှုသဘောတူညီချက်၊ ကုန်သွယ်မှု၊ စိုက်ပျိုးရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ပညာရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတို့တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးတို့ ပါဝင်သည်။ တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံ၏ ကြွေးမြီပြန်လည်ထူထောင်မှုတွင် ကူညီသွားရန် အခိုင်အမာဆုံးဖြတ်ထားပြီး အုပ်ချုပ်ပံ့ပိုးမှု၊ အစိမ်းရောင်ဖွံ့ဖြိုးမှုနှင့် ဒစ်ဂျစ်တယ်ကူးပြောင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုများကို ပေးရန် ကတိကဝတ်ပြုထားသည်။

နှစ်နိုင်ငံသည် ပင်လယ်ရေကြောင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် ခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှတစ်ဆင့် ပြည်သူများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုများ မြှင့်တင်သွားရန် သဘောတူညီခဲ့သည်။ တရုတ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍနှင့် ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်း ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ နှစ်နိုင်ငံစလုံးသည် တရားစီရင်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပေါ် အလေးထားခဲ့ပြီး နိုင်ငံပေါင်းစုံဝါဒနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် မျှဝေလုပ်ဆောင်သွားရန် ကတိကဝတ်ပြုခဲ့ကြသည်။

သီရိလင်္ကာနိုင်ငံသမ္မတ အနုရာကုမာရဒစ်စာနာယာကီသည် တရုတ်နိုင်ငံခေါင်းဆောင်များကို သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သဖြင့် အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုနှင့် မျှဝေထားသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို အခြေခံလျက် ခိုင်မာအားကောင်းသော နှစ်နိုင်ငံဆက်ဆံရေးထူထောင်သွားလိုသည့် ဆန္ဒကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ သီရိလင်္ကာနိုင်ငံသမ္မတ၏ ခရီးစဉ်သည် တရုတ်နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်မှစ၍ သီရိလင်္ကာနိုင်ငံကဲ့သို့သော ကမ္ဘာ့တောင်ခြမ်းနိုင်ငံများနှင့် မည်သို့ မည်ပုံ အလေးထားဆက်ဆံနေသည်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

တရုတ်နိုင်ငံသည် BRI စတင်အကောင်အထည်ဖော်သည့် နှစ်များတွင် အကြီးစားအခြေခံအဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် ချေးငွေအမြောက်အမြားထုတ်ချေးပေးရန် ကမ်းလှမ်းခဲ့သည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ခေါင်းဆောင်များအတွက် ပကာသနဆန်သော စီမံကိန်းများသည် တရုတ်နိုင်ငံကို ဒုက္ခရောက်စေခဲ့သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် ၎င်းတို့နှင့်အတူ လက်တွဲလုပ်ဆောင်မည့်သူနှင့် ရန်ပုံငွေထုတ်ပေးမည့် အကြောင်းအရာတို့နှင့် စပ်လျဉ်း၍ ပိုမိုစဉ်းစားသုံးသပ်လုပ်ဆောင်လာခဲ့သည်။ အကျိုးဆက်အနေဖြင့်တရုတ်နိုင်ငံသည်ဘဏ္ဍာရေးအရ အလားအလာရှိသော စီမံကိန်းများတွင်သာ ရန်ပုံငွေ ပိုမိုထုတ်ပေးလာခဲ့သည်။ ထို့ကြောင့် မကြာသေးမီနှစ်များအတွင်း သီရိလင်္ကာနိုင်ငံခေါင်းဆောင်များ၏ တရုတ်နိုင်ငံခရီးစဉ်သည် အကောင်အထည်ပြစရာမရှိဘဲ လက်ဗလာ နှင့်သာပြန်လည်တပ်ခေါက်လာခဲ့ရသည်။

သီရိလင်္ကာနိုင်ငံ၏ အာဏာရ အမျိုးသားပြည်သူ့ပါတီ(NPP)သည် တိုင်းပြည်ကို စက်မှုနိုင်ငံထူထောင်ရန်၊ ဆင်းရဲမှုလျှော့ချရန်နှင့် စိုက်ပျိုးရေး



လုပ်ငန်း ခေတ်မီအဆင့်မြှင့်တင်ရန် ကတိကဝတ်များဖြည့်ဆည်းနိုင်ရေး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆွဲဆောင်သွားရန် လိုအပ်သည်။ ထိုသို့လုပ်ဆောင်ရန်သည် မလွယ်ကူသောကိစ္စပင်ဖြစ်သည်။

တရုတ်နိုင်ငံသည် ယုံကြည်စိတ်ချရပြီး လေးနက်သော မိတ်ဖက်နိုင်ငံများ ရှာဖွေခဲ့သည့်အချိန်တွင် သီရိလင်္ကာနိုင်ငံအနေဖြင့် မှီခိုအားထားရခြင်းမရှိသော မိတ်ဖက်နိုင်ငံအခြေအနေသို့ ရောက်ရှိနေခဲ့သည်။ ထို့ကြောင့် သီရိလင်္ကာအစိုးရအနေဖြင့် တရုတ်ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ဝင်ရောက်လာစေရန်နှင့် ရှေ့နောက်ညီညွတ်သောမူဝါဒနှင့် တည်ငြိမ်အေးချမ်းမှုများကို ခိုင်မာအောင် လုပ်ဆောင်ပြီး တရုတ်နိုင်ငံက ပြန်လည်လက်ခံယုံကြည်လာစေရေး လုပ်ဆောင်သွားရန် လိုအပ်သည်။

သီရိလင်္ကာနိုင်ငံသမ္မတ အနုရာကုမာရဒစ်စာနာယာကီ၏ တရုတ်နိုင်ငံခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့သော သဘောတူညီချက်များသည် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ ဟန်ဘန်တိုတာမြို့တွင် ရေနံချက်စက်ရုံတည်ဆောက်ရေး သဘောတူညီချက်သည် နှစ်ပေါင်းအတန်ကြာ ဆွေးနွေးခဲ့ရပြီး တရုတ်နိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံသမ္မတ၏ ခရီးစဉ်အတွင်း စာချုပ်ကို တရားဝင်အတည်ပြုခဲ့သည်မှာ ပထမဆုံးအကြိမ်ပင်ဖြစ်သည်။ ဟန်ဘန်တိုတာ၏နိုင်ငံတကာဆိပ်ကမ်းအဖွဲ့(HIPG)သည် ဟန်ဘန်တိုတာနိုင်ငံတကာဆိပ်ကမ်းကို တဖြည်းဖြည်းချင်း တည်ဆောက်လျက်ရှိပြီး ၎င်းဆိပ်ကမ်း၌ ရေနံချက်စက်ရုံတည်ဆောက်ရန် HIPG နှင့် Sinopec တို့က စီမံချက်ကို သေချာစွာရေးဆွဲထားရှိသည်။ ရေနံချက်စက်ရုံသည် ဟန်ဘန်တိုတာစက်မှုဇုန်ကိုလည်း အကျိုးပြုသွားလိမ့်မည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံသမ္မတ အနုရာကုမာရဒစ်စာနာယာကီအစိုးရအဖွဲ့သည် ခြိုးခြံချွေတာရေးအစီအမံများနှင့် ရုန်းကန်လှုပ်ရှားနေရပြီး နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏ ကန့်သတ်ချက်များကြောင့် ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများဖြစ်ပေါ်နေသည့်အချိန်တွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူဖြစ်စေခဲ့သည်။

တရုတ်နိုင်ငံသည် အနုရာကုမာရဒစ်စာနာယာကီကို ယခင် သီရိလင်္ကာနိုင်ငံခေါင်းဆောင်များထက် ပိုမိုနွေးထွေးစွာ ကြိုဆိုလက်ခံခဲ့သည်။ အနုရာကုမာရဒစ်စာနာယာကီသည် တီအန်မင်ရင်ပြင်ရှိ ပြည်သူ့သူရဲကောင်းများ အထိမ်းအမှတ်အဆောက်အအုံ၌ ပန်းခွေချခဲ့ပြီး မော်စီတုန်းအထိမ်းအမှတ်အဆောက်အအုံတွင်လည်း ပန်းခွေချအလေးပြုခဲ့သည်။ အနုရာကုမာရဒစ်စာနာယာကီနှင့် NPP သည် တရုတ်ကွန်မြူနစ်ပါတီကို မည်သို့မည်ပုံ ဆက်ဆံသွားရမည်ကို နားလည်သဘောပေါက်ထားပြီးဖြစ်သည်။

သီရိလင်္ကာနိုင်ငံသမ္မတအနုရာကုမာရဒစ်စာနာယာကီနှင့် NPP တို့ကို နိုင်ငံခြားရေးမူဝါဒပိုင်းတွင် အတွေ့ကြုံနည်းပါးသည်ဟု ရှုမြင်မှုများရှိနေသော်လည်း သီရိလင်္ကာ၏ အရေးပါသော မိတ်ဖက်နိုင်ငံများကို မည်သို့မည်ပုံရှာဖွေရမည်ကို ၎င်း၏ တရုတ်ခရီးစဉ်က ထင်ဟပ်စေလျက်ရှိသည်။ ၎င်းခရီးစဉ်အတွင်း အားရကျေနပ်ဖွယ်ကောင်းသည့် အရိပ်အယောင်များကို တွေ့ရှိခဲ့သည်။

သီရိလင်္ကာနိုင်ငံသမ္မတအနုရာကုမာရဒစ်စာနာယာကီသည် ပေကျင်းသို့ ရောက်ရှိစဉ် တရုတ်တစ်နိုင်ငံတည်းမူဝါဒအပေါ် သီရိလင်္ကာနိုင်ငံ၏ ထောက်ခံမှုကို ထပ်လောင်းအတည်ပြုခဲ့ပြီး ယခင် သီရိလင်္ကာခေါင်းဆောင်များထက် ပိုမိုစိတ်အားထက်သန်မှုကို ပြသခဲ့သည်။ သီရိလင်္ကာနိုင်ငံအနေဖြင့် တရုတ်ဆန့်ကျင်ရေးခွဲထွက်လှုပ်ရှားမှုမှန်သမျှကို ၎င်း၏မြေပေါ်တွင် ခွင့်ပြုသွားမည်မဟုတ်ကြောင်းနှင့် တိဘက်နှင့် ရှင်ကျန်းပြည်နယ်အရေးတို့နှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံကို အခိုင်အမာထောက်ခံသွားမည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံသမ္မတ အနုရာကုမာရဒစ်စာနာယာကီက ပြောကြားသွားခဲ့သည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံအစိုးရသည် တရုတ်နိုင်ငံနှင့် NPP တို့၏ ဆက်ဆံရေးအပေါ် အိန္ဒိယနှင့် အမေရိကန်တို့၏ အမြင်နှင့်ပတ်သက်၍ အထူးသတိထားလုပ်ဆောင်သွားရန်လည်း လိုအပ်လျက်ရှိသည်။ ၁၉၅၀ ပြည့်နှစ်မှစ၍ အိန္ဒိယနိုင်ငံသည် တောင်အာရှကို ၎င်း၏ လွှမ်းမိုးမှုအောက်တွင်သာရှိသည်ဟု သဘောထားလျက်ရှိပြီး လက်ရှိအချိန်ထိ ၎င်းမူဝါဒအတိုင်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံအနေဖြင့် တောင်အာရှဒေသတွင် ၎င်း၏အကျိုးစီးပွားကို ဒုက္ခပေးနိုင်သည်ဟု ယူဆသော အင်အားကြီးနိုင်ငံတစ်နိုင်ငံ တည်ရှိမှုကို လက်ခံနိုင်လိမ့်မည်မဟုတ်ပေ။ အိန္ဒိယနိုင်ငံသည် BRI အရ တရုတ်နိုင်ငံ၏ စီးပွားရေးခြေလှမ်းတိုးချဲ့လာမှုနှင့် အင်ဒို-ပစိဖိတ်မူဘောင်မှတစ်ဆင့် အမေရိကန်၏ မဟာဗျူဟာမြောက် အကျိုးစီးပွားများအပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။ အမေရိကန်နိုင်ငံအနေဖြင့်လည်း အိန္ဒိယနိုင်ငံနှင့် ခိုင်မာအားကောင်းသောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားရှိစဉ် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကို တန်ပြန်ထိန်းညှိနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့် အင်အားကြီးနိုင်ငံ သုံးနိုင်ငံယှဉ်ပြိုင်မှုကြားတွင် လမ်းကြောင်းရှာဖွေနေရသည့် သီရိလင်္ကာနိုင်ငံ၏ NPP အစိုးရသည် အမျိုးသားအကျိုးစီးပွားကို ဦးစားပေးဆောင်ရွက်သကဲ့သို့ အင်အားကြီးနိုင်ငံများ၏ ပြိုင်ဆိုင်မှုကြားတွင် ချောင်ပိတ်မခံရစေရေး နိုင်ငံခြားရေးမူဝါဒကို ဟန်ချက်ထိန်းညှိဆောင်ရွက်သွားရန် လိုအပ်သည်။

သီရိလင်္ကာနိုင်ငံသမ္မတ အနုရာကုမာရဒစ်စာနာယာကီသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်ထိ အိန္ဒိယခရီးစဉ်အတွင်း သီရိလင်္ကာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် အပြုအမူများလုပ်ဆောင်ရေးအတွက် ၎င်း၏နယ်မြေကို အသုံးပြုခွင့်ပေးသွားမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ တောင်အာရှနိုင်ငံငယ်များအနေဖြင့် အိန္ဒိယနိုင်ငံ၏ အကျိုးစီးပွားထိခိုက်စေမည့် လှုပ်ရှားမှုများ လုပ်ဆောင်သွားမည်မဟုတ်ကြောင်း အခိုင်အမာပြောဆိုလျက်ရှိသော်လည်း အိန္ဒိယနိုင်ငံအနေဖြင့် လုံခြုံမှုရှိသည်ဟု မခံစားရသည့်အပြင် အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ လှုပ်ရှားဆောင်ရွက်မှုများသည် ဒေသကို အကျိုးဖြစ်ထွန်းလိမ့်မည်ဟုလည်း ရှုမြင်ထားခြင်း မရှိပေ။

သီရိလင်္ကာနိုင်ငံ၏ အာဏာရ အမျိုးသားပြည်သူ့ပါတီ (NPP)သည် ပြည်တွင်းရေးရာကို အာရုံစိုက်သည့်ပါတီတစ်ခုဖြစ်ပြီး စီးပွားရေး၊ စက်မှု၊ စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်သူများစွာရှိနေသည်။ သို့သော် နိုင်ငံခြားရေးမူဝါဒပိုင်းတွင် အကြံပေးနိုင်သူမရှိသည့်အတွက်ကြောင့် နိုင်ငံရေးသဘောသက်ဝင်လျက်ရှိသည့် ပြည်ပဝန်ဆောင်မှုလုပ်ငန်းများအပေါ် မှီခိုအားထားရလျက်ရှိသည်။ သီရိလင်္ကာနိုင်ငံအစိုးရအနေဖြင့် တရုတ်၊ အိန္ဒိယနှင့် အမေရိကန်တို့ကို ဟန်ချက်ထိန်းညှိနိုင်ရေးအတွက် ပြည်ပဝန်ဆောင်မှုလုပ်ငန်းများအပေါ် မျှော်လင့်နေ၍ ရမည်မဟုတ်ချေ။ ထို့ကြောင့် သီရိလင်္ကာနိုင်ငံ၏ အာဏာရ အမျိုးသားပြည်သူ့ပါတီ (NPP) သည် နိုင်ငံခြားရေးမူဝါဒပိုင်းတွင် စွမ်းဆောင်ရည် တိုးတက်ရေးအတွက် ပိုမိုလေ့လာအားထုတ်ကြိုးပမ်းသွားရန် လိုအပ်လျက်ရှိပေသည်။

**ကိုးကား**

– Sri Lankan President Seals Several Deals in China by the Diplomat.

ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Confluence Group Art Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ



**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် Confluence Group Art Exhibition ပန်းချီပြပွဲကို ဇန်နဝါရီ ၂၅ ရက်မှ စတင်ပြသလျက်ရှိကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ အောင်သွင်ဦးက ပြောပြ၍ သိရသည်။

အဆိုပါ Confluence Group Art Exhibition ပန်းချီပြပွဲတွင် နာမည်ရပန်းချီဆရာခုနစ်ဦး ပါဝင်ရေးဆွဲထားသည့် လက်ရာစုံ၊ အရောင်အသွေးစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို ပြသပေးထားကြောင်း သိရသည်။

"Artistic Space Art Gallery မှာ Confluenceလို့ အမည်ပေးထားတဲ့ ဝါရင့်ပန်းချီဆရာ ခုနစ်ယောက်တို့ရဲ့ Group Art Exhibition ပြပွဲကို တင်ဆက်ပေးမှာဖြစ်ပါတယ်။ ဒီပြပွဲကို ဇန်နဝါရီ ၂၅ ရက်ကနေ ၂၉ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသသွားမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြဖို့ လေးစားစွာဖိတ်ကြားလိုက်ရပါတယ်"ဟု ပန်းချီ အောင်သွင်ဦးက ပြောပြသည်။

အဆိုပါ Confluence Group Art Exhibition ပန်းချီပြပွဲတွင် ပန်းချီ အောင်သွင်ဦး၊ အောင်သူရ၊ ချစ်နှင်းအိမ်၊ စိုင်းပြည့်စုံအေး၊ စစ်မိုးအောင်၊ ဒိတ်တို့၏ ပန်းချီကားများ ပါဝင်ပြသထားကြောင်း သိရသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x ၂၄) လက်မ၊ (၂၄ x ၂၄) လက်မ၊ (၁၈x ၂၄) လက်မ၊ (၁၈x ၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာလည်း အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# အော်စကာဆုပေးပွဲ၏ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်း၌ မင်းသား တင်မိုသီချားမက် ပါဝင်

**နယူးယောက် ဇန်နဝါရီ ၂၆**

ကမ္ဘာကျော် ဟောလိဝုဒ် မင်းသား တင်မိုသီချားမက်သည် အော်စကာ ဆုပေးပွဲများ၏ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်း၌ ပါဝင်ကြောင်း ဇန်နဝါရီ ၂၅ ရက် သတင်းများအရ သိရသည်။

မင်းသား တင်မိုသီချားမက်သည် A Complete Unknown ဇာတ်ကားဖြင့် ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်းတွင် ပါဝင်နေကြောင်း သိရသည်။

မင်းသား တင်မိုသီချားမက်သည် ၂၀၁၈ ခုနှစ် အော်စကာဆုပေးပွဲတွင်လည်း Call Me By Your Name ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့ဖူးသည်။

မင်းသား တင်မိုသီချားမက်သည် လက်ရှိတွင် အသက် ၂၉ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





# ထွန်းအိန္ဒြာဗို၏ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် The Heart of Rangoon- THOR Bar ၌ ပြုလုပ်မည်




**ရန်ကုန် ဇန်နဝါရီ ၂၆**

တေးသံရှင် ထွန်းအိန္ဒြာဗို၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် The Heart of Rangoon –THOR Bar ၌ ဇန်နဝါရီ ၃၀ ရက်၌ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ထွန်းအိန္ဒြာဗိုက ပြောပြ၍ သိရသည်။

အဆိုပါ တေးသံရှင် ထွန်းအိန္ဒြာဗို၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ထွန်းအိန္ဒြာဗို၏ သီဆိုဖျော်ဖြေမှုကို Mercury IX Band က အကောင်းဆုံးတီးခတ်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"The Heart of Rangoon –THOR Bar မှာ Mercury IX Music Band နဲ့အတူ ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ သီချင်းဟောင်း သီချင်းကောင်းလေးတွေနဲ့အတူ အားပါးတရ သီဆိုကြမှာမို့ အရောက်လာခဲ့ကြဖို့ ဖိတ်ခေါ်လိုက်ရပါတယ်" ဟု တေးသံရှင် ထွန်းအိန္ဒြာဗိုက ပြောပြသည်။

တေးသံရှင် ထွန်းအိန္ဒြာဗို၏ တစ်ကိုယ်တော် ဖျော်ဖြေမှုအစီအစဉ်ကို The Heart of Rangoon –THOR Bar ၌ ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီခွဲမှ စတင်ဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သိရသည်။ ASH

# ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ ဆန်ခါတင် စာရင်းများပေါ်ထွက်

**နယူးယောက် ဇန်နဝါရီ ၂၆**

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် အော်စကာဆုများ၏ ဆန်ခါတင်စာရင်းများကို ဇန်နဝါရီ ၂၅ ရက်တွင် ကြေညာခဲ့ကြောင်း ယနေ့သတင်းများအရသိရသည်။

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲ အော်စကာဆုများ ဆန်ခါတင်စာရင်းတွင် ယူနီဗာဆယ်ရုပ်ရှင်နှင့် လက်အောက်ခံစတူဒီယိုများမှ ရုပ်ရှင်ဇာတ်ကားများက ဦးဆောင်နေကြောင်း သိရသည်။

ယူနီဗာဆယ်နှင့် လက်အောက်ခံစတူဒီယိုများမှ ရုပ်ရှင်ဇာတ်ကားများက အော်စကာဆုပေးပွဲတွင် ဆုပေါင်း ၂၉ ဆု၊ Netflix ကုမ္ပဏီ၏ ရုပ်ရှင်ဇာတ်ကားများက အော်စကာဆုပေါင်း ၁၆ ခု၊ A24 ကုမ္ပဏီ၏ ရုပ်ရှင်ဇာတ်ကားများက အော်စကာဆု ၁၄ ဆု၊ ဒစ္စနီးအုပ်စု၏ ရုပ်ရှင်ဇာတ်ကားများက ဆုပေါင်း ၁၅ ဆု အဖြစ် ဆန်ခါတင်စာရင်းများတွင် အသီးသီးပါဝင်လျက်ရှိကြောင်း သိရသည်။

၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲကို ၂၀၂၅ ခုနှစ် မတ် ၂ ရက်တွင် လော့အိမ်ဂျလိစ်မြို့တော် အီဗာလီဟေးမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# မြန်မာ့လက်ဖက်စားသုံးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်နိုင်ရန် ဆောင်ရွက်နေ

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာ့လက်ဖက် စားသုံးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်နိုင်ရန်အတွက် ဆောင်ရွက်နေကြောင်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က ပြောပြ၍ သိရသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်အောင် ဆောင်ရွက်ခဲ့ပြီး ယခုနှစ်မတ်လတွင် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကိုလည်း UNESCO ၏ Representative List of the Intangible Cultural Heritage of Humanity တွင် စာရင်းဝင်နိုင်ရန် ဆောင်ရွက်လျက်ရှိကာ မြန်မာ့လက်ဖက်စားသုံးမှုဓလေ့ကိုလည်း ၂၀၂၆ ခုနှစ်တွင် UNESCO စာရင်းဝင်နိုင်ရန်အတွက် တင်သွင်းသွားမည် ဖြစ်ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် မတ်လထိ စာရင်းအရ မြန်မာနိုင်ငံမှာ အမျိုးသားအဆင့် ဒြပ်မဲ့စာရင်းအဖြစ် သတ်မှတ်ထားတဲ့ အမွေအနှစ်ပေါင်း နှစ်ထောင်ကျော်ရှိပါတယ်။ အဲဒီထဲက ယဉ်ကျေးမှုအမွေအနှစ်တွေကို သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းတွေက UNESCO စာရင်းဝင်အောင် တင်သွင်းရတာဖြစ်ပါတယ်။ UNESCO စာရင်းဝင်နိုင်ဖို့ တင်သွင်းတာကို တစ်နှစ်မှာ တစ်ခုသာတင်သွင်းနိုင်တဲ့အတွက် တစ်နှစ်တစ်ခုစီ တင်သွင်းသွားမှာဖြစ်ပါတယ်။ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်က ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒုတိယအကြိမ်အဖြစ် မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်တဲ့ဓလေ့ကို အခုနှစ်မတ်လမှာ တင်သွင်းမှာဖြစ်ပါတယ်"ဟု ဒေါ်စန္ဒာခင်က ပြောပြ၍ သိရသည်။ ASH

# The congratulatory message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to Sayadaw Setthañanalankara, the 17th Tipitakadhara Tipitakakovida title recipient in the 77th Tipitakadhara Tipitakakovida Selection Examination

## 25 January 2025

I respectfully submit this application.

I have known that this year's Tipitakadhara Tipitakakovida Selection Examination is being held at Maha Pasana Cave, which is a prominent monument of the 6th Buddhist Synod on Kaba Aye Hill in Yangon at the late of last year and in the early this year.

As my aspiration, I humbly wish for the emergence of venerable monks who will achieve the esteemed titles of Tipitakadhara and Tipitakakovida titles in the Tipitakadhara Tipitakakovida Selection Examination, which is one of the most prestigious and longest-running examinations, not only in Myanmar but also in the world.

Therefore, I eagerly awaited the final decision and announcement of the examination results from the Sayadaws of Tipitakadhara Tipitakakovida Selection Committee. This year, the examinee Sayadaw successfully passed two profound and intricate treatises namely Yamaka and Pathana which are the two last treatises of Abhidhamma Pitaka during the 77th examination. As a result, the examinee Sayadaw will receive the esteemed title of Tipitakadhara Tipitakakovida, along with the exam pass certificate, and a religious flag bearing the picture of honorary three-tier white umbrella with a yellow pivot. This brings an immeasurable sense of pride and joy, akin to experiencing boundless delight.

According to information from the Ministry of Religious Affairs and Culture, the revered monk was born in Ywabugyi village, YeU Township, Sagaing Region. In 1361 Myanmar Era, he was ordained as a noble monk under the preceptor Venerable Bhaddanta Indacara of the Sawbwalay Monastery, located at 7th-mile in Mayangon Township, Yangon Region. The revered monk has passed the Ganavacaka Samanekyaw, the Pariyatti Sasanalankara Samanekyaw, the Patiyatti Saddhammarekkhita Samanekyaw, the Mingalabyuha Samanekyaw, the Pariyatti Sasanahita Samanekyaw titles. He also stood the first in the Pahtamagyi (senior Pariyatti exam) in Yangon Region as well as the second in the entire nation in 1361 ME, then Sasanadhaja Dhammacariya, Nikayujjotaka Vinaya Dhammacariya, Nikayujjotaka Atthavisarada Dighabhanaka, Nikayavuddhisamiti Vinayakovida, Nikayavuddhisamiti Dighanikayakovida, Pariyatti Sasanahita Vinayadhara, Pariyatti Sasanahita Dighabhanaka, Monastery's Examination for Maha Ganthavamsa Dighagama, Mahaganthavamsa Mula Abhidhammagama, Vinayavidu, Dighanikayavidu, Abhidhammavidu-1/2, Vinayadhara, Vinayakovida, Dighabhanaka, Dighanikayakovida, Mula Abhidhammika, and Mula Abhidhammakovida titles. In continuously making efforts, the revered monk vigorously studied five Vinaya treatises, three Sutanta treatises and seven Abhidhamma treatises which are Tri Pitaka treatises starting from the 70th Tipitakadhara Tipitakakovida Selection Examination since 1379 ME. During the set period, the monk could orally recite relevant treatises and secured the Abhidhammika title and Tipitakadhara title.

In the time of the State Administration Council this year, the Sayadaw passed complex and profound meanings in Atthakatha, Tika, Anutika, Yojana, Ganti, and Nissaya which are modified texts of the curriculum in the 77th Tipitakadhara Tipitakakovida Selection Examination through the power of the faith, mindfulness, concentration, and wisdom. As such, the Sayadaw would accept the Tipitakadhara Tipitakakovida title to be offered by the State. The venerable Sayadaw is lecturing religious scriptures to the disciples, monks, and members of the Sangha for the preservation and propagation of the Pariyatti Sasana (the study of Buddha's teachings). It is our wish and prayer that these noble religious activities may continue to be carried out with good health and well-being. On this occasion, as Sayadaw has achieved the prestigious title of Tipitakadhara Tipitakakovida and now becomes the 17th Tipitakadhara Tipitakakovida Sayadaw, a great stalwart of the Buddhism, we express our utmost joy and pride with deep reverence.

**Min Aung Hlaing**
**Senior General**
**Chairman**
**State Administration Council**

# Farmers exceed cultivation of cold season chickpea more than targeted acreage in Pwintbyu Township

**Pwintbyu January 26**

Local farmers have so far planted 56,051 acres of chickpea as cold season crops in Pwintbyu Township of Magway Region, according to the Pwintbyu Township Agriculture Department.

Township administrative authorities earmarked cultivation of 21,843 acres of chickpea as cold season crops in Pwintbyu Township but farmers have grown 56,051 acres of crops exceeding the target cultivation.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department unveiled: "We earmarked cultivation of more than 20,000 acres of crops in Pwintbyu Township. So far, farmers have planted over 50,000 acres of crops exceeding the target cultivation. Our department helped local farmers expand sown acreage of crops. As chickpea is fetching high piece at the market, farmers rely on chickpea as cold season crops."

Officials of the Township Agriculture Department carried out dissemination of agricultural knowledge to local farmers to use quality seeds suitable for the region, correct cultivation methods, prevention of pests, and making natural fertilizers and pesticides with the use of domestic raw materials.

If farmers produce chickpea with higher per-acre yield in the township, it can support local food security and export its surplus. If so, production and market demand will be in good balance. Moreover, it will contribute to improvement of socio-economic life of the local farmers.

Ye Win Naing (NyaungU)

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 2,900 acres of sunflower planted in Kanbalu Township


A thriving sunflower plantation in Kanbalu Township.

**Kanbalu January 26**

Statistics of Kanbalu Township Agriculture Department stated that a total of 2,935 acres of sunflower were planted in Kanbalu Township of Sagaing Region this cold season.

Local farmers have so far planted 2,935 acres of sunflower against the target of 3,044 acres in 2024-25 cold season.

U Myo Zaw, Head of Kanbalu Township Agriculture Department, commented: "Local authorities set a plan to grow more than 3,000 acres of sunflower in cold season of 2024-25 but farmers have so far planted more than 2,900 acres of crops against the target cultivation. They are trying hard to meet the target cultivation. Growing sunflower aims to reduce import of palm oil abroad. Hence, authorities encouraged local farmers to expand sown acreage of sunflower which can produce oil more than groundnut and sesame. Farmers emphasize cultivation of sesame in winter more than monsoon."

Township Agriculture Department conducts training courses for local farmers and agricultural staff to enhance their capacity for growing sunflower.

Officials of the township provide quality seeds of sunflower and urea fertilizers at fair prices to local farmers and arrange exchange of quality seeds of sunflower among farmers. 206

# More than 70,000 viss of Catla sold to Yangon market in December

**Pantanaw January 26**

Fishery merchants from Pantanaw Township of Ayeyawady Region sold 72,000 viss of Catla to Yangon market in December 2024, said Daw Mar Mar Win, the owner of fishery wholesale centre in Pantanaw Township.

They supplied 50,000 viss of Catla to Yangon market in November but 72,000 viss in December 2024. Catla fetches K11,000 per viss in the market.

Daw Mar Mar Win commented: "Merchants in Pantanaw Township sell the largest volume of Catla to Yangon market. In the first week of December, demand from Yangon market is rising to purchase Catla from Pantanaw Township, giving high prices. Now, fishermen and other persons in production chain of fishery sector are convenient in their livelihoods."

Yangon market purchases Catla from Pantanaw Township and then distributes it to other regions and states including Nay Pyi Taw. At present, fishery commodity centres sell fishery products including Catla to Yangon market.

Thanks to high demand of Catla and other fishery products, fishermen and merchants in addition to other persons in the production chain can earn increased incomes. Kyaw Kyaw Lin


Photo shows Catla fish trays.

# Farmers finish harvest of winter sesame in Htigyaing Township this winter crop season

**Htigyaing January 26**

According to Htigyaing Township Agriculture Department, local farmers have harvested 8,088 acres of winter sesame in Htigyaing Township of Sagaing Region.

Local farmers have planted 8,088 acres of winter sesame this year and they have harvested all sown acreage of sesame. It yielded 13.45 baskets of sesame per acre.

U Ko Ko Aung, Head of Htigyaing Township Agriculture Department explained: "Farmers have so far reaped all sown acreage of sesame from 8,088 acres of croplands this year. Sown acreage of crops is on the rise yearly. Farmers prefer to grow sesame in winter more than monsoon. So, oil crop cultivation is successful."

Officials of the Township Agriculture Department share agricultural techniques, GAP systems and quality strains of crops to boost per-acre yield of crops.

The crops planted in GAP system have better quality than other ordinarily grown crops, fetching good prices. Due to its quality, these crops can be sold at home and abroad, benefiting local farmers to improve their socioeconomic life. 206

# 3 killed, 44 injured by Israeli gunfire in S. Lebanon

**Beirut January 26**

Three people were killed and 44 others injured on Sunday after the Israeli army opened fire on crowds of Lebanese trying to return to their homes in southern Lebanon, according to an updated toll by the Lebanese Health Ministry.

In a statement, the ministry identified the victims as residents of the villages of Aita al-Shaab, Deir Siriane, and Bint Jbeil, while the injured were from the villages of Aadchit Al Qusayr, al-Taybeh, Qantara, and other areas in southeastern Lebanon. They were killed or injured while attempting to enter their still-occupied hometowns.

A Lebanese security source, who requires anonymity, said Lebanese army units escorting citizens back to the al-Mufayleha area were met with Israeli machine-gun fire, resulting in the injury of two citizens and a Lebanese soldier.

Sunday marks the end of a 60-day deadline for Israel's withdrawal from Lebanese territories. Under a ceasefire agreement reached in late November after months of conflict between Israel and the Lebanese armed group Hezbollah, the Lebanese army would take control of the areas south of the Litani River, ensuring its security and preventing any presence of weapons and militants.

Xinhua

# 2nd phase of Hamas-Israel prisoner-hostage exchange deal completed: Red Cross

**Gaza January 26**

The International Committee of the Red Cross (ICRC) announced Saturday the completion of the second phase of a prisoner-hostage exchange between Hamas and Israel, implemented under the initial terms of a ceasefire agreement.

The second phase, including the release of 200 Palestinian prisoners and four Israeli hostages, was carried out after thorough coordination and review procedures conducted by the ICRC, a neutral intermediary that ensured the smooth and secure implementation of the exchange, it said.

The Israeli hostages were transferred safely, with their well-being prioritized, whereas the Palestinian prisoners were released from Israeli detention centers and transported to Gaza and the West Bank following ICRC's interview with them, during which it verified their identities, evaluated their health conditions, and confirmed their readiness for travel, it said.

The ICRC urged ongoing dialogue between the parties and their continuous humanitarian commitments, so as to create the necessary conditions for the safe execution of future operations.

Xinhua


A man hugs a released Palestinian prisoner in the town of Beitunia near the West Bank city of Ramallah, on Jan. 19, 2025.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယူကရိန်းက အဆင့်မြင့်ထောက်လှမ်းရေးများအတွက် Poseidon H10 MkIII မောင်းသူမဲ့လေယာဉ်ကို ထုတ်ဖော်ပြသခဲ့



ယူကရိန်းနိုင်ငံသည် စစ်မြေပြင်တွင် ထောက်လှမ်းမှုစွမ်းရည်များ မြှင့်တင်ရန် ဒီဇိုင်းထုတ်ထားသည့် ၎င်း၏အဆင့်မြင့် Poseidon H10 MkIII မောင်းသူမဲ့ လေယာဉ်ကို ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ်တွင် စမ်းသပ်ရန်အတွက် ကနဦး စာချုပ်ချုပ်ဆိုထားသည့် Poseidon H10 MkIII မောင်းသူမဲ့လေယာဉ်တွင် စစ်ဆင်ရေးအခြေအနေအမျိုးမျိုးအတွက် အကောင်းဆုံး စွမ်းဆောင်ရည်ရရှိစေရန် ရုပ်ထွက်ကြည်လင်ပြတ်သားသော ကင်မရာနှင့်အပူပုံရိပ်ဖော်အာရုံခံကိရိယာ အပါအဝင် နောက်ဆုံးပေါ်နည်းပညာများ တပ်ဆင်အသုံးပြုထားသည်။

အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ၏ နှောင့်ယှက်ဖျက်မှုများမှ ခံနိုင်ရည်ရှိအောင် အဆင့်မြှင့်တင်ထုတ်လုပ်ထားသည့်အတွက် Poseidon H10 MkIII မောင်းသူမဲ့လေယာဉ်သည် ရုရှားတပ်ရင်း၊ တပ်ဖွဲ့များ၏အားကောင်းသော အီလက်ထရွန်နစ်စစ်ဆင်ရေး စွမ်းအားများဖြင့် ရင်ဆိုင်နေရသည့် ရှေ့တန်းစစ်မျက်နှာများတွင် တပ်ဖြန့်အသုံးပြုရန် သင့်တော်မည်ဖြစ်သည်။ ထို့ပြင် ခြိမ်းခြောက်မှုများကို ရှောင်ရှားပျံသန်းနိုင်စွမ်းရှိပြီး ဆိုးရွားသော ရာသီဥတုအခြေအနေများကြားမှပင် အခြေစိုက်စခန်းသို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ဆင်းသက်နိုင်သည်။ ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါ မောင်းသူမဲ့လေယာဉ်ကို ရှေ့တန်းကျကျ တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုရန် မကြာသေးမီက တရားဝင်ခွင့်ပြုပေးလိုက်ပြီဖြစ်သည်။

Poseidon H10 MkIII မောင်းသူမဲ့ လေယာဉ်တွင် အမြင့်မီတာ ၅၀၀၀ ထိ ပျံသန်းနိုင်သော အားကောင်းသည့် လျှပ်စစ်မော်တာပါရှိသည်။ ၎င်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၅၀ နှုန်းဖြင့် ပျံသန်းနိုင်ပြီး အကွာအဝေး ကီလိုမီတာ ၁၅၀ ထိ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နိုင်ကြောင်း သိရသည်။

"မောင်းသူမဲ့လေယာဉ်မှာ လျှပ်စစ်အင်ဂျင်တွေနဲ့ ခေတ်မီလမ်းကြောင်းပြစနစ်တွေ တပ်ဆင်ထားပါတယ်။ လေပြင်းတိုက်ခတ်ချိန်မျိုးမှာတောင် အပူချိန်အနုတ် ၂၀ ဒီဂရီစင်တီဂရိတ်ကနေ အပေါင်း ၄၅ ဒီဂရီ စင်တီဂရိတ်အတွင်း ပျံသန်းစစ်ဆင်နိုင်ပါတယ်"ဟု ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dmytro Klimenkov က ပြောကြားခဲ့သည်။

အသုံးပြုထားသော ဘက်ထရီသည် နာရီပေါင်းများစွာ ဆက်တိုက်ပျံသန်းနိုင်ပြီး စစ်ဆင်နိုင်သည့် အမြင့်ပေးသည် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များအတွက် လက်လှမ်းမီရန် ခဲယဉ်းကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။ Poseidon H10 MkIII မောင်းသူမဲ့ လေယာဉ်သည် တန်ပြန်ထိုးစစ် စစ်ဆင်ရေးများအတွက် အထူးထိရောက်ပြီး ခြိမ်းခြောက်မှုများကို ရှာဖွေဖော်ထုတ်၍ တိုက်ခိုက်ချေမှုန်းရာတွင် မြေပြင်တပ်ဖွဲ့များကို အကူအညီပေးနိုင်သည်။ ဤဖွံ့ဖြိုးတိုးတက်မှုသည် ပြည်တွင်း၌ ထုတ်လုပ်သော နည်းပညာများမှတစ်ဆင့် ၎င်း၏ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန် ယူကရိန်း၏ ကတိကဝတ်ကို ထင်ဟပ်စေကာ မောင်းသူမဲ့လေယာဉ်ဒရုန်းတီထွင်ထုတ်လုပ်မှုအပိုင်း၌ မိမိကိုယ်ကိုအားကိုးမှုကို တိုးမြှင့်စေပြီး ပြည်ပနိုင်ငံထုတ် စနစ်များအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သော အဆင့်မြင့်မောင်းသူမဲ့လေယာဉ်များကို မိတ်ဆက်ခြင်းသည် ထောက်လှမ်းရေး သတင်းအချက်အလက်စုဆောင်းခြင်းနှင့်ပစ်မှတ်များကို တိကျစွာတိုက်ပွဲဝင်ရန် ဦးစားပေးလာကြသည့် ခေတ်သစ်စစ်ပွဲမဟာဗျူဟာများနှင့် လိုက်လျောညီထွေဖြစ်စေကြောင်း ဖော်ပြလျက်ရှိသည်။

**Ukraine Unveils Poseidon H10 MkIII Drone for Advanced Reconnaissance ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးက အနောက်ဘက်ကမ်းတွင် တန်ပြန်အကြမ်းဖက်စစ်ဆင်ရေးကြီးတစ်ရပ် စတင်လုပ်ဆောင်

အစ္စရေးနိုင်ငံသည် ပါလက်စတိုင်းမြို့ဖြစ်သော ဂျနင်မြို့ကို ပစ်မှတ်ထားပြီး အနောက်ဘက်ကမ်းတွင် တန်ပြန်အကြမ်းဖက်စစ်ဆင်ရေးကြီးတစ်ရပ်ကို စတင်လုပ်ဆောင်ခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

သံမဏိတံတိုင်းဟု အမည်ပေးထားသည့် အဆိုပါတန်ပြန်အကြမ်းဖက်စစ်ဆင်ရေးသည် အဆိုပါဒေသတွင် အကြမ်းဖက်ဝါဒကို အမြစ်ပြတ်ချေမှုန်းရန် ရည်ရွယ်ထားသည်ဟု နေတန်ယာဟုက ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် အစ္စရေး၏ စနစ်တကျနှင့် ပြတ်သားသော ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပြီး အီရန်၏လက်တံများ၊ ကိုယ်ပွားများထံ စစ်လက်နက်များပေးပို့သည့် နေရာတိုင်းကို ပစ်မှတ်ထားချေမှုန်းသွားရန် ခြေလှမ်းသစ်တစ်ခုဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က အခိုင်အမာပြောကြားခဲ့သည်။

"ဒါကကျွန်တော်တို့ ချမှတ်ထားတဲ့ ပန်းတိုင်ကိုရောက်ဖို့ နောက်တစ်ဆင့်ဖြစ်တဲ့ Judea ဒေသနဲ့ Samaria ဒေသတွေမှာ လုံခြုံရေးအားကောင်းလာဖို့ပဲ ဖြစ်ပါတယ်" ဟု ၁၉၆၇ ခုနှစ် ကတည်းက သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းတစ်ခုလုံးအတွက် အစ္စရေးတို့မှည့်ခေါ်ထားသော အုပ်ချုပ်ရေးဒေသအမည်ကို အသုံးပြုကာ အစ္စရေးဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သေးသည်။

သီးခြား ထုတ်ပြန်ချက်တစ်ခုတွင် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF)က ဂျနင်မြို့တွင် တန်ပြန်အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ်ကိုအစ္စရေးလုံခြုံရေးအေဂျင်စီ (ISA)၊ အစ္စရေးနယ်ခြားစောင့်ရဲတပ်ဖွဲ့တို့နှင့်အတူ စတင်ဆောင်ရွက်ခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ်က အတည်ပြုပြောကြားထားသည်။ အွန်လိုင်းပေါ်တွင်ပျံ့နှံ့နေသည့် ဗီဒီယိုဖိုင်၌ အစ္စရေးစစ်ဘက်မှ မော်တော်ယာဉ်အများအပြားသည် မြို့တွင်းသို့ဦးတည်မောင်းနှင်သွားနေသည်ကိုပြသထားပြီး အဆိုပါဗီဒီယာအတွင်း မောင်းသူမဲ့လေယာဉ်များဖြင့် စစ်ဆင်ရေးအပြင်းအထန် စတင်ဆောင်ရွက်လာခဲ့ကြောင်း မီဒီယာများက ဖော်ပြထားသည်။

ပါလက်စတိုင်းမြို့ဖြစ်သော ဂျနင်မြို့၌ အစ္စရေး၏စီးနင်းတိုက်ခိုက်မှုစတင်စဉ် အနည်းဆုံး ပါလက်စတိုင်းရှစ်ဦး သေဆုံးပြီး ၃၅ ဦး ဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့ကြသည်။




အစ္စရေးနိုင်ငံသည် ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ ဟားမတ်စ်နှင့် အပစ်အခတ်ရပ်စဲရေး၊ အကျဉ်းသားများလဲလှယ်ရန် သဘောတူညီမှုရရှိပြီး ရက်ပိုင်းအကြာတွင် အဆိုပါ စစ်ဆင်ရေးလုပ်ဆောင်ချက်သစ်ထွက်ပေါ်လာခြင်းဖြစ်သည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် ဇန်နဝါရီ ၁၉ ရက်တွင် အသက်ဝင်ခဲ့ပြီး ၁၅ လ ခန့်ကြာဖြစ်ပွားနေသည့် ပဋိပက္ခများကိုရပ်တန့်သွားစေခဲ့သည်။ ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းနယ်မြေအတွင်း အစ္စရေးနှင့် ဟားမတ်စ်တို့ကြားစစ်ပွဲများသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အစ္စရေးတောင်ပိုင်းကို ဟားမတ်စ်တို့၏ အံ့အားသင့်စွာ စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကနဦးတိုက်ခိုက်မှုအတွင်း လူဦးရေ ၁၁၀၀ ခန့်သေဆုံးခဲ့ပြီး လူဦးရေ ၂၀၀ ကျော် ဓားစာခံအဖြစ်ဖမ်းဆီးခံခဲ့ရသည်။ သို့သော်လည်း အစ္စရေးစစ်ဘက်၏တုံ့ပြန်မှုသည် ဂါဇာတွင် ထိခိုက်ပျက်စီးမှုများကြီးကြီးမားမားကြုံတွေ့ခဲ့ရပြီး လူပေါင်း ၄၆၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ဒေသတွင်း ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။ နှစ်ဖက်ပစ်ခတ်တိုက်ခိုက်မှုများနှင့်အတူ လက်ဘနွန်တောင်ပိုင်းတွင် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား ပဋိပက္ခများ ထပ်မံဖြစ်ပွားခဲ့ပြီး အီရန်နှင့် အစ္စရေးတို့ကြား နိုင်ငံအဆင့် တာဝေးပစ်တိုက်ခိုက်မှုများထိ ဖြစ်ပွားခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

**Israel launches 'counterterrorist operation' in West Bank ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယင်းမာပင်ခရိုင်တွင် ဆောင်းနေကြာ ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ယင်းမာပင် ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၈၃၆၈၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၈၃၆၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နေကြာဧက ၈၃၆၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၃၆၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် နေကြာတို့ရဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်။ နေကြာကို ဆောင်းမှာပဲ အများစုစိုက်ကြတာပါ"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နေကြာစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၈၅၆၁ ဧက၊ ကနီမြို့နယ်တွင် ၁၆၈၉၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၇၂၄၂ ဧက၊ ပုလဲမြို့နယ်တွင် ၃၀၉၈၂ ဧက စုစုပေါင်း ၈၃၆၈၂ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နေကြာတို့ရဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ယခုထက် ပိုမိုစိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကကတစ်ငါး ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကကတစ်ငါး ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ကကတစ်ငါး ပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကကတစ်ငါး ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကကတစ်ငါး တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ မှ ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဒီဇင်ဘာလထဲမှာ ကကတစ်ငါး ပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်လို့ တင်ပို့ရောင်းချအားတက်ခဲ့တာပါ။ ကကတစ်ငါးက အကြမ်းခံတဲ့ ငါးအမျိုးအစားထဲမှာပါတော့ ထိခိုက်မှာ မစိုးရိမ်ရပါဘူး။ ကကတစ်ငါးအပါအဝင် အခြားရေထွက်ကုန်တွေလဲ အရောင်းအဝယ်ပုံမှန်ဖြစ်နေပါတယ်" ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကကတစ်ငါးများကို ကုန်သည်များအနေဖြင့် ဆုံးရှုံးမှုမရှိစေရန်၊ စားသုံးသူများအတွက် လက်ဆတ်မှုရှိစေရန်၊ ဈေးအမြင့်ဆုံးရရှိစေရန် နေ့စဉ် တင်ပို့သည့်စနစ်ဖြင့် တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကကတစ်ငါးများ တင်ပို့ရောင်းချခဲ့ရခြင်းကြောင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ ကုန်သည်များ၊ လုပ်သားများ အနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဘားအံမြို့နယ် ထောင်ဝိကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

ဘားအံ ဇန်နဝါရီ ၂၆

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောင်ဝိကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင်း၊ ဘားအံခရိုင် ခရိုင်ဦးစီးအရာရှိ (နည်းပညာ)ဒေါ်နန်းအဲဖောင်အွာနှင့် မြို့နယ်တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က ကျေးလက်ကုန်ထုတ်လမ်း ရေရှည်တည်တံ့ရေး သက်ဆိုင်သူအားလုံး ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ထောင်ဝိကျေးရွာ၌ လမ်းအရှည် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေ ကိုးလက်မရှိ ဂဝံမြေလမ်းပေါ်တွင် အရှည် ငါးပေ၊ အကျယ်၂၄ပေ၊ အမြင့် ငါးပေရှိ Box Culvert နှစ်စင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၆၇ သန်းဖြင့် ဌာနစုဖွဲ့ကော်မတီက ၂၀၂၄ ခုနှစ် မေလ ပထမပတ်က စတင်တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၁၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့ခိုင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရရှိတော်မူသော ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၆

၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ၁၇ ပါးမြောက် ဘွဲ့တံဆိပ်တော်မြတ် ဆရာတော်ထံသို့ ရရှိတော်မူသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ထဝင်နိကာယ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဖတ်ကြားလျှောက်ထားပြီး တိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တသေဋ္ဌညာဏာလင်္ကာရထံ ဆက်ကပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ၊ နဝကမ္မ အလှူတော်ငွေများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တိပိဋက ပါဠိ-မြန်မာအဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ပြန်ဆိုခြင်းလုပ်ငန်း ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၆

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်က ဆောင်ရွက်လျက်ရှိသည့် တိပိဋက ပါဠိ-မြန်မာအဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။



အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒအမှူးပြုသော သင်ကြား ဆရာတော်ကြီးများ၊ တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ဘာသာပြန်ဆိုရေး လုပ်ငန်း ကော်မတီအဖွဲ့ဝင်ဆရာတော်များကြွရောက် တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်က အဖွင့်ဩဝါဒ ကထာမိန့်ကြားတော်မူပြီး ပြည်ထောင်စု ဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အနေ ဖြင့် အဘိဓာန်ကျမ်းစာအုပ်များကို ၂၀၁၇ ခုနှစ်တွင် VOLUME-I (A-Uḷurāja) အား ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀၊ ၂၀၂၃ ခုနှစ်တွင် VOLUME-II (Ka-Kvaci)အား အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်ပါ ကြောင်း၊ ထုတ်ဝေပြီးဖြစ်သော VOLUME-II အတွဲအမှတ်(၅)မှ(၈)အထိတွင် စာအုပ်အဖြစ် ထုတ်ဝေရန်ကျန်ရှိနေသည့် တည်ပုဒ်ပေါင်း ၃၀၀၂ ပုဒ်အား VOLUME-III အဖြစ် ထုတ်ဝေ နိုင်ရန်လည်းကောင်း၊ အတွဲအမှတ်(၉)မှ(၁၂) ထိ ဘာသာပြန်ဆိုရန် ပုဒ်ပေါင်း ၄၃၉၀ ရှိသည့်အနက် ဘာသာပြန်ဆိုပြီး ပုဒ်ပေါင်း ၃၈၀၅ ပုဒ်တို့ကိုလည်း ပိုမိုသန့်စင်သည့် ဘာသာပြန်ဆိုပြီးသောတည်ပုဒ်များအဖြစ် လည်းကောင်းစိစစ်ဆောင်ရွက်လျက်ရှိသည် ကိုသိရှိရပါကြောင်း၊ ယခုဆောင်ရွက်လျက် ရှိသောလုပ်ငန်းကြီးမှာ ထေရဝါဒဗုဒ္ဓ သာသနာ ကမ္ဘာသို့ပျံ့နှံ့စေရန် လွန်စွာမှပင် အထောက်အကူပြုသည့် “ရတနာသိုက်ကြီး တစ်ခု”ကို ဖန်တီးတည်ဆောက်နေခြင်းပင် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အဋ္ဌကထာ၊ ဋီကာကျမ်းစာအုပ်များ ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းများ၊ ပိဋကသုံးပုံပါဠိတော်အား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနိုင်ရေးလုပ်ငန်း များ၊ တိပိဋက ပါဠိ-မြန်မာအဘိဓာန်များကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်းများ နှင့် သဗ္ဗဓေယျ မင်္ဂလာပရိတ်တော်နှင့်ပါဠိ- မြန်မာဗုဒ္ဓစာပေများ ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာမှာ စေတနာ ရှင် ရဟန်းရှင်လူပြည်သူများ၏ စုပေါင်း လှူဒါန်းငွေများဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါ ကြောင်း၊ အဆိုပါ အလှူငွေများရရှိစေရန် အတွက်လည်း ပြည်တွင်းပြည်ပမှ အလှူရှင် များအား မိမိတို့ဆောင်ရွက်လျက်ရှိသော “သမိုင်းတွင်မည့် မဟာကုသိုလ်တော် လုပ်ငန်းကိစ္စရပ်များ”အကြောင်း ပိုမိုကျယ် ပြန့်စွာသိရှိစေရန်အတွက် လက်ကမ်း စာစောင်များကို အင်္ဂလိပ်ဘာသာဖြင့်လည်း ကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း အရေအတွက် ထောင်နှင့်ချီ၍ ရိုက်နှိပ်ဖြန့် ဝေလျက်ရှိပါကြောင်း၊ အလှူရှင်များက လည်းစေတနာထက်သန်စွာဖြင့် ဝန်ကြီးဌာန သို့ အလှူငွေများပေးပို့လှူဒါန်းလျက်ရှိပါ ကြောင်း၊ သို့ဖြစ်ရာ ယခုဆောင်ရွက်လျက်ရှိ သည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်ကိစ္စရပ်များအား ဝိုင်းဝန်း သုံးသပ် ဆွေးနွေးပေးတော်မူကြပါရန် လျှောက်ထားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ)ဦးဇော်ဇော်ဦးက တိပိဋက ပါဠိ-မြန်မာအဘိဓာန်များကို အင်္ဂလိပ် ဘာသာသို့ပြန်ဆိုခြင်းလုပ်ငန်း တိုးတက်မှု များကို ရှင်းလင်းတင်ပြလျှောက်ထားရာ အစည်းအဝေး တက်ရောက်လာကြသည့် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် နှင့် ပါမောက္ခဆရာတော်များက ညှိနှိုင်း ဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ ဖြည့်စွက်ဆွေးနွေး လျှောက်ထားပြီး ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ်ဩဝါဒ ကထာမိန့်ကြားတော်မူသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စု ဝန်ကြီးသည် အစည်းအဝေးသို့ကြွရောက် တော်မူလာကြသော ဦးစီးကော်မတီ၊ လုပ်ငန်း ကော်မတီမှ သင်ကြားဆရာတော်၊ သီလရှင် များကို နဝကမ္မဝတ္ထုငွေများ ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ❑ ရေငန်ပုစွန်တင်ပို့မှုအဆက်

ထို့ပြင် ရေငန်ပုစွန်မွေးမြူမှုအတွက် ပုစွန်သားပေါက်နှင့်အစာကို ထိုင်းနိုင်ငံမှ နှစ်စဉ်ဝယ်ယူနေရသည့်အတွက် နိုင်ငံတော် နှင့်မွေးမြူထုတ်လုပ်သူများ ရေရှည်အကျိုး စီးပွားရရှိရန် လုပ်ငန်းရှင်များသည် နည်း ပညာအကူအညီဖြင့် ပြည်တွင်း၌သားဖောက် မွေးမြူထုတ်လုပ်နိုင်ရေးကို ကြိုးပမ်းဆောင် ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၊ ကျွန်းစုမြို့နယ်၊ ပုလောမြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့တွင် ကောင်းမွန် သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAQP) စနစ်နှင့်အညီ ပနားမီးပုစွန်ဖြူများကို ၂၂၁၇ ဒသမ ၅၆ ဧက၌ မွေးမြူထုတ်လုပ် လျက်ရှိကြောင်းသိရပြီး ထားဝယ်ခရိုင် သရက်ချောင်း၊ မြိတ်ခရိုင် မြိတ်၊ ပုလော၊ ကျွန်းစုမြို့နယ်၊ ဘုတ်ပြင်းခရိုင် ဘုတ်ပြင်း မြို့နယ်၊ ကော့သောင်းခရိုင် ကော့သောင်း မြို့နယ်တို့တွင် ခွင့်ပြုမိန့်ဖြင့် တိုးချဲ့ ၂၆၆၂ ဒသမ ၆၈ ဧကနှင့် ကျွန်းစုမြို့နယ်တွင် ၃၉၀ ဒသမ ၁၂ ဧက မွေးမြူမှုရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ ချုပ်မှ သိရသည်။

ညီမ်းသူ(သတင်းစဉ်)

ရှေ့ဖုံးမှအဆက်

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော် သုံးလက် အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိဂွမ်းဆီထိသကဲ့သို့ ခံစားရပါသည်ဘုရား။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရွာဗုကြီးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၆၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် ၇ မိုင် စော်ဘွားလေးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုလ္လာစာရကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်း အဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် ဂဏဝါစကသာမဏေကျော်၊ ပရိယတ္တိသာသနာလင်္ကာရ သာမဏေကျော်၊ပရိယတ္တိသဒ္ဓမ္မရက္ခိတသာမဏေကျော်၊မင်္ဂလာဗျူဟာသာမဏေကျော်၊ ပရိယတ္တိသာသနဟိတ သာမဏေကျော်များ၊ ၁၃၆၁ ခုနှစ်တွင် ပထမကြီးတန်း(ရန်ကုန်တိုင်းဒေသကြီး ပထမ၊ တစ်နိုင်ငံလုံးဒုတိယ) သာသနဓဇဓမ္မာစရိယ၊ နိကာယုဇ္ဇောတကဝိနယဓရဓမ္မာစရိယ၊ နိကာယုဇ္ဇောတကအတ္ထဝိသာရဒ ဒီဃဘာဏက၊ နိကာယဝုမိုသမိတိ ဝိနယကောဝိဒ၊ နိကာယဝုမိုသမိတိ ဒီဃနိကာယကောဝိဒ၊ ပရိယတ္တိသာသနဟိတဝိနယဓရ၊ ပရိယတ္တိသာသနဟိတ ဒီဃဘာဏက၊ ကျောင်းတိုက်စာမေးပွဲ မဟာဂန္ထဝံသဒီဃာဂမ၊ မဟာဂန္ထဝံသ မူလအဘိ ဓမ္မာဂမ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ အဘိဓမ္မဝိဒူ-၁/၂၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယ ကောဝိဒ၊ မူလအာဘိဓမ္မိက၊ မူလအဘိဓမ္မကောဝိဒစသည့်ဘွဲ့တော်များ အောင်မြင်ရရှိတော်မူပြီး ဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၉ ခုနှစ်ကျင်းပသော အကြိမ် ၇၀ မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် သင်ရိုးပိဋကသုံးပုံဟုဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို ခက်ခဲနက်နဲစွာ လေ့လာကျက်မှတ်၍ သတ်မှတ်အချိန်၊ သတ်မှတ်ရက်အတွင်း၊ သတ်မှတ်စာမျက်နှာ၊ သတ်မှတ် ကျမ်းစာများကိုအာဂုံပြန်ဆိုနိုင်ခဲ့ပြီး အာဘိဓမ္မိကဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရဘွဲ့တံဆိပ်တော်တို့ကို ရရှိတော် မူခဲ့ကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် ယခုနှစ်ကျင်းပသော ၇၇ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင်သင်ရိုးပိဋကတ်တော်များ၏ အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသော သဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏ သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်ကဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိသာသနာတော်အတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် ၁၇ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်း လျှောက်ထားအပ်ပါသည်ဘုရား။

မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၆

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာသို့ ရောက်ရှိရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာရှိ ဆုတောင်းပြည့်အဏ္ဏဝါဦးစေတီတော်မြတ်၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၃၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှု ဆိုင်ရာရောဂါ ၁၂၃ ဦး၊ ခွဲစိတ်ရောဂါ ဦးရေ ၂၀ ၊ သားဖွားမီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါဦးရေ ၂၀ ၊ အရိုးရောဂါ ၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၃၀ ၊ မျက်စိရောဂါ ၁၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ဦးရေ ၄၀တို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ နှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၂ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၁ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာ ရှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့တက်ရောက်ကုသ နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကျွန်တော်က အဆစ်အမျက်ရောဂါရှိလို့ လာရောက်ပြသခြင်းဖြစ်ပါတယ်။ အဆစ်အမျက်နာနေတာတော့ လေးငါးခြောက်နှစ်ရှိပါပြီ။ အခုတော့ကျန်းမာရေးအရ မြို့တွေဘာတွေသွားမပြဘဲ အခုလိုအလွယ်တကူ ပြလို့ရတဲ့အတွက် အရမ်းပဲကျေးဇူးတင်ပါတယ်။ အခမဲ့လာကုသပေးတဲ့ ဆရာဝန်ကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောပြသည်။




"အရိုးအကြောကိုပြမှာပါ။ ပြောရမယ်ဆိုရင် ဒီမှာက အကုန်လုံးကအဆင်ပြေပါတယ်။ ချော်လဲထားတော့ အရိုးအဆစ်ကနာနေတာ အခုလက်ကနောက်ကိုပစ်လို့မရဘူး။ ကျွန်မတို့ ဆီမှာကအရိုးအကြောဖြစ်တာများတယ်။ မျက်လုံးနဲ့ပတ်သက်တဲ့ရောဂါတွေဖြစ်တာများပါတယ်။ ဆေးရုံ၊ ဆေးခန်းတွေသွားမယ်ဆိုရင် ကုန်ကျစရိတ်တွေကအများကြီးရှိတယ်။ ဒီမှာကျတော့ ကုန်ကျစရိတ်အများကြီးသက်သာမယ်။ အဝေးကိုသွားမပြနိုင်တဲ့ လူတွေအတွက်ကတော့ အများကြီးအဆင်ပြေပါတယ်။ အခမဲ့ကုသပေးတဲ့အတွက်အကုန်လုံး၊အားလုံးအဆင်ပြေပါတယ်။ ကျွန်မတို့ဘက်ကလည်း နိုင်ငံတော်အကြီးအကဲရဲ့ စီစဉ်ညွှန်ကြားမှုနဲ့ အခုလိုလာရောက် ကုသပေးတဲ့အတွက်လည်း အများကြီးကျေးဇူးတင်ပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်လို့လည်း ပြောချင်ပါတယ်"ဟု ပြောပြသည်။ (၅၀၁)






တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၆

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် အားကစားကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကြက်တောင်အားကစားခန်းမ၌ စားပွဲတင်တင်းနစ်ခုံများ ခင်းကျင်းထားရှိမှု၊ မြို့မဘောလုံးအားကစားကွင်းနှင့် ပွဲကြည့်စင် အခြေအနေကိုလည်းကောင်း၊ ကော့သောင်းမြို့နယ် ခရိုင်အားကစားခန်းမ၊ တင်းနစ်အားကစားကွင်း၊ ရိုးရာခြင်းလုံးခတ်အားကစားရုံနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း၊ အားကစားရုံများ စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေး၊ ရေရှည်တည်တံ့ရေးတို့အတွက် ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ပြည်သူများ ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်မှုများ လာရောက်လေ့ကျင့်နိုင်စေရေး လိုအပ်သည့် အားကစားပစ္စည်းများ ထောက်ပံ့ပေးသွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းခရိုင်ရုံးနှင့် မြို့နယ်ရုံးတို့မှ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




မန္တလေး ဇန်နဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့နှင့် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာပြီးဖြစ်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်အနေဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ၊ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ချက်များပြည့်မီအောင် တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် ဥပဒေအသိပညာပေးခြင်းများကို အောက်ခြေအထိ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆောင်ရွက်သွားရန်တို့ကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူ့စစ်မှုထမ်းသင်တန်းများ၊ စုဖွဲ့ပြင်ဆင်မှုများ၊ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များအပေါ် ဆောင်ရွက်ပေးနေမှုအခြေအနေများကို ဖြည့်စွက်ဆွေးနွေးပြောကြားပြီး အစည်းအဝေးတက်ရောက်ကြသည့် ခရိုင်၊ မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ပြည်သူ့စစ်မှုထမ်းသင်တန်းများအတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ မျိုးကျော်

# ရန်ကုန်မြစ်ဝရှိ ကမ်းလွန်ရေကြောင်းပြစခန်းသို့ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သွားရောက်ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇန်နဝါရီ ၂၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ကျန်းမာရေးဆိပ်ခံတံတားမှ ရန်ကုန်မြစ်ဝရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ကမ်းလွန်ရေကြောင်းပြစခန်း (Off-shore Fixed Pilot Station)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက နိုင်ငံတကာကုန်သွယ်မှုတန်ဖိုး၏ ၇၅ ရာခိုင်နှုန်းခန့်ကို ရန်ကုန်ဆိပ်ကမ်းက ကိုင်တွယ်ဝန်ဆောင်မှုပေး၍ ပင်လယ်ရေကြောင်းဖြင့် တင်သွင်းတင်ပို့ပေးလျက်ရှိရာ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍသည် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသဖြင့် ဆိပ်ကမ်းလုပ်ငန်းများ ကောင်းစွာလည်ပတ်နေနိုင်ရန် နေ့၊ ညရာသီမရွေး ပင်လယ်ထဲနှင့် ရေလမ်းကြောင်းတစ်လျှောက်တွင် တာဝန်ထမ်းဆောင်နေကြရသည့် ဆိပ်ကမ်းဆိုင်ရာ၊ ရေကြောင်းဆိုင်ရာ ရေကြောင်းပြမှူးကြီးများနှင့် ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ဌာနအတွက် အရေးပါသည့်ကဏ္ဍတွင် ပါဝင်ကြောင်း၊ မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာဖြင့် တည်ဆောက်ထားသော Pilot Station ကိုလည်း ရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေး တန်ဖိုးထားဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အတွက် ဝင်ငွေများ တိုးတက်ရှာဖွေပေးနိုင်ကြရန် တိုက်တွန်းအားပေးစကားပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက Pilot Station တည်ဆောက်ခြင်းဆိုင်ရာ အချက်အလက်များ၊ Pilot Transfer Operation ဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက သိရှိလိုသည်များမေးမြန်းကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရေကြောင်းပြစခန်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်သည်။

ဒုတိယဝန်ကြီးသည် အသွားအပြန်ခရီးစဉ်တစ်လျှောက် ရန်ကုန်နှင့် သီလဝါဆိပ်ကမ်းဧရိယာရှိ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတံတားများ၊ ရေလမ်းကြောင်းကောင်းမွန်အောင် သတ်မှတ်ရေအနက်ကို ထိန်းထားနိုင်ရန် သောင်တူးဖော်ဆောင်ရွက်လျက်ရှိသည့်နေရာများ၊ ရေလမ်းကြောင်းတစ်လျှောက် ရေလမ်းကြောင်းအချက်ပြမီးဖော်ယာများ စနစ်တကျ နေရာချထားမှုအခြေအနေများနှင့် ဆိပ်ကမ်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းနေရာများကို ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျိုင်းတုံမြို့ ကောင်းကံရွာရှိ အမေ့ရင်ခွင်ကျောင်း ၁၀ နှစ်ပြည့်အထိမ်းအမှတ် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကောင်းကံကျေးရွာရှိ အာခါတိုင်းရင်းသား ပရဟိတအမေ့ရင်ခွင်ကျောင်း၏ ၁၀နှစ်ပြည့် အထိမ်းအမှတ် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် အဆိုပါပရဟိတ ကျောင်း၌ ကျင်းပရာ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် နှင့် အဖွဲ့ဝင်များ၊ အာခါတိုင်းရင်းသား အကြီးအကဲ ဦးမင်းညို၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာခါရိုးရာယဉ်ကျေးမှု အဖွဲ့များ၊ ဒေသခံအာခါတိုင်းရင်းသား များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမေ့ရင်ခွင်ကျောင်း ကွန်ကရစ်လမ်းသစ် အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်း အမှတ်ကျောက်စာတိုင်ကို အမွှေးနံ့သာရည် များ ပက်ဖျန်းကြသည်။ ထို့နောက် တိုင်းမှူး နှင့် တာဝန်ရှိသူများက လမ်းသစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်း ရရှိသည်။ (၅၀၁)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက အမေ့ရင်ခွင်ကျောင်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။













တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ဒေသခံပြည်သူ ၁၇၇ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသ မှုဆိုင်ရာရောဂါ ၈၉ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၂ ဦး၊ ကလေး ရောဂါ ၁၁ ဦး၊ အရိုးရောဂါ ၂၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ သုံးဦး၊ မျက်စိ ရောဂါ ၁၅ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၁၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှု များ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိ ခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၅ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ် စစ်ဆေးလူနာ ၁၄ ဦး၊ ECG စက်ဖြင့် နှလုံး စမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ် လူနာ ၂၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ သုံးဦးတို့ကို နီးစပ်ရာတပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများ အပေါ် ဒေသခံပြည်သူများ၏ စကားသံများ ကို ယခုလိုပဲကြားသိခဲ့ရပါတယ်-


"ဆရာဝန်တွေကတော့ ဆီးချိုဆေးကို ပုံမှန်သောက်ရမယ်။ အစားရှောင်ရမယ်။ ပြီးရင် လေ့ကျင့်ခန်းတွေလုပ်ရမယ်။ ၂၀၂၄ ခုနှစ်တုန်းက နယ်လှည့်ဆေးကုတွေ လာတုန်းက တစ်ခါပြဖူးတယ်လေ။ ပြရ တာအဆင်ပြေပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်တစ်ယောက်တည်းပြရ တာမဟုတ်ဘူး။ လူတွေအများကြီး လာပြ ကြတာဆိုတော့ အဆင်ပြေပါတယ်။ ကော့သောင်းမှာသွားပြရင် လေယာဉ်စီး ဘာစီးနဲ့ဆိုတော့ ပင်လည်းပင်ပန်းတယ်။ ဒီမှာပြရတာက ပင်လည်းမပင်ပန်းဘူး၊ ပိုက်ဆံလည်း မကုန်ပါဘူး။ အခုလို လာရောက်ကုသပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကြည်း၊ ရေ၊ လေ တပ်မတော်မိသားစုတွေလည်း ကျန်းမာ၊ ချမ်းသာကြပါစေလို့၊ နောင်လည်း အခုလို အမြဲလာရောက် ကုသပေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်ရှင်"ဟုပြောသည်။

"ဆရာဝန်က အခုလောလောဆယ် မျက်စိအတွက်ကို အားဆေးတော့သောက် ခိုင်းတယ်ရှင့်၊ ဆေးလေးလည်း ပေးထားပါ တယ်။ အပြင်မှာဆို အရမ်းဝေးလံခေါင်ဖျား တယ်လေ။ ပါရဂူအစုံနဲ့လည်း ပြရတယ်။ အကုန်လုံးအတွက် တစ်နေရာတည်းမှာပဲ စုစုစည်းစည်းပြရတာဖြစ်တဲ့အတွက် အရမ်း ကိုအဆင်လည်းပြေပါတယ်။ အရမ်းလည်း ဝမ်းသာမိပါတယ်။ ပုံမှန်ဆိုရင် ရောဂါတွေ ဘာတွေကို ကော့သောင်းကိုပဲ သွားပြရ တယ်ရှင့်။ လှေဆိုရင်တော့ အနည်းဆုံး နှစ်နာရီခွဲ သုံးနာရီလောက် စီးရတယ်ရှင့်။ အခုဒီကိုလာလိုက်တော့ ရောဂါအခြေ အနေလည်းသိရတယ်။ အဆင်လည်း အကုန်ပြေသွားတယ်။ အကုန်အကျလည်း သက်သာတယ်။ ဆေးလည်း အကုန်လုံး အခမဲ့ပေးတယ်ဆိုတော့ အဆင်ပြေပါ တယ်။ အရမ်းလည်းကျေးဇူးတင်ပါတယ်။ ဝမ်းသာပီတိလည်းဖြစ်မိပါတယ်။ ရောဂါ တစ်ခုခုခံစားနေရတဲ့သူတွေကိုလည်း ဒီမှာ လာရောက် ကုသခံဖို့အတွက်လည်း ဖိတ်ခေါ်ပါတယ်ရှင့်"ဟုပြောသည်။(၅၀၁)





# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန်နှင့်တွေ့ဆုံဆွေးနွေးပြီး ဆောက်လုပ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်တွင် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများကို တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် သံတမန်ဆက်ဆံရေး တည်ဆောက်ခဲ့သည်မှာ ၇၅ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ဆောက်လုပ်ရေးဝန်ကြီးဌာနသည် အမျိုးသားနယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းမူဘောင်(National Spatial Development Framework Plan)ကို ချမှတ် ကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မြို့ပြနှင့်ကျေးလက်ဒေသများ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန် Town Plan များရေးဆွဲပေးခြင်း၊စက်မှုဇုန်များအတွက် ပင်မစီမံကိန်းများရေးဆွဲပေးခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အလားအလာကောင်းများရှိသော မြန်မာနိုင်ငံမြို့ပြဖွံ့ဖြိုးရေးကဏ္ဍ၊ လမ်းနှင့် တံတားတည်ဆောက်ရေးဆိုင်ရာ ခေတ်မီနည်းပညာများဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုဆွေးနွေးလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ချုံချင့်မြူနီစီပယ်အစိုးရ ဒုတိယမြို့တော်ဝန် မစ္စတာကျန်းတွမ် ထောင်က မြန်မာနိုင်ငံသည် အိမ်နီးချင်းကောင်းဖြစ်ကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို တန်ဖိုးထားကြောင်း၊ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ချုံချင့်မြူနီစီပယ်အစိုးရ အနေဖြင့် ဆောက်လုပ်ရေးကဏ္ဍအပါအဝင် နယ်ပယ်စုံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း၊ ချုံချင့်မြို့သို့ရောက်ရှိစဉ် တရုတ်နိုင်ငံမှ ဆောက်လုပ်ရေးဆိုင်ရာရင်းနှီးမြှုပ်နှံသူများ၊ နည်းပညာကုမ္ပဏီကြီးများနှင့် တွေ့ဆုံ၍ ဆွေးနွေးစေလိုကြောင်း၊ ချုံချင့်မြို့နှင့် ပတ်ဝန်းကျင်ကို လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချုံချင့်မြူနီစီပယ်အစိုးရကုန်သွယ်ရေးဌာနသို့သွားရောက်ပြီး ချုံချင့်မြို့စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် မစ္စတာကျန်းရုံဂူနှင့် တာဝန်ရှိသူများ၊ ချုံချင့်မြို့ နိုင်ငံခြားရေးဌာနနှင့် မြို့ပြစီမံကိန်းနှင့် သဘာဝသယံဇာတဗျူရိုမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးကော်မရှင်မှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိနှင့်အတူ မြန်မာနိုင်ငံ၏အခြေခံအဆောက်အအုံတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အတူပါရှိလာကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍအပါအဝင် ဘက်စုံထောင့်စုံဆွေးနွေးစေလိုကြောင်း ပြောကြားပြီး ချုံချင့်မြူနီစီပယ်အစိုးရစီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် မစ္စတာကျန်းရုံဂူက တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ပထဝီဝင်အရဖြစ်တည်မှုအခြေအနေ၊ ပူးပေါင်းဆောင်ရွက်နိုင်သည့် စီးပွားရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာတို့ကို ဆွေးနွေးကာ တက်ရောက်လာကြသော တရုတ်နိုင်ငံမှ တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များက သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့များသို့ရောက်ရှိစဉ် အမြန်လမ်းမကြီးများ တည်ဆောက်ထားရှိမှုနှင့် ကွပ်ကဲဆောင်ရွက်နေသည့် အခြေအနေများ၊ တံတားတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းခွင်များ၊ မြို့တွင်းလမ်းမများတွင် သစ်ပင်ပန်းမန်၊ လူသွားစင်္ကြံပလက်ဖောင်းများ ဆောင်ရွက်ထားရှိသည့်အခြေအနေများ၊ ပလက်ဖောင်းကတ်တုံးများ ထုတ်လုပ်ဖြန့်ဖြူးသည့် စက်ရုံ၊အလုပ်ရုံများ၊မြို့ပြနှင့်အိမ်ရာတည်ဆောက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းခွင်များသို့ သွားရောက်လေ့လာခဲ့ကြပြီး ကွမ်ကျိုးမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ယနေ့တွင် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

( ခ ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

( င ) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

( စ ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

( ဇ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

( ဈ ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

( ခ ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

( င ) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

( စ ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြသမည့် နေပြည်တော်ကိုယ်စားပြု ဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုအားပေး



**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ပြသမည့် နေပြည်တော်ကိုယ်စားပြုဒေသထွက် MSME ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ထုတ်ကုန်များအလိုက် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချမှုအခြေအနေကိုလိုက်လံရှင်းလင်းပြသပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်အသီးသီးက ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန် အမျိုးအစား ၈၃ မျိုး၊ သွင်းကုန်အစားထိုးတန်ဖိုးမြင့်ထုတ်ကုန်အမျိုးအစား ၂၇ မျိုး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံထုတ်ကုန်အမျိုးအစား ၄၃ မျိုး၊ ပြည်ပပို့ကုန်အမျိုးအစား၁၀မျိုးနှင့်One Region One Product (OROP)ထုတ်ကုန်ပစ္စည်းအမျိုးအစား ၉၁ မျိုးတို့ကို ပါဝင်ယှဉ်ပြိုင်ပြသသွားမည်ဖြစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပေါင်းကွင်း၌ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပမည့် ကွင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု၊ ပြခန်းများ ဆောင်ရွက်နေမှုနှင့် MSME ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရန် ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၃၀ | ၃၂၄၅ | ၃၂၁၀ | ၃၁၄၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၀၅ | ၃၄၉၅ | ၃၂၂၀ | ၃၂၂၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၄၁၀၀ |
| 95 Ron | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၈၀ | ၂၉၄၅ | ၂၈၀၀ | ၂၉၈၅ | ၃၀၀၀ | ၃၀၂၀ | ၂၉၃၅ | - | ၃၂၃၀ | ၂၉၅၅ | ၂၉၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၀၀ | ၃၂၇၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၁၉ |
| HSD (500 ppm) | ၂၇၀၁ | ၂၇၈၄ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မြန်မာ-ဘရာဇီး နှစ်နိုင်ငံအကြား စတုတ္ထအကြိမ် နိုင်ငံရေးရာဆွေးနွေးပွဲတက်ရောက်ရန် ဘရာဇီးနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးနိုင်ငံ ဘရာဇီးလီးယားမြို့၌ကျင်းပမည့် မြန်မာ-ဘရာဇီး နှစ်နိုင်ငံအကြား စတုတ္ထအကြိမ် နိုင်ငံရေးရာဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ဘရာဇီးနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၆

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက် ၆၈ လမ်း၊ ၄၀-၄၁ လမ်းကြားရှိ ဖုရီဟွ ၃၁နှစ် (ဘ)ဦးဖာချင်း၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water သုံးကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ညနေ ၅ နာရီတွင် မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက် ၄၂ လမ်းနှင့် ၆၇(A)လမ်းထောင့်ရှိ နေအိမ်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူ ဖူရှီးရုံ(ခ)အားရှုန်း ၂၈ နှစ်(ဘ)ဦးဖူဖာမိုကို ကက်တမင်း ၃ ဒသမ ၆ ကီလို၊ Happy Water ၈ ဒသမ ၆၃၅ ကီလို၊ အက်တက်စီဆေးပြား ၄၀၊ Happy-5 ဆေးပြား ၁၅၀၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၈၀၊ အိုက်စ် (မက်သ်အဖက်တမင်း)ငါးဂရမ်တို့နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့၍ မန္တလေးမြို့ပေါ်ရှိ KTV၊ BAR၊ CLUB နှင့် ENTERTAIN-MENT များတွင် ဖြန့်ဖြူးရောင်းချမည့် စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ Happy Water ၁၁ ဒသမ ၆၃၅ ကီလို၊ ကက်တမင်း ၃ ဒသမ ၆ ကီလို၊ အက်တက်စီဆေးပြား ၄၀၊ Happy-5 ဆေးပြား ၁၅၀၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၈၀ နှင့် အိုက်စ်(မက်သ်အဖက်တမင်း) ငါးဂရမ်တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကိုဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၂၅ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Nay Thu"Facebook အကောင့်၊ "Nay Thu"TikTokအကောင့်နှင့် "Nay Thu"YouTube အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေဘုတ်ကျေးရွာနေ နိုင်လင်း(ခ) နေသူအား နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ချောင်းခွနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



# မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# နယူးဇီလန်နိုင်ငံမြောက်ပိုင်း မန်ငါဖိုင်နယ်မြေတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သစ်ပင်ကြီးတချို့နှင့် ဓာတ်တိုင်များလဲကျမှု ဖြစ်ပေါ်ခဲ့



ဝယ်လင်တန် ဇန်နဝါရီ ၂၆

နယူးဇီလန်နိုင်ငံမြောက်ဘက်ပိုင်း နယ်မြေတစ်ခုဖြစ်သည့် မန်ငါဖိုင်နယ်မြေတွင် ယနေ့နံနက် အစောပိုင်းက အားကောင်းသည့် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး လေဆင်နှာမောင်းကြောင့် သစ်ပင်ကြီးတချို့နှင့် ဓာတ်တိုင်များလဲကျမှုဖြစ်ပေါ်ကြောင်း နယူးဇီလန် မီးသတ်နှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းက ထုတ်ပြန်သွား ခဲ့သည်။

လေဆင်နှာမောင်းသည် နံနက်၃ နာရီတွင် တိုက်ခတ်ခဲ့ခြင်းဖြစ်သည့်အတွက် ဒေသခံများ အနေဖြင့် ပြင်ဆင်ချိန်မရခဲ့ပဲကြောင်း၊ မန်ငါဖိုင်နယ်မြေတွင် လေဆင်နှာမောင်းဒဏ်အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရသည့် မြို့မှာ ကိုင်ပါရာမြို့ဖြစ်ကြောင်း၊ မန်ငါဖိုင်နယ်မြေတွင် လူနေအိမ်ခြေပေါင်း ၄၇၀၀ ကျော်ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရပြီး လျှပ်စစ်မီး ပြတ်တောက်မည့် ကာလရှည်ကြာ သွားနိုင်ကြောင်း ပါရာမြို့တော်ဝန်က ပြောကြား သွားခဲ့သည်။

"ဒီနေ့မနက် အစောပိုင်းမှာ မန်ငါဖိုင်နယ်မြေအတွင်း အားကောင်းတဲ့ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်းဟာ အားကောင်းတဲ့ အတွက် ပျက်စီးမှုတွေများခဲ့ပါတယ်။ သစ်ပင်ကြီးတွေ လဲကျခဲ့သလို ဓာတ်တိုင်တွေလဲ လဲကျခဲ့ပါတယ်။ ဓာတ်တိုင်တွေလဲကျခဲ့လို့ လျှပ်စစ်မီးတွေလဲ ပြတ်တောက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်" ဟု မန်ငါဖိုင်နယ်မြေ မီးသတ်နှင့် ကယ်ဆယ်ရေး အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိ သူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ရာသီဥတုဖြစ်စဉ်များကြောင့် ဘင်္ဂလားဒေ့ရှ် ကလေးငယ် ၃၃ သန်းစာသင်ကြားခွင့် ဆုံးရှုံးလျက်ရှိ

ဒါကာ ဇန်နဝါရီ ၂၆

ရာသီဥတုဖြစ်စဉ်များကြောင့် ၂၀၂၄ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ ကလေးငယ် ၃၃ သန်း စာသင်ကြားခွင့် ဆုံးရှုံးလျက်ရှိကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) ၏ ဇန်နဝါရီ ၂၅ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာတစ်ဝန်း အပူလှိုင်းများ၊ ဆိုင်ကလုန်းမုန်တိုင်းများ၊ ရေလွှမ်းမိုးမှုနှင့် အခြားပြင်းထန်သော ရာသီဥတု ဖြစ်စဉ်များကြောင့် ၂၀၂၄ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ စာသင်ကျောင်းပေါင်းများစွာ ပိတ်ထားခဲ့ရပြီး ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၇၇ နိုင်ငံမှ ကလေးငယ်ပေါင်း ၂၄၇ သန်း ကျောင်းပညာရေးတွင် ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ပြင်းထန်တဲ့ ရာသီဥတုဖြစ်စဉ်တွေ မကြာခဏ ဖြစ်ပွားတာက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာရှိတဲ့ ကလေးတွေရဲ့ ပညာရေးအပေါ် သက်ရောက်မှုရှိနေပြီး ကလေးတွေရဲ့ ပညာသင်ယူခွင့်ကို ဆုံးရှုံးစေလျက်ရှိပါတယ်"ဟု UNICEF ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကိုယ်စားလှယ်ဖြစ်သူ ရာနာဖလားဝါက ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၄ ခုနှစ် ဧပြီလနှင့် မေလတို့တွင် တစ်နိုင်ငံလုံး အပူလှိုင်းဖြစ်ပေါ်မှုများကြောင့် ကလေးငယ်များရေဓာတ်ခန်းခြောက်ခြင်းနှင့် အပူဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရခြင်းတို့ကြောင့် တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများကို နှစ်ပတ်ကြာ ပိတ်ထားခဲ့ရပြီး ဇွန်လအတွင်း ရာမယ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ကလေးငယ် ၇ သန်းအပါအဝင် လူပေါင်း ၁၈ ဒသမ ၄ သန်း ထိထိခိုက် ခံစားခဲ့ကြရကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကလေးများသည်ကမ္ဘာပေါ်တွင်ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကြောင့် ဘေးအန္တရာယ် အခံရဆုံးနှင့် ထိခိုက်မှု အလွယ်ဆုံးသူများ စာရင်းတွင်ပါဝင်နေပြီး ကျောင်းများ အချိန်ကြာမြင့်စွာပိတ်ခြင်းက ကလေးသူငယ်များ၊ အထူးသဖြင့် ဆယ်ကျော်သက်မိန်းကလေးများ ကျောင်းထွက်ရန် အခြေအနေများကို ဖြစ်ပေါ်စေကြောင်း သိရသည်။

Ref : Sputnik News
Trs : AZH

# ဩစတြေးလျသန္တာကျောက်တန်းများ သမုဒ္ဒရာရေအပူချိန်မြင့်တက်မှုကြောင့် အရောင်ကျွတ်မှု ဆိုးရွားစွာဖြစ်ပေါ်နေ

ကင်ဘာရာ ဇန်နဝါရီ ၂၆

ဩစတြေးလျနိုင်ငံ Great Barrier Reef သန္တာကျောက်တန်းများ သမုဒ္ဒရာရေအပူချိန်မြင့်တက်မှုကြောင့် အရောင်ကျွတ်မှု ဆိုးရွားစွာ ဖြစ်ပေါ်နေကြောင်း ဩစတြေးလျသိပ္ပံပညာရှင်များ၏ ဇန်နဝါရီ ၂၅ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ Great Barrier Reef သန္တာကျောက်တန်းများ၏ အခြေအနေကို ဩစတြေးလျ သိပ္ပံပညာရှင်များက အဆိုပါသန္တာကျောက်တန်းအနီးရှိ ကျွန်းတစ်ကျွန်းပေါ်မှ အနီးကပ်စောင့်ကြည့်လေ့လာမှုများပြုလုပ်လျက်ရှိရာ ပြီးခဲ့သောနှစ်မှစ၍ သန္တာကျောက်တန်းများ၏ ရာခိုင်နှုန်း ၅၀ ကျော်သည် အရောင်ကျွတ်မှု ဆိုးရွားစွာဖြစ်ပေါ်နေကြောင်း အဆိုပါအဖွဲ့က ပြောကြားခဲ့သည်။

သန္တာကျောက်တန်းများသည် ကမ္ဘာ့အပူဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့သော ၂၀၂၄ ခုနှစ်တွင် အဆိုးရွားဆုံးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီး သတ္တမမြောက် အဆိုးရွားဆုံး အရောင်ကျွတ်မှုကို ဖြစ်ပေါ်စေခဲ့ကာ ပင်လယ်ရေ၏ အပူချိန်ကြောင့် သန္တာကျောက်တန်းများ၏ တစ်ရှူးများမှရေညှိများ ကွာကျရာမှ သန္တာကျောက်တန်းများ သေဆုံးမှုကို ဖြစ်ပွားစေကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



ဩစတြေးလျနိုင်ငံ Great Barrier Reef သန္တာကျောက်တန်းများသည် စတုရန်းမိုင်ပေါင်း ၁၃၃၀၀၀ ကျော် ကျယ်ဝန်းပြီး ငါးမျိုးစိတ်ပေါင်း ၁၅၀၀ ကျော်နှင့် သန္တာမျိုးစိတ်ပေါင်း ၄၁၁ မျိုး တည်ရှိကြောင်း၊ ကမ္ဘာ့အကြီးဆုံး သန္တာကျောက်တန်းဖြစ်ကာ ဩစတြေးလျနိုင်ငံ၏ စီးပွားရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာဘီလီယံပေါင်းများစွာ ပံ့ပိုးပေးနေပြီး အဓိကခရီးသွားလုပ်ငန်း မှတစ်ဆင့် နိုင်ငံခြားဧည့်သည်များကို ဆွဲဆောင်ရာဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# အိုင်ယာလန်နိုင်ငံတွင် အီအိုဝင်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီး လူတစ်ဦးသေဆုံးခဲ့

ဒပ်ဘ်လင် ဇန်နဝါရီ ၂၆

အိုင်ယာလန်နိုင်ငံတွင် ဇန်နဝါရီ ၂၅ ရက်က အားကောင်းသည့် အီအိုဝင်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် လူတစ်ဦး သေဆုံးခဲ့ကြောင်း အိုင်ယာလန်အစိုးရက အတည်ပြုခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အီအိုဝင်မုန်တိုင်းသည် အိုင်ယာလန်နိုင်ငံအပြင် မြောက်အိုင်ယာလန်နိုင်ငံ၊ စကော့တလန်နိုင်ငံတို့သို့လည်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး အိုင်ယာလန်နိုင်ငံတွင် မုန်တိုင်းကြောင့် သစ်ပင်ကြီးများ လဲကျခဲ့သလို သစ်ကိုင်းများလည်း ကျိုးကျခဲ့ခြင်းကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ လျှပ်စစ်မီးမရရှိသည့် အဆောက်အအုံနှင့် နေအိမ်ပေါင်း ၇၂၅၀၀၀ ကျော်ရှိနေပြီး လျှပ်စစ်မီးမရသည့်အတွက် သောက်သုံးရေပေးဝေနိုင်ခြင်းမရှိသဖြင့် သောက်သုံးရေ မရရှိသည့် လူဦးရေ ၁၃၈၀၀၀ ကျော်ရှိနေကြောင်း အိုင်ယာလန်အစိုးရက ထုတ်ပြန်ခဲ့သည်။

အီအိုဝင်မုန်တိုင်းကြောင့် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ နှုန်းဖြင့် တိုက်ခတ်နေပြီး အန္တရာယ်ရှိသည့် အဆင့်ဖြစ်ကာ နေအိမ်များအတွင်း၌သာ နေထိုင်သွားရန် ဗြိတိန်ဗဟိုမိုးလေဝသရုံးက ထုတ်ပြန်ခဲ့သည်။

စကော့တလန်နိုင်ငံတွင် မုန်တိုင်းကြောင့် လေကြောင်းခရီးစဉ်ငါးခုလျှင် လေကြောင်းခရီးစဉ်တစ်ခု ယာယီဆိုင်းငံ့ခဲ့ရပြီး စကော့တလန်နိုင်ငံအတွင်း မီးရထားခရီးစဉ်အားလုံးကို ယာယီဆိုင်းငံ့ထားကြောင်း စကော့တလန်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

မြောက်အိုင်ယာလန်နိုင်ငံတွင်လည်း မုန်တိုင်းကြောင့်ပျက်စီးမှုမြင့်မားခဲ့သလို သစ်ပင်ကြီးများ လဲကျခဲ့ပြီး အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း၊ မြောက်အိုင်ယာလန်နိုင်ငံတွင် မုန်တိုင်းဖြတ်သန်း ဝင်ရောက်ရာ လမ်းကြောင်း တစ်လျှောက်ရှိ မြို့များမှ စာသင်ကျောင်းအားလုံးကို ယာယီပိတ်ထားရန် မြောက်အိုင်ယာလန်အစိုးရက ညွှန်ကြားထားကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အရှေ့တောင်အာရှဒေသရှိ မြို့ကြီးတချို့ကမ္ဘာ့လေထုညစ်ညမ်းမှုနှုန်းအမြင့်ဆုံးမြို့များစာရင်းတွင် ပါဝင်နေ

ဂျီနီဗာ ဇန်နဝါရီ ၂၆

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် IQ Air အဖွဲ့အစည်းက ကမ္ဘာ့လေထုညစ်ညမ်းမှု အမြင့်မားဆုံးသော မြို့ကြီးများစာရင်းကို ထုတ်ပြန်ခဲ့ရာတွင် အရှေ့တောင်အာရှဒေသမှ မြို့ကြီးတချို့ ပါဝင်နေသည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

IQ Air အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လေထုညစ်ညမ်းမှုအမြင့်မားဆုံးသော မြို့ကြီးများစာရင်းတွင် အရှေ့တောင်အာရှဒေသများဖြစ်သော ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၊ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့ ပါဝင်နေကြောင်း၊ ၎င်းနိုင်ငံများအနက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လေထုညစ်ညမ်းမှုအပြင် မြို့တော်အတွင်း မီးခိုးငွေ့များဖုံးလွှမ်းနေပြီး နေ့စဉ် အမိုးအကာမရှိသည့်နေရာများတွင် အလုပ်လုပ်ကိုင်နေရသည့် ပြည်သူများ၏ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာအခြေအနေ ဖြစ်နေကြောင်း သိရသည်။

လေထုညစ်ညမ်းမှုများ အဓိကဖြစ်ပေါ်နေရသည့် အကြောင်းရင်းများတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက်မြေနေရာရှင်းလင်းရာတွင် မီးရှို့ရှင်းလင်းခြင်း၊ စက်မှုဇုန်များမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်မှုမြင့်မားခြင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုများ အစရှိသည်တို့ အဓိကပါဝင်နေကြောင်း IQ Air အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

Ref : Russia Today
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ဝတ္ထုတိုကဏ္ဍ

# ခေါင်းအုံးမီးပူ

ညိမ်းညို



(၁)

ကိုချစ်မွေးသည် သူ့ရှေ့မှ လူငယ်ကို သေသေချာချာ စူးစိုက်ကြည့်ပြီး တစ်ခွန်းတည်းသော စကားကိုဆိုသည်။

"မင်းကို နေ့တစ်ဝက် ခွင့်ပေးလိုက်မယ်"

"ဗျာ"

"မဗျာနဲ့ မောင်။ မင်းယူနီဖောင်းတွေ မီးပူပြန်တိုက်ချေ"

သူ့ရှေ့မှလူငယ်သည် အယောင်ယောင်အမှားမှားစကားပြန်၍ အခန်းထဲက ပြန်ထွက်သွား၏။ ဦးစီးမှူးခေါ်သည်ဆိုသောကြောင့် ထိတ်ထိတ်ပျာပျာဝင်အလာ အခန်းထဲရောက်တော့ ဦးစီးမှူးက ဘာမျှမေးမြန်းမနေဘဲ နေ့တစ်ဝက်ခွင့်ပေးမည်ဆိုသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားပုံရသည်။

အလုပ်ဝင်သည်မှာ မကြာသေးသော ထိုလူငယ်ကို ကိုချစ်မွေး စိမ်းနေသည်။ ဝတ်ပုံစားပုံ ဟန်မကျလှသည်ကို သတိထားမိသော်လည်း ကိုချစ်မွေး အောင့်ထားသေး၏။ အလုပ်ဝင်ခါစ ဝန်ထမ်းအသစ်တစ်ဦးဖြစ်သဖြင့် ခေါ်ပြောလိုက်လျှင် စိတ်လက်လေးလံသွားမှာ စိုး၍ဖြစ်သည်။ သူ့ခမျာ သွက်သွက်လက်လက် ရှိရှာပါ၏။ ရုံးအလုပ်များကို မခိုမကတ်ဖွဲ့ခတ်ပြီး လုပ်သည်။ အခြားသူများအပေါ်မှာ နွံ့နွံ့တာတာရှိသည်ကိုလည်း ကိုချစ်မွေး တွေ့မိသည်။

တစ်ဖက်ကကြည့်ပြန်လျှင် ကိုချစ်မွေးအဖို့မှာကလည်း သူ့နှုန်းသူ့စံနှင့်။

ကိုချစ်မွေးတစ်ယောက် တွန့်ကြေနေသော ယူနီဖောင်းကို တော်ရိလျော်ရိ ဖြစ်ကတတ်ဆန်း ဝတ်ထားသည်လောက် စိတ်ကသိကအောက် ဖြစ်ရသည် မရှိ။ သူ ကိုယ်တိုင်လည်း ယူနီဖောင်းဖြစ်စေ၊ အရပ်ဝတ်ဖြစ်စေ မီးပူကော့နေအောင်ထိုးပြီး ကျော့နေအောင် ဝတ်တတ်သည်။ သူ့ရုံးအဖွဲ့သား၊ တပည့်များကိုလည်း ထိုသို့မြင်ရပါမှ ကိုချစ်မွေး စိတ်တိုင်းကျသည်။

ကိုချစ်မွေးသည်စိုက်ပျိုးရေးနှင့်ဆိုင်သည့်မြို့နယ်အဆင့်ရုံးတစ်ရုံးမှ ဦးစီးအရာရှိ တစ်ဦးဖြစ်သည်။ အလုပ်ကို အလုပ်နှင့်တူအောင် စနစ်တကျဆောင်ရွက်သလို အဝတ်အစားကိုလည်း သပ်သပ်ရပ်ရပ်ပြင်ဆင်ပြီးမှ ဝတ်လေ့ရှိသူဖြစ်သည်။ ထိုထိုသော အဝတ်အစားများကို ပြောင်ပြောင်စင်စင်ဖွပ်လျှော်၍ ကြွပ်ကြွပ်ကော့ကော့ မီးပူကျကလေးဖြစ်အောင် အားထုတ်တတ်ခြင်းဖြစ်သည်။ ကိုချစ်မွေးကိုကြည့်လိုက်လျှင် အမြဲတစေ သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့်ရှိရုံမျှမက သူ့ရုံးခန်း အတွင်းအပြင်သည်လည်း ရှင်းသန့်နေသည်ကို တွေ့ရမည်။

ထို့ပြင် ရုံတွင်လည်း ကိုချစ်မွေးက အမွှေးနံ့သာရည်များ တရှူးရှူးဖျန်းသေးသည်။ သို့သော် အနံ့ပြင်းပြင်း စူးစူးရှရှမျိုးထဲက မဟုတ်။ သင်းသင်းယဉ်ယဉ် ရနံ့ဖြစ်သဖြင့် စိမ်းတောက်တောက် အီတီတီမဖြစ်။ ရုံးခန်းလေးအတွင်း၌ မွှေးမွှေးပျံ့ပျံ့ရှိ၏။ ရုံးတစ်ဖွဲ့သားလုံး စိတ်လက်ကြည်သာရှိကြ၏။

"အလုပ်လုပ်တဲ့နေရာဆိုတာ အေးရမယ်၊ မွှေးရမယ်ဟေ့။ ဒါမှ အကြံကောင်း၊ ဉာဏ်ကောင်းထွက်တော့မပေါ့"

ဒါက ကိုချစ်မွေး၏ လက်သုံးစကားပင် ဖြစ်၏။

ရုံးကိုချည်း လိုမ့်ပြင်နေသဖြင့် လုပ်ငန်းတာဝန်ဘက်၌ လစ်ဟင်းလေမည်လား တွေးဖို့မလို။ ဌာနဆိုင်ရာ လုပ်ငန်းများကျပြန်လည်း စေ့စေ့စပ်စပ်ရှိသည်။ ကိုချစ်မွေးက သူကိုယ်တိုင် အပင်ပန်းခံ၍ ဖိဖိစီးစီးကြပ်ကြပ်မတ်မတ် ဆောင်ရွက်လုပ်ကိုင်တတ်သည်။ ပြောရလျှင် ကိုချစ်မွေးတစ်ယောက် လုပ်ငန်းခွင်တွင် နာမည်ရပါ၏။ ထို့နည်းတူ အသန့်အရှင်းကြိုက်တဲ့နေရာမှာလည်း နာမည်ထွက်ပါ၏။

သူ့တပည့်များကလည်း ထမင်းချိုင့်မပါဘဲ ရုံးကိုသွားချင်သွားမည်။ ယူနီဖောင်းမီးပူကျ မဟုတ်ဘဲနှင့် ရုံးကိုသွားဖို့ မဝံ့ရဲကြ။

ယခုအခါ အားလုံးကိုယ်စီ နေသားတကျရှိနေကြပါပြီ။ ကိုချစ်မွေးရောက်သည်မှာ လကျော်နှစ်ပေါက် ကြာပြီ။ သပ်သပ်ရပ်ရပ် ပြင်ဆင်ဝတ်စားရသည်မှာ အလေ့အထုံမရခင် ကရိကထများလှသည်ထင်ရပြီး အသားကျဖြစ်သွားပြန်လျှင် တကူးတက အားစိုက်နေစရာမလိုဘဲ သက်သောင့်သက်သာ ပေါ့ပေါ့ပါးပါးပြီးသွားခြင်းဖြစ်သည်။

မမျှော်လင့်သော တစ်နေ့တွင်မူ ကိုချစ်မွေးအတွက် ပြောင်းရွှေ့မိန့်ထွက်လာခဲ့သည်။ မီးအဆင်သင့်၊ ရေအဆင်သင့် မြို့တော်ကြီး ဘာမျှမထူးဆန်းပုံမှန်လည်ပတ်လျက်။ ကိုချစ်မွေးမှာသာ မိမိလက်ဖြင့် တည်ဆောက်ခဲ့ရသည့် အသိုက်အမြုံကလေးကို မခွဲရက်မခွာနိုင်ဖြစ်ရရှာသည်။ သို့သော် ပြည့်ဝန်ထမ်းတစ်ဦးအနေဖြင့် နားနားနေနေ ပြေရာပြေကြောင်းအကြောင်းသင့်လျက် လုပ်သက်ရင့်ချင်နေ၍မရကြောင်း ကိုချစ်မွေး နှလုံးသွင်းနိုင်ပါ၏။ ပြောင်းဟေ့ပြောင်းဟေ့ဆိုပြန်လည်း ပြောင်းပြီပြောင်းပြီ ဆိုရပြန်သည်ပေါ့။

မပြောင်းခင်တစ်ရက်တွင် ကိုချစ်မွေးက လုပ်ဖော်ကိုင်ဖက်များကို နှုတ်ဆက်ပွဲကလေး လုပ်ပေးသည်။ တပည့်များက အမှတ်တရ တစ်ခုခုပြောပေးပါဆိုသဖြင့် ပြောပေးရှာပါသည်။

"တို့အဖွဲ့သားတွေ၊ နောက်ဦးစီးအသစ်က အမျိုးသမီးတဲ့နော်။ သန့်ရှင်းသပ်ရပ်မှုကို ဒီထက် လျော့မကျစေနဲ့။ ငါ့အပေါ် ခင်တယ်မင်တယ် အောက်မေ့တယ်ဆိုရင် ယူနီဖောင်းကို သန့်သန့်ပြန့်ပြန့် မီးပူထိုးဝတ်ဖို့တော့ မမေ့ကြနဲ့ဟေ့"တဲ့။

(၂)

ရန်ကုန်ရွှေမြို့တော်ကြီးနှင့် မိုင် ၂၀၀ ကျော်ကွာဝေးသော နယ်မြို့ကလေးတစ်မြို့ကို ကိုချစ်မွေးရောက်လို့နေပါပြီ။ နေရာဒေသအသစ် ပတ်ဝန်းကျင်အသစ် လုပ်ဖော်ကိုင်ဖက် အသစ်တွေဆိုသော်ငြား ကိုချစ်မွေး အဆင်ပြေအောင် နေတတ်ပါ၏။ ရောက်ပြီး နှစ်ပတ်ကျော်ကျော်လောက်နှင့် နေရာထိုင်ခင်းကအစ လုပ်ငန်းခွင်အဆုံး ကိုချစ်မွေး ပုံမှန်စီးမျောလည်ပတ်နေပါပြီ။

ပြောစရာမှာ မီးအခက်အခဲဖြစ်သည်။ မီးလာချိန်မှာ များသောအားဖြင့် ညသန်းခေါင်ကျော် တစ်ချက်တီးလိုမျိုး ဖြစ်ချင်ဖြစ်နေတတ်သည်။ မီးပူကျလေးကော့နေအောင် ဝတ်လေ့ရှိသော ကိုချစ်မွေးအတွက် သည်တစ်ခုတော့ အဖုအထစ်ဖြစ်ရသည်။ ရွှေမြို့တော်ကြီးနှင့် အစစအရာရာ ကွာခြားသဖြင့် ရုံးကဝန်ထမ်းများကိုလည်း ဇွတ်အတင်းပုံစံချချင်၍ မဖြစ်နိုင်မှန်း သဘောပေါက်သည်။

ယနေ့အထိ စွဲမြဲခိုင်မာကျင့်သုံးလာခဲ့သော သူ့နှုန်းသူ့စံများကိုသာ တစ်ရစ်လျှော့ရပေတော့မည်။

ရောက်ခါစနေ့ရက်များထဲမှ ဘိုးကံရင်နှင့် ဖြစ်ရပ်ကို ကိုချစ်မွေး ယခုတိုင် မမေ့နိုင်သေး။ ပြန်တွေးမိလျှင် ရှက်နွေးနွေး ဖြစ်နေရသေးသည်။

ကိုချစ်မွေးတို့ ဝန်ထမ်းအိမ်ရာက ရုံးပရိဝုဏ်ထဲမှာပဲ မနီးမဝေး ကပ်လျက်ရှိသည်။ အိမ်ခန်းသိပ်မများလှပါ။ သူ့အပါမှ မိသားစု ငါးစုသာရှိကြသည်။ ကျန်ဝန်ထမ်းများမှာ မြို့ထဲနေကြသူများဖြစ်သည်။

တစ်ရက် ညဦးပိုင်းတွင် ကိုချစ်မွေး ယူနီဖောင်းနှင့် အဝတ်အစားများ မီးပူတိုက်နေစဉ် ရုတ်တရက် မီးပျက်သွားသည်။ မီးမလာသောရက်များတွင် ည ၇ နာရီမှ ၉ နာရီအထိ ရုံးမီးစက်ဖြင့် မီးပေးနိုင်အောင် ကိုချစ်မွေးက စီစဉ်ပေးထားခြင်းဖြစ်သည်။

"ဘိုးကံရင် ဘယ်လဲ၊ ရေနွေးကြမ်းသောက်လှည့်ပါအုံး"

တိုက်တိုက်ဆိုင်ဆိုင် ညစောင့်ဝန်ထမ်း ဘိုးကံရင်ကို ဓာတ်မီးတစ်လက်နှင့် အခန်းရှေ့က ဖြတ်သွားသည်ကိုတွေ့ရသဖြင့် ကိုချစ်မွေး ဖိတ်မန္တကပြုသည်။

"မဝင်တော့ဘူး ဆရာ။ မိဆုတို့ လိုင်းခန်းဘက်သွားကြည့်ရအုံးမယ်။ ကလေးမတွေ ရေနွေးအိုးခိုးတည်နေသလားမသိဘူး"

ဘိုးကံရင် အိမ်ထဲသို့မဝင်။ ခပ်လှမ်းလှမ်းက လိုင်းခန်းတွေဘက် ဆက်သွားမည့်ဟန်ပြင်သည်။ မိဆုဆိုသည်က ကိုချစ်မွေးတို့ရုံးမှ အငယ်တန်းစာရေး ဆုပြည့်ကို ပြောခြင်းဖြစ်မည်။ ဘိုးကံရင်သည် ညစောင့်ဆိုသော်ငြား ရုံးမီးစက်ကိုလည်း တာဝန်ယူထားရသည်။

"မီးစက်ထိုးရပ်သွားရင် ဒီလိုပဲ သွားသွားချောင်းရတယ် ဆရာရေ။ လိုင်းခန်းတွေက သုံးမိနစ် ရေနွေးအိုးတွေ၊ ဘာတွေ ခိုးတည်ကြရင် မီးအားမနိုင်ဘူးလေ။ မီးစက်က တစ်ခါတည်း ဝပ်ကျသွားတာ။ ပြောလဲပြောပြောပါပဲ ဆရာရယ်။ သူတို့မို့ မီးလေးလာတုန်း ကော်ဖီသောက် ချင်ရတာနဲ့၊ မီးပူတိုက် ချင်ရတာနဲ့၊ လျှပ်စစ်မီးလာမှ ထလုပ်ပါတော့လား"ဟု ပြောရာ ကိုချစ်မွေးမှာ ဘိုးကံရင် အိမ်ထဲဝင်မလာသည် ကိုပဲ ကျေးဇူးတင်ရမိသည်။ သူ့ညှော့ခန်းစားပွဲပေါ်တွင် တိုက်လက်စ မီးပူတန်းလန်းနှင့်ဖြစ်သည်။

(၃)

ကိုချစ်မွေး ဦးလေးထွန်းကို သတိပြုမိနေသည်မှာ ကြာပြီ။ သူသည် လုပ်သက်ရင့် အကြီးတန်းစာရေးကြီးတစ်ဦး ဖြစ်သည်။ အသက်အရွယ်အားဖြင့် ကိုချစ်မွေးတို့ထက် အများကြီး ပိုပါလိမ့်မည်။ ပင်စင်ပင် နီးလေပြီလား မပြောတတ်။

ကိုချစ်မွေး သတိပြုမိသည်မှာ ဦးလေးထွန်းက ဝတ်တာစားတာ အင်မတန် သပ်ရပ်သည်။ ရန်ကုန်ရုံးမှာတုန်းက သိပ်သိသာမည် မဟုတ်သော်လည်း ယခုလို နေရာမျိုးကျ ဦးလေးထွန်း၏ သပ်သပ်ရပ်ရပ်ဝတ်စားနေထိုင်ပုံက အားလုံးထဲမှာ ကွဲထွက်နေပြီး သတိပြုစရာ ဖြစ်ရသည်။ ကိုချစ်မွေးပင်လျှင် မီးပူတိုက်ဖို့ အခက်တွေ့နေရသည်ဖြစ်၍ ပလူမွှေးပလူတောင် ကလေးတိုးလို့တွဲလောင်းနှင့် ကျန်ရုံးဝန်ထမ်းများမှာ ပေါ်တော်မူကိုလျှပ်စစ်ပြုသမျှ နုကြရသည်။ မီးပူကျ ကော့နေအောင်ဝတ်ဖို့ဆိုသည်မှာ မီးမှန်ခြင်း၊ မမှန်ခြင်း၊ မီးအားပြည့်ခြင်း၊ မပြည့်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေမှန်း ယခုမှပင် ကိုချစ်မွေး သဘော ပေါက်တော့သည်။

လျှပ်စစ်မီးသည် ဦးလေးထွန်းကို ခြွင်းချက်များထားလေသလားမသိ။ ဦးလေးထွန်းလည်း ဝန်ထမ်းအိမ်ရာမှာ နေတာပါပဲ။ ဆုပြည့်တို့နှင့် တစ်ခန်းကျော်သာ။ ဘယ့်နှယ် သူ့ကျ ပုဆိုး၊ အင်္ကျီများဆိုလျှင် ခေါက်ရိုးကြောင်းလေးတွေနှင့် သပ်သပ်ရပ်ရပ်ရှိတာ အမြဲတွေ့ရသည်။

မီးပူများ ခိုးသုံးလေသလား။ ဒါလည်းမဖြစ်နိုင်။ ကိုချစ်မွေးမှ မီးပူ မတိုက်တော့သည့်နောက် ရုံးကမီးစက်ကြီးလည်း ထိုးထိုးမရပ်တော့။ မီးသွေးမီးပူသုံးလေသလား။ ဒါဆိုရင်လည်း မီးသွေးက ရွှေထက်ရှားသော သည်မြို့ကလေးတွင် နေ့စဉ်ရက်ဆက် အဝတ်အစားတွေ မီးပူကျလေးဖြစ်နေဖို့ဆိုသည်မှာမလွယ်။

"ဦးလေးထွန်း"

"ဗျာ ဆရာ"

"ဦးလေးထွန်း အဝတ်အစားတွေကို မီးပူဘယ်လိုတိုက်သလဲ"

စာမျက်နှာ ၂၅ သို့ ➤

# ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံမြေပဲ ၁၄၁၅၅ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ဘုတလင် ဇန်နဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၁၄၁၅၅ ဧကစိုက်ပျိုးပြီးစီး ပြီးလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲဧက ၁၄၁၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၁၅၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ မြေပဲဧက ၁၄၁၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၄၁၅၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီးမျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ဆက်လက် ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

"ဩော် မီးပူမတိုက်ဘူး ဆရာ။ မီးအားကလဲ မပြည့်ချင်ဘူးလေ"

ကွင်းလေတဖြူးဖြူးနှင့်မို့ ရုတ်တရက် သဲသဲကွဲကွဲ ကြားရဟန်မတူ။ ဦးလေးထွန်းက အားစိုက် နားထောင်ရင်း ဖြေသည်။ ဖြေမှဲ့ဖြေတော့ မီးပူမတိုက်ဘူးဆိုပဲ။

"မီးပူသာမတိုက်တယ် ကျွန်တော် သတိထားမိသလောက် ဦးလေးထွန်းယူနီဖောင်းနဲ့ အဝတ်အစားတွေက အမြဲတမ်း ခေါက်ရိုးကျနေတာပဲ"

ဦးလေးထွန်းက ပြုံးရင်း ခေါင်းညိတ်သည်။

"ဒါကတော့ ဆရာရေ ကျွန်တော်က အကျင့်ပါနေပြီ မရတော့ဘူး။ အလုပ်စဝင်ကတည်းက ဆိုပါတော့။ သပ်သပ်ရပ်ရပ် လျှော်ဖွပ်မဝတ်ရရင်ကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတယ်မရှိချင်ဘူး။ လက်ဦး ဆရာရဲ့စကားက လွှမ်းမိုးခဲ့တာလဲ ပါမယ်ထင်ပါရဲ့လေ"

"လုပ်စမ်းပါအုံးဗျ"

ကိုချစ်မွေး စကားထောက်သည်။

"ကျွန်တော်တို့ အလုပ်စဝင်တော့ ဦးစီးမှူးက ဆရာဦးစိန်မြင့်တဲ့။ သပ်သပ်ရပ်ရပ် ဝတ်တာ၊ စားတာ၊ နေတာ၊ ထိုင်တာကို သိပ်သဘောကျတဲ့လူ။ မောင်ထွန်းရေတဲ့ တောင်းမှာအကွပ် လူမှာအဝတ်ဆိုတာ ဟန်လုပ်ဖို့ ရှိုးထုတ်ဖို့လဲ မဟုတ်ဘူး။ ကလေကချေနေဖို့လဲ မဟုတ်ဘူး၊ အဲဒီအစွန်းတရား နှစ်ဖက်ကနေလွတ်အောင် ဝတ်စားဆင်ယင်တတ်မှ အဓိပ္ပာယ် ပြည့်သကွတဲ့။ ဆရာကိုယ်တိုင်ကလဲ ဝတ်တာ၊ စားတာ သပ်သပ်ရပ်ရပ်၊ လုပ်တာ၊ ကိုင်တာ စနစ်တကျဆိုတော့ ကျွန်တော်တို့လဲ ဆရာ့ နည်းပေးလမ်းပြနဲ့ အရိုးစွဲလာတယ် ထင်ပါရဲ့ဗျာ"

"သိပ်ကောင်းတဲ့စကားပဲ။ ဒါနဲ့ ဦးလေးထွန်းက မီးပူလဲမတိုက်ပါဘဲ သပ်သပ်ရပ်ရပ် ဖြစ်အောင် ဘယ်လိုများ လုပ်သတုံး"

ဦးလေးထွန်းက ပြုံးသည်။ အဝေးလယ်ကွင်းအစပ်တွင် ဗျိုင်းတစ်အုပ်သည် ဖွေးဖွေးလှုပ်လှုပ်။

"ဒါများ လွယ်ပါတယ်ဆရာရယ်။ အဝတ်လျှော်ပြီးလို့ ရေညှစ်တဲ့အခါ လိမ်ကျစ်ပြီး တအားကြီး မညှစ်လိုက်နဲ့။ ခပ်ဖွဖွညှစ်ပြီး မလှန်းခင် ဆန့်ဆန့်ပြန့်ပြန့်ဖြစ်အောင် တဖြန်းဖြန်း ခါရသေးတာကိုး။ ပြီးတော့မှ လှမ်းတာပေါ့"

"ဒါနဲ့ အဝတ်တွေက ဆန့်ကရောလား"

ကိုချစ်မွေးကား သိလိုစိတ် ပြင်းပြလျက် ရှိချေပြီ။

"မဆန့်သေးဘူးဆရာ။ အဝတ်တွေခြောက်ရင် ကျယ်ကျယ်ပြန့်ပြန့်မှာ လက်ဖနောင့်နဲ့ဖိ၊ သေသေချာချာသပ်ချ၊ စနစ်တကျ ခေါက်ပြီး ခေါင်းအုံးအောက်ဖိထားရတယ်။ တစ်ညလောက် ဖိအိပ်လိုက်ရင် ခေါက်ရိုးကျကျလေးရလာတာပေါ့။ အဲ ခေါင်းအုံးမီးပူတိုက်တယ်ပေါ့ ဆရာရယ်"

ဦးလေးထွန်းသုံးသွားသော ခေါင်းအုံးမီးပူဆိုသည့် အသုံးကလေးကို ကိုချစ်မွေး သဘောကျစွာ ရယ်လိုက်မိသည်။ ဟုတ်ပေသားပဲ။

ရွှေမြို့တော်ကြီးမှ ပြောင်းလာခါစ၊ မီးမမှန် လေမမှန်ကြား မီးပူတိုက် ဝတ်ဖို့အရေး စိတ်ရှုပ်ထွေး လေးလံခဲ့ရသမျှ အကြောင်းကိစ္စတစ်ရပ်သည် ဦးလေးထွန်းဖြေရှင်းပြလိုက်တော့လည်း နည်းလမ်းက အလွယ်ကလေးပင်ဖြစ်သည်။

ကိုချစ်မွေးအဖို့ လုပ်ငန်းခွင်စဝင်ပါပြီဆိုကတည်းက နွားများချည်တိုင်ကမခွာသလို ရွှေမြို့တော်ကြီးနှင့် မနီးမဝေးမှာသာ ဝိုင်းကြီးပတ်ပတ် ကျင်လည်ခဲ့ရသည်။ မီးအသင့် ရေအသင့်အားဖြင့် အထိုက်အလျောက်ထက် ပိုသာသော လူနေမှုအဆင့်အတန်းကို ရရှိခံစားခဲ့ရသည်။ ယခုတစ်ကြိမ်သည် အဝေးဆုံးအားဖြင့် နယ်ထွက်ခဲ့ရသည်။ လုပ်သက်ရင့် ဝန်ထမ်းကြီးများအဆိုအားဖြင့် ယခုကိုချစ်မွေး တာဝန်ကျနေသော နေရာသည် ဘီကလပ်အဆင့်လောက် ရှိသည်။ သည့်နောက် သည့်နောက်မှာဖြင့် စီကလပ်၊ ဒီကလပ်၊ အီးကလပ် အဲဆက်သွားလျှင် သွားနိုင်သလောက် ရှိသေးသည်ဟု ဆိုကြသည်။

ကိုချစ်မွေးလည်း အခုမှ မိမိကိုယ်ကိုယ် ပီပီပြင်ပြင် ပြန်သုံးသပ်နိုင်တော့သည်။ အစစအရာရာ အသင့်အနေအထားကို ကျောထောက်နောက်ခံပြု၍ စိတ်ကူးရှိသမျှ မောင်းတင်ပြင်ဆင်နိုင်ခဲ့သော မိမိသည် အနည်းငယ်မျှသော အခြေအနေကလေးတစ်ခု လစ်ဟာချို့ယွင်းသွားသဖြင့် ရှေ့မဆက်နိုင်ဘဲ တစ်ဆို့ဆို့ကြီး ဖြစ်နေရပါသည်။

ဦးလေးထွန်းတို့ကျ ရှင်းသည်။နေရာတိုင်း အချိန်တိုင်းလိုလို လစ်ဟာချို့ယွင်းမှုများနှင့် အသားကျရှင်သန်လာရသူဖြစ်သဖြင့် ဘယ်လိုနည်းလမ်းနဲ့ ဖြေရှင်းကျော်ဖြတ်လို့ရမလဲဆိုသည်ကို သူတို့ဦးနှောက်များက အလိုလို တွက်ချက်ပြီး ဖြစ်နေကြဟန်တူသည်။

သူတို့ဘဝထဲမှ ပြဿနာရပ်တော်တော်များများကိုလည်း ခေါင်းအုံးမီးပူနည်းလမ်းများဖြင့် ဖြေရှင်းခဲ့ပြီး ဖြေရှင်းနေကြဆဲ ဖြစ်ပေလိမ့်မည်။

(၄)

ကိုချစ်မွေး ရုတ်တရက် အိပ်ရာက လန့်နိုးလာသည်။ ထုံးစံအတိုင်း မီးပျက်နေသဖြင့် အခန်းလေးထဲတွင် အမှောင်ထုက မဟူရာရောင်လိမ်းခြယ်လျက် ငုတ်တုတ်လာထိုင်နေသည်။ ဖယောင်းတိုင်မီးထွန်းပြီး ကိုချစ်မွေး ရေတစ်ခွက် ထသောက်သည်။ ပြီးမှ ပြန်အိပ်ဖို့ ကြိုးစားသည်။ မအောင်မြင်။ သူ့ခေါင်းအုံးအောက်တွင် တစ်ခုခု ခံနေပုံရသည်။ အိစက်ညက်ညောမှု မရှိ။ ခိုးလိုးခုလု။ ဩော်... ယခုမှ သတိရသည်။ မနက်ဖြန်ဝတ်မည့် ယူနီဖောင်းကို ခေါင်းအုံးအောက်မှာ ခေါက်ထည့်ထားခြင်းဖြစ်သည်။

ခေါင်းအုံးမီးပူနည်းလမ်းသည် ဘေးထွက်ဆိုးကျိုး ရှိ မရှိကို ကိုချစ်မွေး မသိ။ မေးခွန်းတစ်ခုက ခေါင်းထဲ အလိုလို ရောက်လာသည်။ ဦးလေးထွန်းတို့ရော သူ့လို လန့်နိုးကြသေးသလား။

# ပြည်ရွာသာဖို့ တွေးကြစို့

\- ဘုရားစေတီ ကျောင်းဇရပ်နဲ့
မေတ္တာလွှမ်းပတ် တို့ကျေးရွာ၊
ရာသီပွဲတော် ကျင်းပလို့
မြူးကြသူငါ၊
အရိုးခံစိတ်နဲ့ ပျူငှာစွာ
လူတကာ ဖိတ်ခေါ်ကြ၊
တစ်မြေတည်းနေ ညီနောင်ချင်း
ရိုင်းပင်းဖေးမ။

\- ဝိဝါဒတွေ ကွဲကြတော့
တွဲခဲ့သမျှ လက်တစ်စုံ၊
အချိန်မတန် အခါမရောက်ဘဲ
ပြတ်တောက်လို့ကုန်၊
မေတ္တာအဟုန်
အငုံ့မျှနှင့် ကြွေကျသွား၊
မောင်နှမရယ် ဆွေအမျိုးလည်း
ငြိုးမာန်စည်းခြား။

\- အမှန်ကို အမှန်မသိ
အမှားမရှိ စိတ်ကြီးဝင်၊
ငါစွဲကို သူမသတ်
သူ့ဇာတ်သူဆင်၊
သူပြောသမျှ ထာဝစဉ်
အမှန်ပင် ဈာန်ကိုသွင်း၊
သူမတည့်သော် အမုန်းစွဲလို့
အပြုံးလွဲကာ သူရန်ပြု
လူ့စိတ်ကကင်း။

\- အမှားကို အမှန်သိလို့
မြတ်ကဝိ ပုံပမာ
ပြင်ဆင်ကြပါ၊
အတ္တအညစ် စွန့်ပစ်ကာ
ချစ်မေတ္တာ လက်ဆင့်ကမ်း၊
တို့ဝန်းကျင် သာယာရေး
တို့တိုင်းပြည် အေးချမ်းရေး
ကွယ်တို့ရေ...
တွေးလို့ကြိုးပမ်း။ ။

စိုင်းနေဝန်း(ဟုမ္မလင်း)

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတော်ကို ချစ်သည်၊ မြတ်နိုးသည်၊ ကာကွယ်နေမည်

ဘုန်းမောင်ဝင်း(ဗျာပုံ)

မိဘတို့သည် မိမိတို့ရင်သွေး မွေးဖွားလာသည့်အခါ ရင်နှင့်အမျှချစ်ကြသည်။ ထိုရင်သွေးကလေး ကောင်းမွန်စွာကြီးပြင်းလာရေးအတွက် ယုယုယယနှင့်ပြုစုစောင့်ရှောက်ကြရသည်။ အရွယ်ရောက်လာသည့်အခါ ပညာသင်ကြားပေးကြရသည်။ ပညာတတ်ကြီးဖြစ်၍ လောကအလယ် မျက်နှာမငယ်စေရန် အရာရာကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ ဤသည်မှာ မိဘတိုင်း၏ တာဝန်ဝတ္တရားဖြစ်သည်။ ထို့အတူ သားသမီးများကြီးပြင်းလာသည့်အခါ မိဘများကို ပြန်လည်စောင့်ရှောက်ပေးကြရမည်မှာလည်း သားသမီးတို့၏ တာဝန်ဝတ္တရားဖြစ်သည်။ ဤသို့ဖြင့် လူသားတို့လောကကြီးသည် စဉ်ဆက်မပြတ်လည်ပတ်နေကြရသည်။

အလားတူ အဆိုပါလူသားတို့နေထိုင်ရေးကို ကမ္ဘာမြေကြီးက ခွင့်ပြုပေးသည်။ အနေကြာလာသောအခါ ပိုင်နက်နယ်မြေများ ပေါ်ပေါက်လာကာ နိုင်ငံများ ဖြစ်ထွန်းလာခဲ့သည်။ မိမိတို့ပိုင်ဆိုင်သောမြေကိုလည်း စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ကြရသည်။ ထိုသို့ ထိန်းသိမ်းစောင့်ရှောက်ရန်မှာ ထိုနိုင်ငံအတွင်း နေထိုင်ကြသူများ၏ တာဝန်ဖြစ်သည်။ နေထိုင်ကြသူအစဉ်အဆက်က ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ခဲ့ကြ၍လည်း ယနေ့ကမ္ဘာတွင် နိုင်ငံအမည်၊ လူမျိုးအမည်များ တည်ရှိနေခြင်းဖြစ်သည်။ ရှေးအစဉ်အဆက်က နိုင်ငံတော်ကာကွယ်ရေးကို အလေးမထားခဲ့လျှင် ထိုသို့တည်ရှိနေမည်မဟုတ်သည်မှာ သေချာလှပေသည်။

ကမ္ဘာပေါ်တွင် လူမျိုးရှိလျှင် နိုင်ငံရှိရန်လိုအပ်သည်။ နိုင်ငံနှင့်လူမျိုးရှိလျှင် ထိုနိုင်ငံနှင့်လူမျိုးသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ရန် အမှန်တကယ်လိုအပ်သည်။ လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်ရုံနှင့်မပြီးသေးပါ။ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် ပညာရေးများ တိုးတက်နေရန်လိုပေသည်။ ထို့ပြင် အခြားသော နိုင်ငံတစ်နိုင်ငံ၏ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မိမိ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေခြင်းမှ ကင်းဝေးရမည်ဖြစ်သည်။

ထိုသို့ဖြစ်နေစေရန်အတွက် လိုအပ်သော အကြောင်းအချက်များစွာရှိရာတွင် နိုင်ငံတော်ကာကွယ်ရေးအင်အား တောင့်တင်းခိုင်မာရေးသည်လည်း အချက်အလက်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် ကာကွယ်ရေးအင်အား တောင့်တင်းရန်အတွက် တပ်မတော်တစ်ရပ်ကို ထူထောင်ထားပြီးဖြစ်သည်။ တပ်မတော်သည် မြန်မာနိုင်ငံ ကျွန်ဖြစ်နေရစဉ် အင်္ဂလိပ်ကိုလည်းကောင်း၊ ဂျပန်ကိုလည်းကောင်း ပြည်သူလူထုနှင့် လက်တွဲ၍ လွတ်လပ်ရေးရရှိအောင် တော်လှန်တိုက်ခိုက်ခဲ့သော အစဉ်အလာကောင်းရှိသည်။ ထို့ပြင် ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရရှိသောအခါ မြန်မာနိုင်ငံတွင် ရောင်စုံသူပုန်များ ပုန်ကန်ထကြွလျက် မြို့ရွာများကို သူပုန်တို့သိမ်းပိုက်ထားသဖြင့် မြန်မာအစိုးရကို ရန်ကုန်အစိုးရဟု အချို့သောနိုင်ငံခြားတိုင်းပြည်များက ပြက်ရယ်ပြုအခေါ်ခံရသည်။ ထိုအချိန်တွင် တပ်မတော်သည် ပြည်တွင်း၊ ပြည်ပသူပုန်များ၊ ရန်သူများကိုပြိုပျက်သွားအောင်၊ ငြိမ်ဝပ်ပိပြားသွားအောင် နှိမ်နင်းနိုင်ခဲ့သည်။ နောက်ဆုံးတွင် ပြည်ထောင်စုပြိုကွဲခြင်းမရှိအောင် တပ်မတော်က ထိန်းချုပ်နိုင်ခဲ့သည်။

ဤသို့သော အစဉ်အလာကောင်း၊ သမိုင်းကောင်းများစွာရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသူများသည် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်ဟူသော စိတ်ဓာတ်ဖြင့် ရဲဝံ့စွန့်စားစွာ နိုင်ငံနှင့် လူမျိုးကို ကောင်းကျိုးပြုနိုင်ခဲ့ကြသည်။ ထိုအစဉ်အလာနှင့်စိတ်ဓာတ်ကောင်းများကို မျိုးဆက်သစ်အဆက်ဆက်တို့ စံနမူနာယူကြရမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံအတွင်းမွေးဖွားလာသူတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်။ မိမိတို့နိုင်ငံကို မိမိတို့လက်ထက်တွင်လည်း ကာကွယ်နိုင်ရမည်ဟူသောစိတ်ကို ပိုင်းဖြတ်ထားရမည်ဖြစ်သည်။ နှမ်းတစ်စေ့နှင့် ဆီမဖြစ်နိုင်သော်လည်း နှမ်းစေ့ပေါင်းများစွာကို စုပေါင်း၍ ကြိတ်လိုက်သောအခါ ဆီဖြစ်လာခဲ့သည်။

**❖မြန်မာနိုင်ငံအတွင်း မွေးဖွားလာသည့်လူငယ်တိုင်း တစ်ဦးတစ်ယောက်မကျန် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ထားပြီး ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြမည်ဆိုပါက အနာဂတ်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် ပူပင်မှုရှိရန် လိုအပ်တော့မည်မဟုတ်ပေ။ နိုင်ငံနှင့် ပြည်သူအတွက် အန္တရာယ် တစ်စုံတစ်ရာကျရောက်လာမည်ဆိုပါက အချိန်နှင့်တစ်ပြေးညီ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ ဤတာဝန်သည် မျိုးဆက်သစ်အဆက်ဆက်တို့ ထမ်းဆောင်ရမည့်တာဝန်ဖြစ်သည်။❖**

ဆိုလိုချင်သည်မှာ မိမိတို့တစ်ဦးချင်းစီက နိုင်ငံတော်ကို ကာကွယ်မည်ဟူသော စိတ်ဓာတ်ထားရှိကြလျှင် လူငယ်ပေါင်းများစွာ စုစည်းမိကြသောအခါ ကာကွယ်ရေးအင်အားစုကြီး ဖြစ်လာပေလိမ့်မည်။ ထိုသို့မဟုတ်ဘဲ ငါတစ်ယောက်တည်း ရှောင်နေလိုက်မည်၊ ငါတစ်ယောက်မပါရုံနှင့် နိုင်ငံတော်ကာကွယ်ရေးအင်အားကို ထိခိုက်မည်မဟုတ်ဟူသော အတွေးအမြင်မျိုးထားရှိပါလျှင် နိုင်ငံတော်ကာကွယ်ရေး အင်အားစုကြီးဖြစ်လာရန် ခဲယဉ်းပေလိမ့်မည်။ ငါပေါင်းများစွာက သက်သာသလို ရှောင်ခိုအချောင်နေချင်သည့် စိတ်ဓာတ်များဖြစ်ပေါ်လာလျှင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာသည် အချိန်တိုတိုအတွင်း ဆုံးရှုံးသွားနိုင်ပေသည်။

ဤနေရာတွင် စာရေးဆရာ နန္ဒာသိန်းဇံဟော ပြောခဲ့သည့် ဖြစ်ရပ်တစ်ခုကို ပြောပြချင်ပါသည်။ "တစ်ခါတုန်းက ရွာတစ်ရွာမှာ သူကြီးက ရွာသူရွာသားတွေကိုစုဝေးစေပြီး ပျော်ပွဲရွှင်ပွဲတစ်ခုကျင်းပဖို့ ရက်သတ်မှတ်ပေးခဲ့ပါတယ်။ အဲဒီနေ့ကျရင် ရွာသားတွေ မပျက်မကွက်တက်ရောက်ကြဖို့နဲ့ တစ်အိမ်ကို ထန်းရည်တစ်အိုးစီယူလာကြဖို့ မှာကြားပါတယ်။ ယူလာတဲ့ထန်းရည်တွေကို ရာဝင်အိုးထဲမှာစုထည့်ထားမယ်။ ပျော်ပွဲရွှင်ပွဲပြီးတာနဲ့ နောက်ဆုံးအစီအစဉ်အဖြစ် ထန်းရည်သောက်ကြမယ်"ဟု ရွာလူကြီးက အစည်းအဝေးမှာ ဆုံးဖြတ်ပြောကြားခဲ့သည်။

သတ်မှတ်ရက်နီးကပ်လာသော်လည်း ရွာသားတစ်ဦးမှာ ကိုယ်ပိုင်ထန်းပင်မရှိသည့်အတွက် ထန်းရည်ရရှိရန် ခက်ခဲလျက်ရှိသည်။ သို့ဖြင့် သူ့ဇနီးကို တိုင်ပင်သည်။ ဝယ်ယူရန်အတွက် ငွေကြေးကလည်း အဆင်မပြေရှိနေသည်။ ထို့ကြောင့် ဇနီးဖြစ်သူက အကြံပေးသည်။ ထန်းရည်အိုးထဲကို ရေထည့်ယူသွားပြီး ခပ်တည်တည်နှင့် သတ်မှတ်ထားသည့် ရာဝင်အိုးကြီးထဲသို့ လောင်းထည့်ရန်အကြံပေးသည်။ ယောကျ်ားဖြစ်သူကလည်း မိန်းမအကြံအတိုင်း ရေခပ်ယူသွားပြီး ထည့်ထားလိုက်သည်။ ပျော်ပွဲရွှင်ပွဲပြီး၍ ထန်းရည်သောက်ကြသည့်အခါ အဆိုပါအိုးကြီးထဲတွင် ထန်းရည်အစား ရေချည်းဖြစ်နေသည်။ ထိုအခါမှ"ဩော်... ငါ့လိုလူတွေ အများကြီးပါလား"ဟူ၍ တွေးမိသည်။

မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြု ကျင့်သုံးလျက်ရှိသည်။ သတ်မှတ်ထားသော အသက်အရွယ်ရှိသည့် လူငယ်တိုင်း ပြည်သူ့စစ်မှုထမ်းသင်တန်း တက်ရောက်ကာ သတ်မှတ်ထားသည့် နှစ်အပိုင်းအခြားအတိုင်း တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းကိုရှောင်လွှဲရန် လူငယ်များ များလာမည်ဆိုပါက ထန်းရည်အရသာရှိတော့မည် မဟုတ်သကဲ့သို့ ကာကွယ်ရေးအင်အား၏ အရသာလည်း ပျက်စီးသွားနိုင်သည်။ ခိုင်မာတောင့်တင်းသော ကာကွယ်ရေးအင်အား ရှိသေခံ့ညားလောက်သည့်ကာကွယ်ရေးအင်အားရှိနေရန်လိုအပ်သည်။ သို့မှသာ မြန်မာနိုင်ငံသည် ကမ္ဘာတည်သရွေ့တည်တံ့နေပေလိမ့်မည်။

မြန်မာလူငယ်တို့သည် သမိုင်းအစဉ်အဆက် နိုင်ငံကို ချစ်ကြသူများဖြစ်သည်။ တက်ကြွသည်။ ရဲရင့်သည်။ နိုင်ငံနှင့်လူမျိုးကိုထိလျှင် မချိအောင်နာတတ်ကြသည်။ ထို့ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)စတင်ဖွဲ့စည်းချိန်တွင် သူ့ထက်ငါအလုအယက်စာရင်းပေးသွင်းကာ တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ထိုစဉ်က အင်အားငါးသောင်းကျော်ရှိခဲ့သည့်အတွက် ဂျပန်တို့စိုးရိမ်ကာ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)မှ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)အဖြစ်သို့ အင်အားများစွာလျှော့ချဖွဲ့စည်းစေခဲ့သည်။ ဤသည်မှာ မြန်မာလူငယ်တို့၏ စိတ်ဓာတ်အမှန်ဖြစ်သည်။

ယနေ့အချိန်အခါတွင်လည်း မြန်မာလူငယ်များစွာတို့သည် ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တက်ကြွရွှင်လန်းစွာ တက်ရောက်လျက်ရှိနေကြသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၉)သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးနေသကဲ့သို့ လူငယ်များလည်း ကိုယ့်တာဝန်ကိုယ် ကျေပွန်စွာ လိုက်ပါလုပ်ဆောင်လျက်ရှိကြသည်။ လူငယ်ဘဝတွင်သာ တာဝန်ထမ်းဆောင်ခွင့်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် အမှန်တကယ်တော့ အလွန်ပင် ဂုဏ်ယူဖွယ်ကောင်းလှသည့် တာဝန်ထမ်းဆောင်ခြင်းဖြစ်သည်။

တပ်မတော်သားဆိုသည်မှာ လူတိုင်းမလုပ်ဆောင်နိုင်သည့်အလုပ်ဖြစ်သည်။ ထမ်းဆောင်ချင်တိုင်းလည်း ထမ်းဆောင်ခွင့်ရရှိသည်မျိုးမဟုတ်ပေ။ ကျန်းမာရေးကောင်းမွန်ခြင်းတွင် ဆေးအဆင့်(က)ရှိနေရမည်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း သတ်မှတ်ထားသည့် ပံ့ပိုးမှုအားလုံးကို ပြည့်ဝစွာပံ့ပိုးပေးထားသည်။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရသူများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများကိုယ်တိုင် ငွေကြေးမှအစ လိုလေသေးမရှိအောင် ပံ့ပိုးကူညီပေးလျက်ရှိသည်။ "လူငယ်တွေတာဝန်ကျေပွန်အောင် ထမ်းဆောင်ကြပါ။ ငါတို့လူကြီးတွေက လိုအပ်တာကိုကူညီပံ့ပိုးပေးပါ့မယ်" ဆိုသည့်အလား လူကြီးများအပိုင်းက တာဝန်ကျေပွန်လျက်ရှိသည်။ ထိုသို့ ကူညီပံ့ပိုးခြင်း၊ လူငယ်များက တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းသည် အနှစ်ချုပ်ပါက မိမိနိုင်ငံ၊ မိမိလူမျိုးအတွက်သာဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မွေးဖွားလာသည့်လူငယ်တိုင်း တစ်ဦးတစ်ယောက်မကျန် ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်ထားပြီး ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြမည်ဆိုပါက အနာဂတ်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် ပူပင်မှုရှိရန် လိုအပ်တော့မည်မဟုတ်ပေ။ နိုင်ငံနှင့်ပြည်သူအတွက် အန္တရာယ်တစ်စုံတစ်ရာကျရောက်လာမည်ဆိုပါက အချိန်နှင့်တစ်ပြေးညီ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည်။ ဤတာဝန်သည် မျိုးဆက်သစ်အဆက်ဆက်တို့ ထမ်းဆောင်ရမည့်တာဝန်ဖြစ်သည်။ နိုင်ငံတော်၏အနာဂတ်ကို ကြိုတင်မြော်တွေးလျက် မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ထားခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ တပ်မတော်တစ်ရပ်တည်း၏ တာဝန်ဆိုသည်ထက် ပြည်သူတစ်ရပ်လုံးကလည်း လိုက်ပါလုပ်ဆောင်ရမည်ကို သိရှိစေချင်သည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသည့်အတိုင်း အင်အားများစုစည်းထားခြင်းလည်းဖြစ်သည်။ ထိုသို့ အင်အားများစုစည်းထားခြင်းဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုများစွာ အထောက်အကူပြုမည်ဖြစ်သည်။ လူငယ်တစ်ဦးချင်းစီအတွက်လည်း စစ်ပညာသင်ကြားခြင်းနှင့် စစ်မှုထမ်းဆောင်ခြင်းတို့ကြောင့် ကိုယ်ရည်ကိုယ်သွေးများမြင့်မားလာမည်ဖြစ်သည်။

သာမန်အရပ်သားအဖြစ်မှ စစ်မှုထမ်းသင်တန်းတက်ရောက်ပြီးသူတိုင်းတွင် အရာရာကို စည်းစနစ်ကျနစွာ လုပ်ဆောင်တတ်သည့်အလေ့အကျင့်၊ အချိန်ကိုကောင်းစွာ ခွဲခြားအသုံးပြုတတ်သည့်အလေ့အကျင့်၊ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိလာမည်။ ထိုမှဆက်၍ မိမိနိုင်ငံကိုချစ်သည့်စိတ်၊ အမျိုးဘာသာသာသနာကိုချစ်သည့်စိတ်များ ကိန်းအောင်းကာ ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် အမျိုးသားရေးတာဝန်ကို ပိုမိုထမ်းဆောင်လိုစိတ်များ ဖြစ်ပေါ်နေမည်ဖြစ်သည်။ ထိုမှတစ်ဆင့် တက်ကြွသောလူငယ်များအားလုံး " နိုင်ငံတော်ကို ချစ်သည်၊ မြတ်နိုးသည်၊ ကာကွယ်နေမည်" ဟူသော စိတ်ဓာတ်ကောင်းများ တည်ရှိနေမည်မှာအမှန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မအူပင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမျိုးစုံ ၉၀၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မအူပင် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမျိုးစုံ ၉၀၄၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဆန်းဝင်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံမျိုးစုံ ၁၃၅၇၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဆီထွက်သီးနှံစုံ ၉၀၄၇ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သည့် ဆီထွက်သီးနှံမျိုးစုံ ၉၀၄၇ ဧကတွင်နှမ်း ၂၄ ဧက၊ နေကြာ ၇၀၁၁ ဧက၊ မြေပဲ ၂၀၁၂ ဧက တို့ဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံတွေနဲ့ အခြားဆောင်းသီးနှံတွေကို စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်းနေကြာ အပါအဝင် ဆီထွက်သီးနှံ မျိုးစုံဧက ၉၀၀၀ ကျော်ထိ စိုက် ပျိုးပြီးဖြစ်ပါတယ်။ ဆီထွက်သီးနှံမျိုးစုံတွေ စိုက်ပျိုးဖို့အတွက် မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက မျိုးစေ့ဝယ်ယူတဲ့ လုပ်ငန်းကနေ စိုက်ပျိုးတဲ့ထိ လိုအပ်တဲ့ နည်းပညာတွေကို ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်း ပြောပြသည်။

ဆီထွက်သီးနှံ မျိုးစုံကို အရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းယောင်းမြို့နယ် ဝမ်ဖကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းယောင်း ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် မုန်းလိုက်ကျေးရွာအုပ်စု ဝမ်ဖကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ဇန်နဝါရီ ၂၅ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ဝမ်ဖကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာ၌ အလျား ပေ ၂၀၊ အနံ ပေ ၄၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၂၄ သန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# အသီးအရွက်ကို အရင်စားခြင်းဖြင့်အကျိုးကျေးဇူးဖြစ်စေမည်

ဒေါက်တာကျော်စွာထွန်း(ဆေးဝါးဗေဒ)



အစားအသောက် စားသုံးသည့်ပုံစံက မိမိတို့၏ သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးနိုင်ပြီး သွေးချိုဆီးချိုရောဂါ ဖြစ်ပွားခြင်းကို တားဆီးပေးနိုင်သည့်အပြင် ကိုယ်အလေးချိန် လျှော့ချရာတွင်လည်း အထောက်အကူပေးနိုင်ကြောင်း သုတေသနများက ဖော်ပြထားသည်။ ယခုဆောင်းပါးတွင် ဖော်ပြမည့်နည်းလမ်းသည်အစားအသောက်ကို အထူးတစ်လည်ပြောင်းလဲရန်မလိုဘဲ ကိုယ်အလေးချိန်ကျဆင်းစေနိုင်သည်ဟုဆိုကြသည်။ အစားအသောက်စားသုံးသည့်အခါတွင် ဆန်၊ ဂျုံ စသည့်ကစီဓာတ်ပါသောအရာများဖြင့်ပြုလုပ်ထားသည့် အစားအသောက်များကို အရင်ဆုံးစပြီး စားသုံးခြင်းမပြုဘဲ ကစီဓာတ်မပါသော အသီးအရွက်များကို စပြီးစားသုံးပေးခြင်းသည် သွေးတွင်း သကြားဓာတ်ကို ကျန်းမာသည့်ပမာဏတွင် ထိန်းသိမ်းပေးနိုင်ကြောင်း မကြာသေးခင်က သုတေသီများ လေ့လာချက်တွင် တွေ့ရှိထားသည်။ အထူးသဖြင့် မနက်စာစားချိန်တွင် အသီးအရွက်များကို စပြီးစားပေးပါက တစ်နေ့တာလုံးအတွက် ဆာလောင်မှုကိုဖြစ်စေသည့် ဟော်မုန်းများကို လျှော့ကျစေနိုင်သည်။

ကစီဓာတ်သည် ကိုယ်ခန္ဓာအတွက် လိုအပ်သောအရာများသာဖြစ်ပြီး အဆိုးချည်းဖြစ်စေသည်မဟုတ် ဦးနှောက်နှင့်ကြွက်သားများ အလုပ်လုပ်ရန်လိုအပ်သော စွမ်းအင်ရင်းမြစ်များဖြစ်သည်။ ကစီဓာတ်သည် အစာချေဖျက်ခြင်းနှင့် အဆီထိန်းချုပ်ခြင်းတို့ကို ကူညီပေးသည့် အမျှင်ဓာတ်များကိုလည်း ထောက်ပံ့ပေးသည်။ ကျန်းမာရေးနှင့်မညီသည့် အချို့သော အစားအသောက်များတွင် ကစီဓာတ်များစွာတွေ့ရှိရသော်လည်း ပဲသီးတောင့်နှင့် ပဲစေ့များကဲ့သို့သော ကစီဓာတ်များပြီး ကျန်းမာရေးအတွက် ကောင်းသော အစားအစာများလည်း ရှိကြပါသည်။ ကစီဓာတ်များစွာပါသည့် အစားအသောက်များကို အလွန်အကျွံစားသုံးလျှင် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက်တက်လာစေနိုင်သည်။ ထိုသို့ သွေးတွင်းသကြားဓာတ်မြင့်မားနေသည့် အချိန်များလာသည့်အခါ ကိုယ်ခန္ဓာဆဲလ်များက အင်ဆူလင်ဟော်မုန်းကိုအသုံးပြုပြီး စွမ်းအင်ထုတ်လုပ်သည့်လုပ်ငန်းကို မလုပ်နိုင်ဖြစ်လာတော့သည်။ ထိုအခြေအနေကို အင်ဆူလင်ဟော်မုန်းတုံ့ပြန်မှုနည်းလာခြင်းဟု ခေါ်ဆိုကြပြီး ၎င်းသည် သွေးချိုဆီးချိုရောဂါ၏ လက္ခဏာတစ်ရပ်ဖြစ်သည်။

အသီးအရွက်များကို အရင်စားသုံးလိုက်ပါက အမျှင်ဓာတ်များက အူထဲတွင် ဆန်ခါတစ်ချပ်သဖွယ် လုပ်ဆောင်ပေးပြီး ကစီဓာတ်များ အူနံရံကိုဖြတ်သန်းဝင်ရောက်မှုနည်းပါးအောင် စုပ်ယူထားနိုင်သည်။ ထိုအခါ အစားစားပြီးစအချိန် သွေးတွင်း သကြားဓာတ်ပမာဏ ရုတ်တရက် ထိုးတက်သွားခြင်းကို ထိန်းပေးနိုင်ပြီး ဆဲလ်များ အလုပ်လုပ်ရန် အင်ဆူလင် အနည်းငယ်မျှသာ လိုအပ်သည်။ ထိုသို့အသီးအရွက်များကို အရင်စပြီးစားသုံးသည့်ပုံစံသည် အကြို သွေးချိုဆီးချိုရောဂါနှင့် သွေးတွင်းသကြားဓာတ် လွန်စွာမြင့်မားနေလေ့ရှိသည့် သွေးချိုဆီးချိုရောဂါ လူနာများအတွက် လွန်စွာအသုံးဝင်သည်။

သို့သော် ထိုသို့စားသုံးခြင်းသည် ပုံမှန်လူများတွင်လည်း အကျိုးကျေးဇူးများ ဖြစ်ထွန်းစေသည်။ လေ့လာမှုတစ်ခုတွင် ကျန်းမာရေးကောင်းသူများသည်လည်း အသီးအရွက်များကို အရင်စားသုံးပြီး ထမင်းကို နောက်ဆုံးမှစားသုံးပါက ထမင်းကို အရင်စစားသူများမှာထက် သွေးတွင်းသကြားဓာတ် ပမာဏမြင့်တက်မှု သိသိသာသာလျော့ပါးသွားကြောင်း တွေ့ရှိခဲ့ရသည်။ စာဖတ်သူက အသီးအရွက်များကို ကျန်သည့်အစားအစာများထက် အရင်စပြီး စားသုံးတတ်သူဖြစ်ပါက ထမင်း၊ ဂျုံဖြင့်ပြုလုပ်သော မုန့်များကို အရင်စစားသူများမှာထက် စားသုံးနေချိန်အတွင်း အသီးအရွက်များကို ပိုမိုစားသုံးချင်စိတ်ဖြစ်ပေါ်လေ့ရှိသည်။ ထိုသို့စားသောက်ပုံအလေ့အထ ပြောင်းလဲသွားခြင်းက အာဟာရပြည့်ဝသည့်အစာများ စားချင်စိတ်ကိုဖြစ်ပေါ်စေသည်။

**ဘယ်လိုစားကြမလဲ**

ကစီဓာတ်ဖြစ်သည့် ထမင်း၊ ဂျုံဖြင့်ပြုလုပ်သော မုန့်များမစားမီ ၁၀ မိနစ်ခန့်ကြိုတင်၍ အသီးအရွက်တစ်ခုခုကို စားပေးသင့်ကြောင်း အချို့ဆေးပညာရှင်များက အကြံပေးကြသည်။ သို့သော် အသီးအရွက်စားပြီးလျှင်ပြီးချင်း ကစီဓာတ်ပါသည့် အခြားအစားအသောက်များကို ဆက်တိုက်စားလျှင်လည်း အဆင်ပြေသည်။ သွေးတွင်းသကြားဓာတ် ပုံမှန်ဖြစ်စေရန် အသီးအရွက်တစ်မျိုးတည်းစတင်ပြီး မဖြစ်မနေ စားရန်လည်း မလိုအပ်လှပါ။ အသီးအရွက်နှင့် အသားဓာတ်ဖြစ်သည့် ပရိုတင်းပေါင်းစပ်ထားသော အစားအစာများကို စပြီး စားသုံးခြင်းသည်လည်း အကြိုသွေးချိုဆီးချိုရောဂါရှိသူများ၏ သွေးတွင်းသကြားဓာတ်ကို ၄၆ ရာခိုင်နှုန်းထိ လျော့ပါးစေပြီး အသီးအရွက်တစ်မျိုးတည်း စပြီးစားသူများမှာထက် နည်းနည်းပိုကောင်းနေကြောင်း သုတေသနတစ်ခုက ဖော်ပြသည်။

အခြားသောကောင်းကျိုးတစ်ခုမှာ အသီးအရွက်နှင့် ပရိုတိန်းများကို စတင်စားသောက်သူများတွင် ဗိုက်ပြည့်သည့်ခံစားမှုကို သုံးနာရီကြာမျှ ရရှိစေခြင်းဖြစ်သည်။ ထိုသူများတွင် ဆာလောင်မှုကိုဖြစ်စေသည့် ဂရီလင်ဟော်မုန်းပမာဏ နည်းပါးနေလေ့ရှိပြီး ထမင်း၊ ဂျုံဖြင့်ပြုလုပ်သောမုန့် စသည်များကို စတင်စားသုံးသူများတွင် အစားစားပြီး သုံးနာရီကြာပါက ဂရီလင်ဟော်မုန်းများ ရုတ်တရက်မြင့်တက်လာလေ့ရှိသည်။ အသီးအရွက်များ စပြီးစားသုံးခြင်းက အစာအိမ်ထဲမှ အူလမ်းကြောင်းအတွင်းသို့ အစာများရောက်ရှိမှုကို နှေးကွေးစေသည့် GLP-1 ဟော်မုန်းများကိုလည်း မြင့်တက်စေပြီး အင်ဆူလင်ဟော်မုန်းများ၏ အလုပ်လုပ်ပုံကို ကောင်းမွန်စေသည်။ GLP-1 သည် ကိုယ်အလေးချိန်လျှော့ချရာတွင် အလွန်အရေးပါသော ဟော်မုန်းတစ်မျိုးဖြစ်သည်။

အစားအသောက်များစားသောက်သည့် အချိန်သည် မနက်စာစားခြင်းအတွက် ပိုပြီးအရေးပါသည်။ မနက်စာစားချိန်တွင် တစ်ညလုံး ဘာမှမစားထားရသေးသောကြောင့် မနက်ပိုင်းအစာစားပြီးစ အချိန် သွေးတွင်းသကြားဓာတ် သို့မဟုတ် ဂလူးကို့စ်ပမာဏမြင့်တက်မှုမှာ နေ့လည်စာနှင့် ညစာစားပြီးချိန်များမှာထက် ပိုမိုတတ်သည်။ ထို့ကြောင့် မနက်စာစားသည့်အခါ အရွက်သုပ်၊ သစ်သီးများနှင့် အသားတို့ကိုရောနှောကာ ဦးစွာစားသုံးသင့်သည်။ နေ့လည်စာစားပြီးချိန်တွင် သွေးတွင်းဂလူးကို့စ်ပမာဏ အလွန်အမင်းမြင့်တက်လာခြင်းသည် မနက်စာစားပြီးချိန် ဂလူးကို့စ်ပမာဏမြင့်တက်ခြင်းနှင့် တစ်စိတ်တစ်ပိုင်း ဆက်စပ်လျက်ရှိကြောင်းကိုလည်း တွေ့ရှိထားရသဖြင့် မနက်စာစားသည့်အခါ ပန်းကန်ထဲတွင် အသီးအရွက် တစ်ဝက်၊ အသား လေးပုံတစ်ပုံနှင့် ကစီဓာတ်ပါသည့် ထမင်း၊ ဂျုံဖြင့်ပြုလုပ်သောမုန့်တို့က လေးပုံတစ်ပုံ ပါရှိအောင် ထည့်ပြီးစားသုံးသင့်သည်။

**ပရိုတင်းသောက်ပါ**

အသီးအရွက်များကို မစားချင်ပါက လုပ်ဆောင်နိုင်သော အခြားနည်းလမ်းတစ်ရပ်မှာ အသားဓာတ်များသည့် အစာများဖြင့် သွေးတွင်းဂလူးကို့စ်ပမာဏ မြင့်တက်လာမှုကို ထိန်းချုပ်ခြင်းဖြစ်သည်။ ကစီဓာတ်များမစားမီ ပရိုတင်းများသည့် အစားအစာများ စားပေးခြင်းက သွေးတွင်းဂလူးကို့စ်ပမာဏ ရုတ်တရက်မြင့်တက်ခြင်းကို ကာကွယ်ပေးပြီး ဗိုက်ပြည့်စေသည်။ တတ်နိုင်ပါက Whey Protein များကို သောက်ပေးနိုင်သည်။ အစာမစားမီ Whey Protein ၁၅ ဂရမ်သောက်ပေးပါက သွေးတွင်းသကြားဓာတ်ကို ၁၀ ရာခိုင်နှုန်း ပုံမှန်ဖြစ်စေကြောင်း တွေ့ရှိထားသည်။ သကြားဓာတ်ပါဝင်မှုနည်းပါးပြီး အမျှင်ဓာတ်များသည့် စတော်ဘယ်ရီလိုအသီးများကို အစားစားချိန်တိုင်းတွင် ထည့်သွင်းစားသုံးပေးသင့်သည်။ ထိုသို့စားသုံးပေးပါက GLP-1 ဟော်မုန်း မြင့်တက်လာစေပြီး အစာစားချင်စိတ်နည်းပါးကာ ကိုယ်အလေးချိန် လျော့ကျစေသည်။

**အောင်မြင်မှုရအောင် ကြိုတင်ပြင်ဆင်ပါ**

အစာစားသည့်အခါ အသီးအနှံများ၊ ဟင်းသီးဟင်းရွက်များကို စတင်စားသုံးမိဖို့ရန် ကြိုတင်ပြင်ဆင်မှုက အရေးကြီးသည်။ ရေခဲသေတ္တာကို ဖွင့်လျှင်ဖွင့်ချင်း မျက်စိနှင့်တစ်တန်းတည်းတွင် အသီးအရွက်များတွေအောင် ထည့်သွင်းထားပါ။ ရုံးတွင်ထမင်းစားရမည်ဆိုပါက သခွားသီး၊ မုန်လာဥနီ စသည်တို့ပါရှိအောင် ထည့်သွားပါ။ ဝဖြိုးခြင်းဆိုင်ရာဆေးပညာရှင်တစ်ဦးဖြစ်သည့် ကက်သရင်းဆောင်းဒါးကတော့ "ကျန်းမာရေးနဲ့ညီညွတ်ပြီး ကိုယ်အလေးချိန်ကျစေတဲ့ အစားအသောက်ဆိုတာ အဲ့သလိုမထင်ရတဲ့ အစားအသောက်မျိုးဖြစ်ဖို့လိုတယ်။ ဒါမှ မိမိရဲ့စားသောက်မှုအလေ့အထကို ကြာရှည်ထိန်းသိမ်းနိုင်ပါလိမ့်မယ်" ဟု အကြံပေးသည်။

သို့သော်လည်း အဝလွန်ခြင်းနှင့် သွေးချိုဆီးချိုရောဂါကို ကုသခြင်းတွင် အစားအသောက်တစ်မျိုးတည်းကသာ အဓိကမဟုတ်ပါ။ ကောင်းမွန်စွာ အိပ်စက်အနားယူခြင်း၊ အစာကို ဖြည်းဖြည်းချင်းစားခြင်း၊ လေကျင့်ခန်းပုံမှန်လုပ်ဆောင်ခြင်း၊ လိုအပ်ပါက ဆရာဝန်ညွှန်ကြားသည့် ဆေးဝါးများကို သောက်သုံးခြင်းတို့လည်း လိုအပ်သည်။ အစားအသောက်စားသုံးမှုပုံစံကို ပြုပြင်ယူခြင်းသည် စားသောက်ပြီးခါစ သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းချုပ်နိုင်ကြောင်းကိုသာ လေ့လာတွေ့ရှိထားကြခြင်းဖြစ်ပြီး ၎င်း၏ကာလရှည်အကျိုးသက်ရောက်မှုများကိုမူ လေ့လာဆဲသာရှိပါသေးသည်။ ထို့ကြောင့် အစာစားသုံးမှု အစဉ်သည် အဝလွန်ခြင်းနှင့် သွေးချိုဆီးချိုရောဂါကုသမှုအတွက် နည်းလမ်းတစ်ရပ်သာဖြစ်သည်ကို သတိမူရပေလိမ့်မည်ဖြစ်သည်။

**❖အသီးအရွက်များကို အရင်စားသုံးလိုက်ပါက အမျှင်ဓာတ်များက အူထဲတွင် ဆန်ခါတစ်ချပ်သဖွယ်လုပ်ဆောင်ပေးပြီး ကစီဓာတ်များ အူနံရံကို ဖြတ်သန်းဝင်ရောက်မှုနည်းပါးအောင် စုပ်ယူထားနိုင်သည်။ ထိုအခါ အစားစားပြီးစအချိန် သွေးတွင်းသကြားဓာတ်ပမာဏ ရုတ်တရက် ထိုးတက်သွားခြင်းကိုထိန်းပေးနိုင်ပြီး ဆဲလ်များ အလုပ်လုပ်ရန် အင်ဆူလင်အနည်းငယ်မျှသာလိုအပ်သည်။ ထိုသို့ အသီးအရွက်များကို အရင်စပြီးစားသုံးသည့်ပုံစံသည် အကြို သွေးချိုဆီးချိုရောဂါနှင့် သွေးတွင်းသကြားဓာတ် လွန်စွာမြင့်မားနေလေ့ရှိသည့် သွေးချိုဆီးချိုရောဂါလူနာများအတွက် လွန်စွာအသုံးဝင်သည်။ ❖**

**ကိုးကား**

- Why every meal should start with a vegetable, Special Time edition

# ဆိုင်ကယ်စီးစဉ် သတိနှင့်ယှဉ်

ပေါက်ပေါက်

မော်တော်ဆိုင်ကယ်များသည် မော်တော်ယာဉ်ထက် ကုန်ကျစရိတ်အလွန်နည်းပါးခြင်း၊ လောင်စာဆီအကုန်အကျ သက်သာပြီးသွားလာရေးလွယ်ကူခြင်း၊ မော်တော်ယာဉ်များကဲ့သို့ ညစ်ညမ်းသည့်ဓာတ်ငွေ့များ ထုတ်လွှတ်မှုနည်းပါးခြင်း၊ မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုမှ ရှောင်ကွင်းနိုင်ခြင်းတို့ကြောင့် မော်တော်ဆိုင်ကယ်ကို ကမ္ဘာတစ်ဝန်း၌ သုံးစွဲမှုကျယ်ပြန့်လျက်ရှိသည်။

သို့သော် ကမ္ဘာတစ်ဝန်း မော်တော်ဆိုင်ကယ်မတော်တဆမှုကြောင့် သေကြေ၊ ဒဏ်ရာရ၊ ဆုံးရှုံးပျက်စီးမှုများမှာ တစ်နေ့ထက်တစ်နေ့ မြင့်တက်နေဆဲဖြစ်သည်။ ကမ္ဘာပေါ်ရှိမော်တော်ဆိုင်ကယ်အားလုံး၏ ၅၈ ရာခိုင်နှုန်းသည် အာရှပစိဖိတ်ဒေသ၊ အာရှတောင်ပိုင်းနှင့် အာရှအရှေ့ကဲ့သို့သောအခြားဒေသများတွင်ဖြစ်သည်။ ၎င်းဒေသများသည် ကမ္ဘာပေါ်၌ မော်တော်ဆိုင်ကယ်အသုံးပြုမှု အများဆုံးနိုင်ငံများဖြစ်ကြသည်။ မော်တော်ဆိုင်ကယ်အစီးရေ ၁၅ သန်းရှိသောထိုင်းနိုင်ငံသည် ကမ္ဘာပေါ်တွင် ဆိုင်ကယ်မတော်တဆမှုကြောင့် သေဆုံးမှုနှုန်းအများဆုံးနိုင်ငံဖြစ်သည်။ ထိုနိုင်ငံတွင် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ယာဉ်မတော်တဆမှုကြောင့် လူဦးရေ ၇၀ သေဆုံးပြီး သေဆုံးသူများ၏ ၇၄ ရာခိုင်နှုန်းမှာဆိုင်ကယ်စီးနင်းသူနှင့် လိုက်ပါစီးနင်းသည့်ခရီးသည်များဖြစ်သည်။

**ဆိုင်ကယ်စီးစဉ် သတိနှင့်ယှဉ်**

စစ်တမ်းများအရ ကမ္ဘာတစ်လွှားရှိလမ်းများပေါ်၌ သွားလာနေသည့် ဆိုင်ကယ်အစီးရေသန်း ၇၇၀ ခန့်ရှိပြီး၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံးရမှုမှာ နှစ်စဉ် ခန့်မှန်းခြေလူ ၁ ဒသမ ၃၅ သန်းရှိကာ၊ သန်း ၅၀ ကျော်မှာ ထိခိုက်ဒဏ်ရာရသူ သို့မဟုတ် မသန်စွမ်းသူများဘဝသို့ ရောက်ရှိနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ မှတ်တမ်းများအရ မော်တော်ဆိုင်ကယ် မတော်တဆဖြစ်မှုကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် လူပေါင်း ၃၈၀၀၀၀ ကျော် သေဆုံးလျက်ရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများရှိသကဲ့သို့ မသန်စွမ်းသူများဘဝသို့ ရောက်ရှိသွားသူများလည်းရှိကြောင်း၊ အထူးသဖြင့် အသက် ၂၅ နှစ်မှ ၂၉ နှစ်ကြားအရွယ်သည် ဆိုင်ကယ်မတော်တဆမှုကြောင့် သေဆုံးသူဦးရေအများဆုံးအသက်အုပ်စုဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတစ်ဝန်း မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မှု၊ ဆိုင်ကယ်အချင်းချင်းတိုက်မှု၊ ဆိုင်ကယ်က လမ်းသွားလမ်းလာများကိုတိုက်မှု စသည့်ဆိုင်ကယ်မတော်တဆဖြစ်မှုများဖြစ်ပေါ်လျက်ရှိသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လမ်းအန္တရာယ်ကင်းရှင်းရေးကိုမြှင့်တင်နိုင်ရန် ကြိုးပမ်းနေသော်လည်း ဆိုင်ကယ်မတော်တဆဖြစ်စဉ်ကြောင့် သေဆုံးမှုအရေအတွက်ကိုမလျှော့ချနိုင်သေးပေ။ ယာဉ်တိုက်မှုဖြစ်စဉ်များ၏ထက်ဝက်ခန့်သည် မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားလျက်ရှိသည်။

**မော်တော်ဆိုင်ကယ် မောင်းနှင်သူများအတွက် စည်းကမ်းချက်**

ထင်သာမြင်သာရှိဆုံးဥပမာပြရလျှင် မန္တလေးမြို့သည် ရှေးယခင်ကကဲ့သို့ စက်ဘီးမြို့တော်မဟုတ်တော့ဘဲဆိုင်ကယ်မြို့တော်၊ ကားမြို့တော်ကြီးအဖြစ်မျက်ဝါးထင်ထင် တွေ့မြင်ကြရသည်။ မြို့ကြီး၏ အင်္ဂါရပ်နှင့်အညီအသုံးပြုသည့် စက်တပ်ယာဉ်များပြောင်းလဲသွားခြင်းသည် သဘာဝကျသည်။ သို့သော် လူတချို့က မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် ထုတ်ပြန်ထားသောစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် အားနည်းနေကြသေးသည့်အတွက် စိုးရိမ်မကင်းဖြစ်ရသည်။ သို့ဖြစ်၍ စာရေးသူက ဘေးအန္တရာယ်ကင်းစွာ မော်တော်ဆိုင်ကယ်စီးကြရန်လိုအပ်ခြင်းကြောင့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများအတွက် စည်းကမ်းချက်များအကြောင်းကို အကြံပြုရေးသားလိုသည်။

ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၂၁) ကို ထုတ်ပြန်ထားပြီး၊ စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) မှတ်ပုံတင်ထားသော မော်တော်ဆိုင်ကယ်ကိုသာ မောင်းနှင်ရမည်။

( ခ ) သတ်မှတ်ယာဉ်မောင်းလိုင်စင်ပါရှိရမည်။

( ဂ ) မော်တော်ဆိုင်ကယ်၏ လက်ကိုင်ကို



လက်နှစ်ဖက်ဖြင့်ကိုင်၍ မောင်းနှင်ရမည်။

(ဃ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏နောက်တွင် လူစီးထိုင်ခုံမပါလျှင် လူပိုမတင်ရ။ လူစီးထိုင်ခုံပါရှိလျှင် တစ်ဦးထက် ပိုမထိုင်ရ။ နောက်ထိုင်ခုံတွင် လိုက်ပါသူသည် မော်တော်ဆိုင်ကယ်ကိုခွစီး၍ ရှေ့သို့မျက်နှာမူလျက် ခြေထောက်ကိုမော်တော်ဆိုင်ကယ်၏ တစ်ဖက်တစ်ချက်ရှိ ခြေနင်းခုံပေါ်တွင် တင်၍စီးရမည်။ ခြေနင်းခုံပေါ်တွင် ခြေတင်စီးရန်မမီသူကို တင်၍မစီးရ။ မော်တော်ဆိုင်ကယ်စီးသူ၏ရှေ့တွင် မည်သူ့ကို မျှမတင်ရ။

( င ) မော်တော်ဆိုင်ကယ်၏နောက်တွင် ပစ္စည်းများတင်ပါက ထိုပစ္စည်းသည်နောက်ထိုင်ခုံ၏ ဘေးတစ်ဖက်တစ်ချက်မှ ခြောက်လက်မ (၁၅ စင်တီမီတာ) ထက်ပို၍လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ နောက်ဘီးတာယာအစွန်းမှ တစ်ပေ(၃၁ စင်တီမီတာ) ထက်ပို၍ လည်းကောင်း အစွန်းထွက်ခြင်းမရှိစေရ။ ထိုပစ္စည်း၏အမြင့်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူ၏ ပခုံးထက်မမြင့်စေရ။ တင်ဆောင်သော ပစ္စည်းအလေးချိန်သည် မော်တော်ဆိုင်ကယ်မောင်းနှင်သူက မော်တော်ဆိုင်ကယ်ကို မထိန်းသိမ်းနိုင်လောက်အောင် မလေးစေရ။ အန္တရာယ်ဖြစ်စေနိုင်သည့်ပစ္စည်းများကိုမတင်ရ။

( စ ) မော်တော်ဆိုင်ကယ် မောင်းနှင်သူ၏ရှေ့တွင် မြင်ကွင်းကွယ်နိုင်သည့် မည်သည့်ပစ္စည်းကိုမျှ မတင်ရ။

(ဆ) လမ်းပေါ်တွင် ဖြောင့်တန်းစွာမောင်းနှင်ရမည်။ အခြားမော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များနှင့် ပြိုင်မမောင်းရ။ အုပ်စုဖွဲ့မမောင်းရ။ အခြားယာဉ်မောင်းနှင်သူများအနှောင့်အယှက် ဖြစ်စေလောက်အောင် မမောင်းရ။

( ဇ ) မော်တော်ဆိုင်ကယ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူသည် သတ်မှတ်ထားသောစံချိန်စံညွှန်းနှင့် ကိုက်ညီသည့် အသက်အန္တရာယ်ကာကွယ်နိုင်စွမ်း မြင့်မားသောမော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်ဆင်၍ ဆောင်းထားရမည်။

( ဈ ) မော်တော်ဆိုင်ကယ်မောင်းနှင်သူ၊ လိုက်ပါစီးနင်းသူ၏ အဝတ်အစားများသည် ပျံ့လွင့်နေခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်းမရှိစေရ။

(ည) မော်တော်ဆိုင်ကယ်၏ စက်သံကိုဆူညံအောင်မြင့်၍ မမောင်းရ။ အသံထိန်းကိရိယာဖြုတ်၍ မမောင်းရ။ ဆူညံသံဖြစ်ပေါ်စေသည့်ကိရိယာမတပ်ဆင်ရ။

( ဋ ) မော်တော်ဆိုင်ကယ်ကို အန္တရာယ်ဖြစ်စေလောက်အောင် အရှိန်ပြင်းစွာမောင်းနှင်ခြင်းမပြုရ။

( ဌ ) ရှေ့မှမော်တော်ယာဉ်နှင့် အန္တရာယ်ကင်းနိုင်သည့်အကွာအဝေးမှ မောင်းနှင်ရမည်။

( ဍ ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရ။ နားကြပ်အသုံးမပြုရ။

( ဎ ) မော်တော်ဆိုင်ကယ်မောင်းနှင်နေစဉ် ထီးမဆောင်းရ။ အမိုးတပ်ဆင်ခြင်းမပြုရ။

(ဏ) မော်တော်ဆိုင်ကယ်ကို လမ်းလယ်မှ မမောင်းနှင်ရ။ လက်ယာဘက်ကပ်၍ မောင်းနှင်ရမည်။ သီးသန့်သတ်မှတ်ထားသော မော်တော်ဆိုင်ကယ်မောင်းနှင်ရန် လမ်းရှိပါကအဆိုပါလမ်းမှ မောင်းနှင်ရမည်။

(တ) ရှေ့မီးအနိမ့်ကိုနေ့၊ည အချိန်တိုင်းတွင်လည်းကောင်း၊ ရှေ့မီးကြီးကို ညအခါ၌လည်းကောင်းဖွင့်၍ မောင်းနှင်ရမည်။ မော်တော်ဆိုင်ကယ်ရှေ့မီးများတွင် နည်းပညာအသုံးပြုထားမှုကြောင့် မီးပြင်းအားသည် အခြားမော်တော်ယာဉ်မောင်းနှင်သူ၏မြင်ကွင်းကို အနှောင့်အယှက်မဖြစ်စေရ။

(ထ) မော်တော်ဆိုင်ကယ်ပေါ်တွင် တိရစ္ဆာန်တင်ဆောင်မောင်းနှင်ခြင်းမပြုရ။

( ဒ ) သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရမည်။

( ဓ ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများသုံးစွဲ၍သော်လည်းကောင်း၊ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ဆိုင်ကယ်ကိုမောင်းနှင်ခြင်းမပြုရ။

**ဆိုင်ကယ်စီးဦးထုပ် အရေးပါပုံ။**

သာဓကအနေနှင့်ပြရလျှင် အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုများဖြစ်ပွားမှုကြောင့် လူပေါင်း ၁၈၀၀၀၀ ခန့် သေဆုံးခဲ့ရာ၎င်းတို့အနက် သေဆုံးသူ ၃၀၀၀၀ သည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်းမရှိသည့် ဆိုင်ကယ်စီးနင်းသူများဖြစ်ကြောင်း၊ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးသူများ၏ ၆၆ ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်မှ ၃၄ နှစ်အတွင်း အရွယ်ရှိသူများဖြစ်ကြောင်း၊ အဆိုပါ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးခဲ့ရသူများအနက် ၁၀၀၀၀ ခန့်မှာ ကျောင်းသားများဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သုတေသနရလဒ်များအရ ဆိုင်ကယ်စီးဦးထုပ်ကို မှန်ကန်စွာအသုံးပြုခြင်းသည် မတော်တဆမှုကြောင့် သေဆုံးနိုင်ခြေ ခြောက်ဆနှင့်အထက် လျှော့ချနိုင်ပြီး ဦးနှောက်ထိခိုက်နိုင်ခြေကို ၇၄ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်ဟု WHO က ဆိုသည်။ ဆိုင်ကယ်မတော်တဆဖြစ်စဉ်ကြောင့် သေဆုံးရမှု အရေအတွက်ကိုလျှော့ချရာတွင် အရည်အသွေးပြည့်ဝသည့် ဆိုင်ကယ်စီးဦးထုပ်ကို အသုံးပြုခြင်းသည် အရေးပါသည့်အချက်ဖြစ်သည်။ စီးနင်းနေစဉ် ဆိုင်ကယ်ဦးထုပ် တပ်ဆင်ထားခြင်းသည် မတော်တဆမှုကြောင့် အသက်ဆုံးရှုံးနေမှုကိုသိသာထင်ရှားစွာ လျှော့ကျလာစေမည်ဖြစ်သည်။

နိုင်ငံတကာသုတေသီများ၏ သုတေသနရလဒ်များအရ-

- မော်တော်ဆိုင်ကယ်စီး ဦးထုပ်မဆောင်းခြင်းသည် ဦးထုပ်ဆောင်းသူများထက် ဒဏ်ရာရမှု ၂ ဒသမ ၀၄၄ ဆ နှင့်သေဆုံးမှု ၃ ဒသမ ၆၅၃ ဆ ပိုမိုနေကြောင်း၊
- ဆိုင်ကယ်စီး ဦးထုပ်မဆောင်းခြင်းသည် မေးသိုင်းကြိုးတပ်ပြီး ဦးထုပ်ဆောင်းခြင်းထက် ဒဏ်ရာရမှု ခြောက်ဆ၊ သေဆုံးမှုငါးဆပိုမိုဖြစ်စေနိုင်ကြောင်း၊
- ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ ယာဉ်မတော်တဆမှုဖြစ်လျှင် ဦးခေါင်းထိခိုက်ဒဏ်ရာကြောင့်သေဆုံးနိုင်ခြေ လေးဆပိုများကြောင်း၊
- ဆိုင်ကယ်စီး ဦးထုပ်ဆောင်းခြင်းသည် ဆိုင်ကယ်မတော်တဆမှုကြောင့် ဦးခေါင်းထိခိုက် ဒဏ်ရာရမှုကို ၇၀ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်ကြောင်း၊
- ထို့ပြင် ဆိုင်ကယ်စီးနင်းစဉ် အရက်သောက်ထားခြင်း၊ လက်ကိုင်ဖုန်းသုံးစွဲခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အပြည့်အဝလိုက်နာမှုမရှိခြင်းတို့သည်လည်း ဆိုင်ကယ်မတော်တဆဖြစ်မှုကို ပိုမိုမြင့်တက်စေကြောင်း သိရသည်။

အချုပ်ဆိုရလျှင် ယာဉ်စီးရေတိုးပွားလာမှုနှင့် ယာဉ်မတော်တဆမှုသည် တိုက်ရိုက်အချိုးကျသည့် သဘောသဘာဝရှိသည်။ ယာဉ်တိုက်မှုအားလုံးနီးပါး၏အကြောင်းရင်းများတွင် လူကြောင့်ဖြစ်ရသည့် ယာဉ်တိုက်မှုက အများဆုံးဖြစ်သည်။ ထို့ကြောင့် မော်တော်ဆိုင်ကယ် စီးနင်းသူများအနေဖြင့် မောင်းသူနှင့် စီးနင်းသူအားလုံးဆိုင်ကယ်စီးဦးထုပ်များကို မေးသိုင်းကြိုး မြဲမြံစွာတပ်ဆင်၊ ဝတ်ဆင်ပြီးမှ စီးနင်းကြရန်၊ ဦးထုပ်ကိုလည်းအသက်အန္တရာယ် ကိုအမှန်တကယ်ကာကွယ်ပေးနိုင်သည့် အရည်အသွေးမီဆိုင်ကယ်စီးဦးထုပ်များကိုသာ ရွေးချယ်အသုံးပြုကြရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အပြည့်အဝ လေးစားလိုက်နာကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ရွှေဘို ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၇၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၇၂၅ ဧကထိ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ဆောင်းသီးနှံ စိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံ ၁၇၂၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာတော့ ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးခဲ့တဲ့ ဟင်းသီးဟင်းရွက်သီးနှံတွေကတော့ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်းသီး၊ မုန်လာထုပ် စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်သီးနှံ အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ် " ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်သီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်သည့်အပြင် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ဟင်းသီးဟင်းရွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ကြို့ပင်ကောက်မြို့နယ် စစ်ကုန်း(၂)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကြို့ပင်ကောက် ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စစ်ကုန်း(၂) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ စစ်ကုန်း(၂)ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ စစ်ကုန်း(၂)ကျေးရွာ၌ လမ်း အရှည် ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀၁ ဒသမ ၃၈ သိန်း အသုံးပြု၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒီဇင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# လေပြင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နွေအပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

### လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

### လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။




၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ




မိသားစုဘဝ လုံခြုံစိတ်ချဖို့

ကျန်းမာရေးအာမခံ

ထားကြစို့!

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်းတျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## "နိဗ္ဗ"ကုသိုလ်ပြုလိုသူများ လျှောက်ထားနိုင်ပါသည်

မန္တလေးမြို့၊ မဟာမုနိဘုရားကြီးအား နေ့စဉ် နံနက်အရုဏ်တက်ချိန် မျက်နှာသစ်တော်ရေ ကပ်လှူရာတွင် ရေတော်ဆရာတော်ကြီး၏ အထောက်အကူပြု "နိဗ္ဗ" ကုသိုလ်ပြု လျှောက်ထားလိုသူများသည်-

၁။ အသက် ၅၀ နှစ်မှ ၆၅ နှစ်အတွင်း ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
၂။ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူနှင့်တကွ

မဟာမုနိဂေါပကအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း(၁၅-၂-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

### ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၂) စ-၁/၈၈ နေ ကိုအားဆင်း (ဘ) ဦးဟိုချောင်းမြေ(၁၃/တယန(နိုင်)၀၂၇၆၉၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၀၀၄၈၁၀၈

### ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ အကွက်(၅၅၃) အောင်နန်းရှေ့နေ မဆွေဆွေဝင်း (ဘ) ဦးချမ်းတယ်(၁/မညန(နိုင်)၁၀၅၇၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၅၅၀၅၇

### ပျောက်ဆုံးကြောင်း

မဟာအောင်မြေမြို့နယ်၊ အကွက်(၄၂၅)၊ သံ/ရှေ့နေ မဖြူဖြူသင်း (ဘ) ဦးချမ်းတယ်(၁/မညန(နိုင်)၀၈၁၀၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၀၅၅၀၅၇

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ နဂါးရပ်ကွက်နေ၊ ဦးအိုက်တီ၏သား နေသူရိန်ဝင်း (ခ) သူရိန်ဝင်း(၁၃/လရန(နိုင်)၁၆၆၄၁၀)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

နေသူရိန်ဝင်း (ခ) သူရိန်ဝင်း

## ဝန်ထမ်းအလိုရှိသည်

- ခေါင်းလျှော်ကျွမ်းကျင် (၅)သိန်း (၅)ဦး
- အလုပ်သင် (၅)ဦး

**Long Style (09-2053849)**

(၆၆-၆၇၊ ၃၈)လမ်းထောင့်၊ မန္တလေးမြို့

### ပျောက်ဆုံးကြောင်း

ကျောက်မဲမြို့နယ် လယ်ခလေရွာနေ ဒေါ်အဲဝိန် (ဘ) ဦးအိုက်ဟိုင်း(၁၂/ကမန(နိုင်)၀၇၈၄၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-302478)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၅၃၁၄၂၃၅

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထိခိုက်စေဘဲ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန် လိုအပ်...

❖ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြု လုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် ညအပူချိန်များ

(၂၆-၁-၂၀၂၅)

| | | | |
|---|---|---|---|
| ဟားခါး | -၃ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၃ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၄ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၄ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၅ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၇ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |

## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

စာမျက်နှာ- ၂၂

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၆

တနင်္သာရီကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များလိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းသို့ ရောက်ရှိရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ယနေ့တွင် ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းရှိ ဓမ္မကာရာမတပ်ဦးကျောင်း ဆလုံဘိုးဘွားရိပ်သာ၌ အခြေပြု၍ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်ကျေးရွာများမှ

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

